# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 14 January 2021 ၁၀၂၅၇


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

# မူဆယ်မြို့ မန့်ဝိန်းဂိတ်မှတစ်ဆင့် ကုန်တင်ပို့ယာဉ်များ တရုတ်နိုင်ငံဘက်သို့ ဦးစားပေးဝင်ရောက်ခွင့်ပြု



**မူဆယ် ဇန်နဝါရီ ၁၃**

မူဆယ်မြို့ မန့်ဝိန်းဂိတ်မှတစ်ဆင့် ကုန်တင်ပို့ယာဉ်များကို ဇန်နဝါရီ ၁၂ ရက်မှစတင်၍ တရုတ်နိုင်ငံဘက်သို့ ဦးစားပေးအဆင့်ဖြင့် ဇန်နဝါရီ ၁၄ ရက်အထိ ဝင်ရောက်ခွင့်ပြုထားကြောင်း သိရသည်။

မန့်ဝိန်းဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်မှ ကုန်တင်မည့် ခါလီယာဉ်များနှင့် ပို့ကုန်ယာဉ်များကို စနစ်တကျစီစစ်၍ ဝင်ရောက်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

"တရုတ်နိုင်ငံဘက်က အမိန့်ကတောင်းဆိုလာချက်အရ ဇန်နဝါရီ ၁၂ ရက်က စတင်ပြီး ကုန်ပါတဲ့ ပို့ကုန်ယာဉ်တွေကို (၄/၁)ပုံစံနဲ့ ဦးစားပေးတင်သွင်းနေပါတယ်။ (၄/၁)ဆိုတာက ကုန်ပါတဲ့ ပို့ကုန်ယာဉ် လေးစီး ဝင်ရောက်ပြီးမှ ခါလီယာဉ်တစ်စီး ဝင်ရောက်တဲ့ ပုံစံနဲ့ ဆောင်ရွက်နေတာပါ။ တရုတ်နှစ်သစ်ကူးနီးကပ်လာပြီဖြစ်တဲ့အတွက် တရုတ်နိုင်ငံဘက်မှာ ကုန်တင်မယ့် သွင်းကုန်ပစ္စည်းတွေလည်း လက်ရှိမှာ နည်းနည်းရှားနေတယ်လို့ သိရပါတယ်"ဟု မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သည်ကြီးများအသင်းမှ ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

တရုတ်နှစ်သစ်ကူးကာလ အလုပ်ပိတ်ရက်တွင် တရုတ်နိုင်ငံဘက်ရှိ အကောက်ခွန်ဌာနနှင့် ဌာနဆိုင်ရာရုံးများကို နှစ်စဉ် ယာယီပိတ်ထားလေ့ရှိကြောင်းသိရပြီး နှစ်နိုင်ငံကုန်စည်စီးဆင်းမှု ထိခိုက်နစ်နာမှုမရှိစေရန်အတွက် တရုတ်နိုင်ငံဘက်က ကြိုတင်အသိပေးအကြောင်းကြားထားကြောင်း သိရသည်။ ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

## ကြေးမုံ ယနေ့ ဖတ်စရာ


**ကိုဗစ်ကာကွယ်ဆေးရရှိလာနိုင်မှု အခြေအနေအမျိုးမျိုးအပေါ် မူတည်၍ စနစ်တကျ ခွဲဝေထိုးနှံနိုင်ရေး သဏ္ဌာန်တူစားပွဲတင်လေ့ကျင့် ကြိုတင်ပြင်ဆင်**

စာမျက်နှာ » ၄

**မြန်မာ့ရုပ်/သံ မြန်မာ့စံ**

ဆောင်းပါး စာမျက်နှာ » ၆

**ရန်ကုန်တက္ကသိုလ်၏ ရင်သွေး ပညာရှာသူ ဝိုင်းကူပေးကြသူများ**

ဆောင်းပါး စာမျက်နှာ » ၈


# မင်းလှမြို့နယ်၌ (၈၃)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပ

**မင်းလှ ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိန်ပုရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ (၈၃)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ယနေ့နံနက် ၆ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ကရင်အမျိုးသားသီချင်းသီဆိုပြီး ကရင်အမျိုးသားအလံတင်ခြင်းအခမ်းအနားပြုလုပ်သည်။ ဆက်လက်၍ နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံကို အလေးပြုပြီး သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးထံမှ ပေးပို့သော (၈၃)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးသဝဏ်လွှာကို ကရင်တိုင်းရင်းသူ နော်စန္ဒာညွန့်က ဖတ်ကြားတင်ပြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့




KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## မွန်မြတ်သည့်စိတ်ထားခံယူချက်ဖြင့်သာ

"မိမိတို့ပြည်နယ်အတွက် ပညာနှင့်ယှဉ်တွဲသော သတ္တိရှိခြင်း၊ မိမိတို့မျိုးဆက်သစ်များအတွက် မေတ္တာနှင့်ယှဉ်တွဲသော ရဲရင့်ခြင်းသည် မွန်မြတ်သောစိတ်ဓာတ်၊ ထားအပ်သည့် ခံယူချက်၊ မြင့်မြတ်သောတာဝန်များဖြစ်သည်ဟု ရှုမြင်လျက် ပိုမိုငြိမ်းချမ်း၊ ပိုမိုတိုးတက်၊ ပိုမိုကောင်းမွန်သောနှစ်သစ်ကို လက်တွဲပူးပေါင်းဖော်ဆောင်ကြရန်လည်း အလေးအနက်ဖိတ်ခေါ်လိုပါသည်"ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

ယင်းသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပြည်ထောင်စုသားအားလုံး ခံယူရမည့် သဘောတရားဖြစ်သည်။ ယင်းသည် တိုင်းရင်းသားလူမျိုးအသီးသီး မိမိတို့ပြည်နယ်အတွက်၊ မိမိတို့ မျိုးဆက်သစ်များအတွက် ခံယူရမည့်၊ ထားရှိရမည့် တူညီသောစိတ်ထားဖြစ်သည်။ ပြည်ထောင်စုကြီးအတွက် ဤတူညီသော သဘောတရားနှင့်ခံယူချက်များဖြင့် လုပ်ဆောင်ကြမည်ဆိုပါက မိမိတို့ပြည်နယ်၊ မိမိတို့လူမျိုးအတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်ပါ အေးချမ်းသာယာဖွံ့ဖြိုးဝေဆာအလှတိုးမည်ဖြစ်သည်။

အဓိကမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ကိုယ်စားပြုဦးဆောင်နေသော ခေါင်းဆောင်များက ဤမွန်မြတ်သည့်စိတ်ထားများဖြင့် အကောင်အထည်ဖော်သွားကြရေးသာဖြစ်သည်။ ထိုသို့ဖော်ဆောင်ကြပါက ဖြစ်ပေါ်လာမည့် အခြေအနေအား ကရင်ပြည်နယ်ကို နမူနာထား၍ ဖော်ညွှန်းထားသည့် မေးခွန်းအဖြေနှင့်အညီ မျှော်မှန်းနိုင်ကြမည်ဖြစ်သည်။ နောင်လာမည့် ၁၀ နှစ်၊ ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့ကရင်ပြည်နယ်ကြီးကို မည်သည့်အနေအထားမျိုး၊ မည်သည့်အဆင့်အတန်းမျိုး ဖြစ်နေသည်ကို မြင်ချင်ပါသနည်း။ အဆိုပါမေးခွန်းကို လက်ရှိကရင်ပြည်နယ်ရှိ တာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၏ အမြော်အမြင်နှင့် စိတ်ပိုင်းဖြတ်ချက်တို့က အဖြေပေးသွားမည်ဖြစ်ပါသည်။

ယခုအခါ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သည်။ ကုန်ဆုံးခဲ့သော ကာလများကို ပြန်လည်တွေးတောပူပန်မနေတော့ဘဲ ယခုအချိန်မှစ၍ ရှေ့အဖို့ကာလအတွင်း နိုင်ငံနှင့် ပြည်သူများ၏ အနာဂတ်အတွက် စိတ်သစ်၊ ကိုယ်သစ်၊ တွေးခေါ်မြော်မြင်မှုအသစ်များဖြင့် အကောင်းဆုံးဖော်ဆောင်ကြရမည့်အချိန်အခါဖြစ်သည်။ ယခုလာမည့်နှစ်သစ်မှစတင်၍ ကရင်ပြည်နယ်သာမက ကျန်ပြည်နယ်ဒေသအားလုံးရှိ တာဝန်ရှိသူများ၊ ခေါင်းဆောင်များ၏ အဆုံးအဖြတ်ဆောင်ရွက်ချက်များသည် ဆယ်စုနှစ်တစ်ခုကာလအတွင်း မျိုးဆက်သစ်များအပေါ်ထားရှိသည့် စေတနာ၊ မေတ္တာနှင့် မျှော်မှန်းချက်တို့ ဖြစ်၊ မဖြစ် လာမည့်ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်တွင် အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။

မွန်မြတ်သောစိတ်ထားဟူသည် ယခုလက်ရှိ မိမိတို့ဒေသ၊ မိမိတို့ အကျိုးစီးပွားသာမက အနာဂတ်ကာလ မိမိတို့ပြည်ထောင်စု၊ မိမိတို့မျိုးဆက်များအတွက် အကောင်းဆုံးလုပ်ဆောင်ပြနိုင်ခြင်းပင်ဖြစ်သည်။ မိမိတို့ လက်ရှိဖြစ်လိုသော စိတ်ဆန္ဒများထက် အနာဂတ်ကာလပြည်သူများအတွက် မြော်တွေးအနစ်နာခံ လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ စစ်မှန်သည့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ထွန်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော မျိုးဆက်သစ်များ၊ မိမိခြေထောက်ပေါ်မိမိတို့ ခိုင်ခိုင်မာမာရပ်တည်ပြီး နည်းပညာလူ့အဖွဲ့အစည်းတွင် တန်းတူရည်တူရပ်တည်နိုင်သည့်၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လူငယ်များ၏ အင်အားဖြင့် နိုင်ငံတည်ဆောက်ရေးကို ဆက်လက် လက်ဆင့်ကမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဤအတွေးအခေါ်၊ သဘောတရား၊ ရည်မှန်းချက်များသည် မွန်မြတ်သောစိတ်ဓာတ်၊ ထားအပ်သည့်ခံယူချက်၊ မြင့်မြတ်သောတာဝန်များဖြစ်ပေသည်။ မျက်မှောက်ကာလ ခေါင်းဆောင်အသီးသီးတို့အနေဖြင့် ထိုစိတ်ထားများထားရှိမွေးမြူကာ မိမိတို့ပြည်ထောင်စုအတွက်၊ မိမိတို့တိုင်းရင်းသားပြည်သူများအတွက် ယခုအချိန်မှစတင်၍ ကြိုးပမ်းအားထုတ်အကောင်အထည်ဖော်မည်ဆိုပါက လာမည့်ဆယ်စုနှစ်ကာလ ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့ပြည်နယ်ဒေသအပါအဝင် ငြိမ်းချမ်းသာယာဝပြောစည်ပင်ဖွံ့ဖြိုးသော ပြည်ထောင်စုကြီးအဖြစ် ဝင့်ကြွားစွာ ပေါ်ထွက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပေးပို့သည့် သဝဏ်လွှာပါး နှုတ်ဆက်စကားသည် ကရင်ပြည်နယ်၊ ကရင်ပြည်ထောင်စုသားများအတွက်သာမက လာမည့်အနာဂတ် ဆယ်စုနှစ်ကာလ ပြည်ထောင်စုကြီးအတွက်၊ မျိုးဆက်သစ်လူငယ်များအတွက် ထားရှိရမည့် မွန်မြတ်သောစိတ်ထားများ၊ ခံယူချက်များနှင့်ဆောင်ရွက်ပေးရမည့် မြင့်မြတ်သည့်တာဝန်များ ဖြစ်ပါကြောင်း။ ။

## ကျောက်ပန်းတောင်းမြို့နယ် ရေဆုံးကျေးရွာမှ အင်းဝခေတ်လက်ရာရှေးဟောင်းဘုရားစေတီများ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိ



**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရေဆုံးကျေးရွာရှိ အင်းဝခေတ်လက်ရာရှေးဟောင်းဘုရားစေတီများမှာ ပြိုကျပျက်စီးမှုများကြောင့် အချို့ဘုရားစေတီများကို ရှေးဟောင်းသုတေသန (ပုဂံဌာနခွဲ)မှ ရှေးမူအတိုင်း ပြန်လည်ပြုပြင်နေသည်များ ရှိသကဲ့သို့ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်နေသည်များရှိသော်လည်း ယခုအထိ ဘုရားစေတီ အဆူ ၅၀ ခန့် ပြုပြင်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။

"ဒီဘုရားတွေရဲ့ အုတ်ချပ်အနေအထားတွေနဲ့ ဘုရားတည်ဆောက်ပုံတွေကိုကြည့်ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန တာဝန်ရှိသူတွေက အင်းဝခေတ်ကတည်ခဲ့တဲ့ စေတီတွေလို့ ပြောပါတယ်။ ဒီဘုရားတွေရဲ့သမိုင်းနဲ့ အင်းဝခေတ်မှာ ဘုရားစေတီတွေ ဒီလောက်များများနဲ့ တစုတဝေးတည်း ဒီနေရာမှာ ဘာလို့တည်ခဲ့ကြသလဲ ဆိုတာကိုတော့ ပြန်ပြောပြနိုင်တဲ့ သူမရှိဘူး။ အခုလို ပြန်ပြင်နေတာလည်း ရှေးဟောင်းသုတေသန ဦးစီးဌာန ကြီးကြပ်မှုနဲ့ ရှေးမူမပျက်အောင် ပြန်လည် ပြုပြင်နေကြတာပါ။ ရှေးဟောင်းသုတေသန(ပုဂံဌာနခွဲ)က ပန်းရန်ပညာရှင်သုံးဦးနဲ့ ဒေသခံ ပန်းရန်ဆရာသုံးဦးပေါင်းပြီး အခု ဒီဘုရား အမှတ် (၆၉) ကို ပြင်ဆင်နေတာပါ။"ဟု ရေဆုံးကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဝင်းဘိုက ပြောသည်။

ရေဆုံးကျေးရွာတွင် ရှေးဟောင်းဘုရားပေါင်း ၉၄ ဆူရှိကြောင်း သိရပြီး ရေဆုံးကျေးရွာ နိဗ္ဗာန်ကျောင်းဆရာတော် ဘဒ္ဒန္တတိလောက က အကျိုးတော်ဆောင်၍ အများစုပေါင်း လှူဒါန်းငွေ၊ သီးခြားအလှူရှင်များ၏ မတည်ငွေများဖြင့် ဘုရားစေတီ ၂၄ ဆူ ပြင်ဆင်နိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံတော် ပံ့ပိုးမှုဖြင့် ပြန်ပြင်ခဲ့သည့် ဘုရားစေတီ ၂၁ ဆူ ရှိခဲ့ပြီး ယခုအချိန်ထိ ဘုရားစေတီ စုစုပေါင်း ၄၅ ဆူ ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

"ပြုပြင်တယ် ဆိုပေမယ့်လည်း ရှေးမူ/ရှေးပုံစံ ပျောက်ပျက်မသွားအောင် အက်တဲ့ဟတဲ့နေရာတွေမှာ အုတ်ချပ်အစားထိုးပြီး ဖာထေးရုံလောက်ပဲ လုပ်တာပါ။ တစ်ခုလုံးပြန်ပြင်တာတော့ မဟုတ်ပါဘူး။ တချို့ဆို လုံးဝကို အုတ်ပုံနီးပါးဖြစ်နေတာပါ။ အဲဒါကိုမှ အင်းဝခေတ်စေတီပုံတွေ၊ ဓာတ်ပုံ အထောက်အထားတွေနဲ့ ပုလ္လင်တော်ပုံတွေကို တိုက်ဆိုင်ပြီး အနီးစပ်ဆုံး ဖြစ်အောင်ပဲ ပြန်ပြီးတည်နိုင်တာပါ။ ရှေးဟောင်းဘုရားဆိုတော့လည်း ရှေးမူကို အဓိကထားကြတာလေ။ အလှူရှင်တွေက ပြင်ချင်တယ်ဆိုရင်လည်း ရှေးဟောင်းသုတေသနဦးစီးဌာနကို တင်ပြပြီးတော့ ခွင့်ပြုချက်ရမှ ပြုပြင်ရတာပါ။" ဟု ရေဆုံးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောသည်။

ယင်းရှေးဟောင်း ဘုရားများကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဇေတဝန်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသာရ က ဦးစီးလှူဒါန်းမှုဖြင့် ဘုရားအမှတ် (၆၆)၊ (၆၉) တို့ကို ပြင်ဆင်နေခြင်းဖြစ်ပြီး ဘုရားအမှတ်(၇၀)၊ (၉၀)၊ (၉၁)၊ (၁)နှင့် (၂၈) တို့ကို ရေဆုံးကျေးရွာ နိဗ္ဗာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောကက ဦးစီးဦးဆောင်ပြု၍ ပြင်ဆင်ခဲ့ကြောင်း သိရသည်။ အများကောင်းမှုဖြင့် စေတီပေါင်း ၂၄ ဆူ ပြင်ဆင်ခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန (ပုဂံဌာနခွဲ)ကလည်း နိုင်ငံတော်ပံ့ပိုးမှုဖြင့် ဘုရား ၂၁ ဆူ ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်အထိ စုစုပေါင်းပြင်ဆင်ပြီး ဘုရားစေတီ ၄၅ ဆူရှိပြီး ပြင်ဆင်ဆဲ ဘုရားစေတီ နှစ်ဆူရှိ၍ ပြင်ဆင်ရန် ကျန်ရှိနေသော စေတီပျက် စုစုပေါင်းမှာ ၄၈ ဆူ ရှိသေးကြောင်း၊ အလှူငွေ အခက်အခဲကြောင့် ရပ်တန့်ထားရကြောင်း ရပ်မိရပ်ဖဖြစ်သူ ဦးဝင်းဘိုက ပြောသည်။

ကိုနေ(ကျောက်ပန်းတောင်း)



## ကျောက်မဲမြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအား တတိယအကြိမ် အခမဲ့ဆေးကုသပေး

**ကျောက်မဲ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ တိုက်ပွဲရှောင်စခန်းလေးခုသို့ ရောက်ရှိနေသည့် တိုက်ပွဲရှောင်ပြည်သူများအား ကျောက်မဲခရိုင် ဆေးရုံအုပ်ကြီးဒေါက်တာကျော်မိုးထွန်းနှင့် အောင်မင်္ဂလာကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအသင်းတို့ ပူးပေါင်း၍ တတိယအကြိမ် အခမဲ့ဆေးဝါးကုသပေးခြင်းကို ယမန်နေ့တွင် မန်ကောင်းမှူး အမကတိုက်ပွဲရှောင်စခန်း၌ ပြုလုပ်ခဲ့ကြသည်။

ကျောက်မဲမြို့ရှိ တိုက်ပွဲရှောင်လက်ခံရေးစခန်းများဖြစ်ကြသည့် ဝါဆိုကျောင်းတိုက်၊ မန်ကောင်းမှူးအမက၊ သန့်တိသုခဓမ္မာရုံနှင့် အောင်မင်္ဂလာကျောင်းတိုက်တို့တွင် ယနေ့အထိ တိုက်ပွဲရှောင်အိမ်ထောင်စု ၂၇၆ စု၊ လူဦးရေစုစုပေါင်း ၁၇၀၃ ဦးတို့ ရောက်ရှိခိုလှုံလျက်ရှိကြောင်း သိရသည်။

သီပေါကိုလတ်

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလဲ့သင်း၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဦးဝေမင်းသူနှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့သာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ ပုဂံဒေသရှိ ဘုရားပုထိုးများအား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားပုထိုးများသို့ ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထီးလိုမင်းလိုဘုရားနှင့် အာနန္ဒာဘုရားတို့သို့သွားရောက်၍ ဂေါပကအဖွဲ့များက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှု၊ ဖြေလျှော့ခွင့်ပြုလာပါက ကိုဗစ်-၁၉ မကူးစက်နိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားမှု၊ Online Registration နှင့် ကျန်းမာရေးစစ်ဆေးနိုင်မည့် စက်ကိရိယာများ ပြင်ဆင်ထားရှိမှု၊ အဆင့်လိုက် ဖွင့်လှစ်ခွင့်ပြုနိုင်ရန် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့များ ညှိနှိုင်းပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊ အလိုတော်ပြည့်ဘုရား၊ မြစေတီဘုရား၊ ထီးလိုမင်းလိုဘုရား၊ ရွှေဆံတော်ဘုရားဂေါပကအဖွဲ့များက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

**ပြင်ဆင်ထား**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကျဆင်းလာပြီး ဖြေလျှော့မှုများဖြင့် စေတီပုထိုးများသို့ လေ့လာဖူးမြော်ခွင့်ပြုပါက ဘုရားဖူးပြည်သူများနှင့် ဒေသခံပြည်သူများပါ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရန်အတွက် Social Distancing နှင့်အညီ ပညာပေးစည်းကမ်းချက်များ ဆောင်ရွက်ထားရှိပြီး အကွာအဝေးသတ်မှတ်ချက်၊ ဘုရားတစ်ဆူချင်း၏ ခွင့်ပြုနိုင်မှုအရေအတွက်၊ ကူးစက်နိုင်မှုမရှိစေရန် အသိပေးနှိုးဆော်ချက်များ ပြင်ဆင်ထားသည်။ အလားတူဘုရားတစ်ဆူချင်းစီတွင် ဘုရားဖူးများ၏ ကျန်းမာရေးအတွက် အပူချိန်တိုင်းစက်များနှင့် ပစ္စည်းကိရိယာများ ပြင်ဆင်ထားကာ ဘုရားများ၏ ပရိဝုဏ်နှင့် ဂန္ဓကုဋိအကျယ်အဝန်းအလိုက် ခွင့်ပြုနိုင်မည့် လူဦးရေတွက်ချက်သတ်မှတ်ကာ Auto Counting စနစ်ဖြင့် ဆောင်ရွက်ရန် လျာထားစီစဉ်ထားပြီး CCTV ဖြင့် စနစ်တကျ ထိန်းသိမ်းကြပ်မတ်နိုင်ရန်လည်း ဆောင်ရွက်ထားသည်။

ထို့ပြင် Tech Wings ကုမ္ပဏီက အွန်လိုင်းမှကြိုတင်စာရင်းပေးသွင်း၍ ခွင့်ပြုကြည့်ရှုရန်စီစဉ်ထားပြီး ညောင်ဦးခရိုင်စီမံခန့်ခွဲမှုကော်မတီကလည်း ပုဂံဒေသ၏ အခြေအနေ၊ အချက်အလက်များကို ပြည်သူများသိရှိနိုင်စေရန် Website နှင့် Page များမှ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရေးစီစဉ်ထားကာ အဆင့်လိုက်ခွဲခြား၍ ကြီးကြပ်ခွင့်ပြုပေးရန် ဒေသအုပ်ချုပ်ရေးအဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ ပူးပေါင်း၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

## ကိုဗစ်-၁၉ ကာလ မင်္ဂလာတောင်ညွန့်နှင့် လသာမြို့နယ်၌ ရွေ့လျားဈေးရောင်းယာဉ်များဖြင့် စားသောက်ကုန်များ ရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကိုဗစ်-၁၉ ကာလ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိပြည်သူများ သန့်ရှင်းလတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်ပစ္စည်းများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ကြစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကစီစဉ်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းလုပ်ငန်းရှင်များ ပူးပေါင်းကာ ရွေ့လျားဈေးရောင်းယာဉ် ကိုးစီးဖြင့် ရပ်ကွက်များအတွင်း ယနေ့နံနက်ပိုင်းက လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။



**လက်လီရောင်းချ**

ထိုသို့ ရောင်းချပေးရာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးတို့မှတာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ လူတန်းစားမရွေး လက်လီရောင်းချပေးခဲ့ရာ စားသောက်ကုန်များဖြစ်သည့် ကြက်သား၊ ဝက်သား၊ အမဲသားနှင့် ဆိတ်သား အပါအဝင် အသင့်ထုပ်ပိုးပြီးသောငါး၊ ပုစွန်အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥ၊ ကုန်ခြောက်ပစ္စည်း၊ ငါးပိ၊ ငါးခြောက်နှင့် စားသုံးဆီများကို ရောင်းချပေးခဲ့ကြောင်းလည်း သိရသည်။

အလားတူ ယနေ့ နံနက်ပိုင်းက လသာမြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလလမ်း (စဉ့်အိုးတန်းလမ်းနှင့် လမ်း ၂၀ ကြား)နှင့် အမှတ်(၆)ရပ်ကွက် အနော်ရထာလမ်း( ၂၂ လမ်းနှင့် လသာလမ်းကြား)တို့တွင်လည်း မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးတို့မှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ လူတန်းစားမရွေး လက်လီရောင်းချပေးခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါအထိုက်အလျောက် ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရွေ့လျားဈေးရောင်းယာဉ်များဖြင့် စက်တင်ဘာ ၂၆ ရက်မှစတင်ကာ မြို့နယ် / ရပ်ကွက်အရောက် သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန်များကို လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

## ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ကရင်နှစ် ၂၇၆၀ ပြည့်နှစ် ပြာသိုလဆန်း ၁ ရက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ Rose Garden ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကျဉ်းချုံး ကျင်းပခဲ့သည်။

**ဖားစည်တီးခတ်**

အခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင် ပဒိုဒေါက်တာစောထွန်းအောင်မြင့်က ကရင်အမျိုးသားအလံတော်အားလွှင့်တင်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူတစ်ဦးက မင်္ဂလာဖားစည်တီးခတ်ခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့နောက် ကရင်ရိုးရာ အလံတင်သီချင်း၊ မင်္ဂလာကျွဲချို(ပဒိုး)များ တီးမှုတ်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကရင်အမျိုးသားအလံအား အလေးပြုခြင်း၊ ကရင်အမျိုးသားတေးသီချင်းများ သီဆိုခြင်းတို့ပြုလုပ်ခဲ့သည်။

ယနေ့ကျင်းပသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားအား ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လူဦးရေအကန့်အသတ်ဖြင့် ကျင်းပခြင်းဖြစ်ရာ တက်ရောက်ပါဝင်ဆင်နွှဲခွင့်မရသူများအတွက် Yangon Eastern Karen New Year Page. LZaw Nan စသည့် Facebook Page များမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

**သီသီမင်း**

❐ ရှေ့ဖုံးမှ

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်ထွန်းက နှစ်သစ်ကူးပွဲတော်ကျင်းပခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကြပြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး စောရွှေသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားသီချင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တစ်ပြိုင်တည်းကျင်းပ**

ကိုဗစ်ကာလအတွင်း လူစုလူဝေးမပြုလုပ်ရသည့်အတွက် မင်းလှမြို့နယ်၌ ကရင်တိုင်းရင်းသားများ အများဆုံးနေထိုင်သည့် စိန်ပုရွာသစ်၊ ကညင်ကောက်၊ ဥတိုစာဖြူစု၊ ကိုင်းပြင်ကြီးစာဖြူစု၊ ဟိုင်းရွား၊ ကျွဲမကိုင်းတို့တွင် ခြောက်နေရာခွဲ၍ (၈၃)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်းသိရသည်။

**ပေါက်စ(မင်းလှ)**

# ကိုဗစ် ကာကွယ်ဆေး ရရှိလာနိုင်မှုအခြေအနေအမျိုးမျိုးအပေါ်မူတည်၍ စနစ်တကျခွဲဝေထိုးနှံနိုင်ရေး သဏ္ဌာန်တူစားပွဲတင်လေ့ကျင့် ကြိုတင်ပြင်ဆင်

**နေပြည်တော်  ဇန်နဝါရီ ၁၃**
ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိလာနိုင်မှုအခြေအနေအမျိုးမျိုးအပေါ်မူတည်၍ စနစ်တကျခွဲဝေထိုးနှံနိုင်ရေး သဏ္ဌာန်တူစားပွဲတင်လေ့ကျင့် ကြိုတင်ပြင်ဆင်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သဏ္ဌာန်တူစားပွဲတင်လေ့ကျင့်ခြင်း (tabletop exercise) မှာ ပြည်သူ့ကျန်းမာရေးကဏ္ဍ၌ ကြီးမားသောကိစ္စရပ်အသစ်တစ်ခုခုကို မပြုလုပ်ခင် ကြိုတင်လေ့ကျင့်ပြုလုပ်ရသည့် အလေ့အထတစ်ခုဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း ကိစ္စရပ်မှာ ယခင်ဆယ်စုနှစ်ပေါင်းများစွာ ကာကွယ်ဆေးထိုးနှံနေသည့် စီမံချက်နှင့် မတူညီဘဲ ခြားနားသည့် အချက်များစွာ ရှိပါကြောင်း။

### ဖြည့်ဆည်းပေးနိုင်မည်

သို့ဖြစ်၍ အသုတ်လိုက်ရရှိလာမည့် ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်တွင် ရရှိမည့် ပမာဏအပေါ်မူတည်၍ လည်းကောင်း၊ အချိန်အပိုင်းအခြားအလိုက် ရရှိမှုအပေါ်မူတည်၍လည်းကောင်း၊ ရရှိလာမည့် ကာကွယ်ဆေး အမျိုးအစားအပေါ်မူတည်၍လည်းကောင်း အခြေအနေအမျိုးမျိုးအတွက် သဏ္ဌာန်တူစားပွဲတင်လေ့ကျင့်ခန်း ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ကာကွယ်ဆေးမရရှိမီ အချိန်ကာလတွင် ဗဟိုအဆင့်၌ သဏ္ဌာန်တူလေ့ကျင့်ခန်း အနည်းဆုံး (၃) ကြိမ်ခန့်ပြုလုပ်ပြီး လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ မွမ်းမံအချောသတ်ခြင်းများ ပြုလုပ်မည်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌လည်း အနည်းဆုံး တစ်ကြိမ်ခန့် ပြုလုပ်မည်ဟု လျာထားပါကြောင်း၊ သဏ္ဌာန်တူလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း ကဏ္ဍအရပ်ရပ်၌ လိုအပ်ချက်အမျိုးမျိုးကို ကြိုတင်သိရှိနိုင်ကာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံးနှင့် အကောင်းဆုံး ပြင်ဆင်ထားသော်လည်း မထင်မှတ်သော အခြေအနေအကြောင်းအချက်များ ပေါ်ပေါက်လာနိုင်သဖြင့် ထိုမထင်မှတ်သော အကြောင်းအချက်များကိုလည်း ကြိုတင်စဉ်းစားကာ တက်ရောက်လာကြသူများက ဖော်ထုတ်၍ အကြံပြုဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် နည်းပညာပိုင်းဆိုင်ရာ၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ၊ ကာကွယ်ဆေး အရည်အသွေးဆန်းစစ်မှုဆိုင်ရာ၊ အလှူရှင်များနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ၊ ကာကွယ်ဆေး ပံ့ပိုးဖြန့်ဝေမှုဆိုင်ရာ၊ ကပ်ရောဂါဗေဒနှင့် အခြေအနေအရပ်ရပ်ကို ဆန်းစစ်သုံးသပ်ခြင်းဆိုင်ရာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံအတွက် အသုတ်လိုက်ရရှိလာနိုင်ခြေရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအရေအတွက် ပမာဏ၊ ကာကွယ်ဆေး အမျိုးအစား၊ ကာကွယ်ဆေး အမျိုးအစားအလိုက် အအေးလမ်းကြောင်းမပျက် သိုလှောင်ရမည့် အခြေအနေအမျိုးမျိုးတို့အပေါ်မူတည်၍ ဦးစားပေးလူအုပ်စုများ ရွေးချယ်ထိုးနှံသွားမည့် အစီအစဉ်၊ ကျန်းမာရေးဝန်ထမ်းများနှင့် အသက် (၆၅) နှစ်အထက် ပြည်သူများအား ပထမဦးစားပေး လူအုပ်စုအဖြစ် ရွေးချယ်သတ်မှတ်ထားမှု၊ ပုံမှန်အအေးလမ်းကြောင်းဖြင့် သိုလှောင်ထိန်းသိမ်းရမည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားရရှိပါက သိုလှောင်ဖြန့်ဖြူးမည့် အစီအစဉ်၊ အလွန်အမင်းအေးသော အအေးလမ်းကြောင်းသိုလှောင်မှု(အနုတ် ၇၀ ဒီဂရီစင်တီဂရိတ်) (ultra-cold chain storage) လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားရရှိပါက အအေးလမ်းကြောင်းမပျက်စေဘဲ ထိုးနှံမည့်နေရာသို့ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ သိုလှောင်ဖြန့်ဖြူးမည့် အခြေအနေနှင့် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ အလွန်အမင်းအေးသော အအေးလမ်းကြောင်းသိုလှောင်မှုလိုသည့် ကာကွယ်ဆေး အမျိုးအစားအတွက် တိုင်းဒေသကြီး/ ပြည်နယ် ကာကွယ်ဆေး အအေးခန်းများသို့ ကုန်းလမ်းခရီး(သို့မဟုတ်) လေကြောင်းခရီးဖြင့် (၂၄) နာရီအတွင်း အရောက်ပို့မည့် အစီအစဉ်၊ မတူညီသော အအေးလမ်းကြောင်းစနစ်လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားများ ပြိုင်တူရောက်ရှိလာပါက ဆောင်ရွက်ရမည့်အစီအစဉ်၊ စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ် (DHIS-2) ကို အသုံးပြုကာ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် လူအုပ်စုအလိုက် လူဦးရေစာရင်း ကြိုတင်စာရင်းသွင်း မှတ်ပုံတင်ခြင်း ဆောင်ရွက်မည့် အစီအစဉ်၊ ပြည်သူလူထုထံသို့ ရရှိလာမည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားအလိုက် ကာကွယ်ဆေးဆိုင်ရာအချက်များ၊ ထိုးနှံရမည့် အကြိမ်ရေ၊ သတိပြုလိုက်နာရမည့် အချက်များ စသည့် သိသင့်သိထိုက်သော အချက်များ အသိပေး ဆက်သွယ်ဖြန့်ဝေမည့် အစီအစဉ်၊ ကာကွယ်ဆေးထိုးနှံပြီး နောက်ဆက်တွဲဖြစ်ရပ်များ (Adverse Event Following Immunization) စောင့်ကြပ်ကြည့်ရှုခြင်း (AEFI Surveillance) လုပ်ဆောင်မည့် အစီအစဉ်၊ ကိုဗစ်-၁၉ ကာကွယ်ဆေး လက်တွေ့ထိုးနှံရာ၌ အထွေထွေကုန်ကျမည့် ခန့်မှန်းစရိတ်များ စသည့်အချက်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးရောက်ရှိလာသည့်အခါ ထိုသို့ကြိုတင်ပြင်ဆင်သတ်မှတ်ချက် အစီအစဉ်များအတိုင်း အမြန်ဆုံး သယ်ယူပို့ဆောင် ထိုးနှံနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သက်ဆိုင်ရာ ကာကွယ်ဆေးအမျိုးအစားအလိုက် သတ်မှတ်အအေးလမ်းကြောင်းအတိုင်း အမြန်ဆုံးဖြန့်ဖြူးထိုးနှံနိုင်ရေးသည် အဓိကကျပါကြောင်း၊ ကာကွယ်ဆေးထိုးစီမံချက် တစ်ခုလုံး၏ အောင်မြင်မှုရရှိစေရန် အဓိကအချက်မှာ စီမံခန့်ခွဲမှုအပိုင်းကို ပိုမိုပီပြင်ရေး ဆောင်ရွက်ရန်နှင့် အချိန်နှင့် တစ်ပြေးညီ ဆုံးဖြတ်ချက်များပေးရမည်ဆိုသော အချက်ဖြစ်ပါကြောင်း၊ ယနေ့တင်ပြချက်များအပေါ် မူတည်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာအဖွဲ့နှင့် ယခင်ဖွဲ့ထားသော လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ပြန်လည်သုံးသပ်ကာ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့များ ချိတ်ဆက်မှုသည် အရေးကြီးပြီး ချိန်သားကိုက် လုပ်ဆောင်နိုင်ရန် မိမိတို့ကြိုးစားရမည်ဖြစ်ပါကြောင်း။

### အထူးသတိပြု စောင့်ကြပ်ကြည့်ရှုရမည်

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း သဏ္ဌာန်တူစားပွဲတင်လေ့ကျင့်ခန်းကို ကြိုတင်လုပ်ဆောင်ထားသော်ငြားလည်း ဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေအရပ်ရပ်ကို ကြိုတင်မသိရှိနိုင်သည့်အတွက် ကာကွယ်ဆေးထိုးနှံနေသည့် အချိန်ကာလ၌ပင် မိမိတို့သည် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြဲတမ်းမျက်ခြည်မပြတ် သုံးသပ်၍ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေး လုပ်ငန်းပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှုကော်မတီ (COVAX National Coordinating Committee – CNCC) သို့ ချက်ချင်းသတင်းပို့ရမည်ဖြစ်ပြီး ကော်မတီကလည်း ချက်ချင်းတုံ့ပြန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကာကွယ်ဆေးအသစ်ဖြစ်သည့်အပြင် ထုတ်လုပ်မှုနည်းပညာမှာလည်း အသစ်ဖြစ်သည့်အတွက် ကာကွယ်ဆေး ထိုးနှံပြီး နောက်ဆက်တွဲဖြစ်ရပ်များ (Adverse Event Following Immunization) ကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှုရမည် ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေး ရောက်ရှိလာပြီးနောက် ဗဟိုမှ တိုင်းဒေသကြီး/ ပြည်နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်မှ ခရိုင်/ မြို့နယ်တို့သို့ သက်ဆိုင်ရာအအေးလမ်းကြောင်းမပျက် အမြန်ဆုံး ဖြန့်ဖြူးထိုးနှံနိုင်ရေးအတွက် သဏ္ဌာန်တူကြိုတင်ပြင်ဆင်မှု လေ့ကျင့်ခန်းငယ်များ လုပ်ဆောင်ထားရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားအလိုက် ဖြန့်ဖြူးမည့် လမ်းကြောင်းနှင့် သယ်ပို့မည့် ယာဉ်အမျိုးအစား၊ အစီအစဉ်တို့ကို သေချာစွာသတ်မှတ်ထားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ပြင်ဆင်ထားရှိရမည့် အသေးစိတ်အချက်အလက်စာရင်းကို ဗဟိုအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမည့် ဆေးရုံ/နေရာများကို သေချာစွာရွေးချယ် သတ်မှတ်ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် ပါဝင်မည့် ကျန်းမာရေးဝန်ထမ်းများကို ရက်ပိုင်းအတွင်း လေ့ကျင့်ပေးမည်ဟု သိရှိရသည့်အတွက် ကောင်းမွန်ပါကြောင်း၊ ဗဟိုအဆင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ကာကွယ်ဆေးတာဝန်ခံများအကြား ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ သတင်းချက်အလက်များကို ဖလှယ်မျှဝေနိုင်ရေး အီးမေးလ်ဖြင့် အမြဲမပြတ် ချိတ်ဆက်ရမည်ဖြစ်ပါကြောင်း။

### ကြိုးပမ်းလျက်ရှိ

အလွန်အမင်းအေးသော အအေးလမ်းကြောင်း သိုလှောင်မှု လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အမျိုးအစားများ ဆေးအာနိသင်မပျက်စေရေးအတွက် သယ်ယူပို့ဆောင်မှု မနှောင့်နှေးစေဘဲ သက်ဆိုင်ရာနေရာသို့ ရောက်ရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အသေးစိတ်ကြိုတင်ပြင်ဆင်မည်ဟု သိရှိရသဖြင့်ကောင်းမွန်ပါကြောင်း၊ မိမိတို့အားလုံးပေါင်းစပ်၍ မြန်မာနိုင်ငံပြည်သူများ အမြန်ဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသော တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများက ဦးစားပေးအုပ်စုများကိုမည်သည့်အချက်အပေါ် မူတည်၍ စဉ်းစားဆုံးဖြတ်သည်ကို ပြည်သူများထံ ကြိုတင်အသိပေး ရှင်းလင်းပြောကြားထားရန် အရေးကြီးမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေး သယ်ယူပို့ဆောင်ခြင်း၊ နေရာသတ်မှတ်ထိုးနှံခြင်းတို့တွင် လုံခြုံရေးကိစ္စကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်မှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် လူအုပ်စုအလိုက် လူဦးရေစာရင်း ကြိုတင်စာရင်းသွင်း မှတ်ပုံတင်ခြင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိလာနိုင်မှု အခြေအနေအမျိုးအမျိုးအပေါ်မူတည်၍ စနစ်တကျခွဲဝေ ထိုးနှံနိုင်ရေးအတွက် ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ကြိုတင်ပြင်ဆင်ခြင်း အစီအစဉ်သို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေး လုပ်ငန်းပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲမှုကော်မတီ (CNCC) နှင့် မြန်မာနိုင်ငံ COVID-19 ကာကွယ်ဆေးလုပ်ငန်းအဖွဲ့ (COVAX National Technical Working Group-CTWG) တို့မှ အဖွဲ့ဝင်များနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရောဝတီမြစ်အတွင်း တရားမဝင်ငါးဖမ်းဆီးခြင်းများ စစ်ဆေး

**ရွှေဘို  ဇန်နဝါရီ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရောဝတီမြစ်အတွင်း ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးခြင်း၊ အဆိပ်ချငါးဖမ်းဆီးခြင်းများ ပပျောက်စေရေးအတွက် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ WCS၊ ရေကြောင်းရဲတပ်ဖွဲ့၊ ဒေသခံရောဝတီလင်းပိုင်ထိန်းသိမ်းရေး ရေလုပ်သားများနှင့်အတူ ဇန်နဝါရီ ၆ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ ကွင်းဆင်းစစ်ဆေးခဲ့ရာ ဘက်ထရီရှော့တိုက် ငါးဖမ်းလှေ နှစ်စင်းနှင့် ပြစ်မှုကျူးလွန်သူ ငါးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များတွင် တရားစွဲဆိုဆောင်ရွက်ခဲ့သည်။

ရောဝတီမြစ်အတွင်း ငါးသယံဇာတလုပ်ငန်းများ အနီးကပ်



ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်သန်းဦးနှင့် ဝန်ထမ်းများသည် ယမန်နေ့က ငါးသယံဇာတ ထိန်းသိမ်းရေး ရှေ့တန်းစခန်း တည်ဆောက်နိုင်ရန် မြေနေရာရရှိနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်  ဇန်နဝါရီ ၁၃**
စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများက Zoom Application အသုံးပြု၍ တက်ရောက်သည်။

သင်တန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဝန်ထမ်း ၇၃၀ တက်ရောက် လေ့လာခဲ့ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၅ ရက်မှ ၁၂ ရက်ထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကာ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများက သက်ဆိုင်ရာဘာသာရပ်များလိုက် ပို့ချဆွေးနွေးခဲ့ကြသည်။

**ဇော်ရှိန်း(ဓာတု)**

# ကိုဗစ် – ၁၉ အသိပညာပေးပိုစတာဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၃**
STOP COVID –19 အဝါရောင် လူထုလှုပ်ရှားမှုအသိပညာပေး ပိုစတာဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Tourist Burma အဆောက်အအုံရှေ့၌ ပြုလုပ်ခဲ့သည်။





အဆိုပါ အဝါရောင်လူထုလှုပ်ရှားမှုအသိပညာပေးပိုစတာဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်မြို့တော်သူ မြို့တော်သားများ လတ်တလောကမ္ဘာနှင့်အဝန်း ဖြစ်ပွားနေသော ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ သတိမူစည်းကမ်း လိုက်နာကြရေးအတွက် လှုံ့ဆော်အသိပညာပေးသည့်အစီအစဉ်ဖြစ်ကြောင်း ကိုဗစ်–၁၉ ထိန်းချုပ် လျှော့ချနိုင်ရေး ပြည်သူတစ်ရပ်လုံးက နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်သွားလာကြရေး၊ အပြင်သို့သွားလာတိုင်း လက်ဆေးခြင်း အမှုကိစ္စကို အလေးအနက်ထား လိုက်နာဆောင်ရွက်ကြရေး၊ တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေထိုင်ကြရေးတို့ကို အသိပညာပေးခြင်းဖြစ်သည်။

### ပူးပေါင်းတိုက်ဖျက်ကြရမည်

ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ပြည်သူတစ်ရပ်လုံး စဉ်ဆက်မပြတ် ကျင့်သုံးလိုက်နာသွားရန်အတွက် New normal၊ New Living ၊ New Yangon ဟူ၍ ဆောင်ပုဒ်နှင့်အညီ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် နှာခေါင်းစည်းတပ်ဆင်ခြင်းကို အလေ့အကျင့်တစ်ခုအဖြစ် ရေရှည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူတိုင်းက အသိသတိရှိစွာ လိုက်နာခြင်းဖြင့် ပူးပေါင်းတိုက်ဖျက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ COVID–19 ကာကွယ်ဆေး ဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ် (OA 013733) သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော စာရင်းများမှ စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking / Mobile Wallet မှ လှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider / ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card) များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ၊ ချိတ်ဆက်ထားသော Over–the–Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လွယ်ကူလုံခြုံစွာ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေ လုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေ စာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer) ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code – MYEBMMMY ကို အသုံးပြု၍ Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟု ဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID–19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါ မြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်း ချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည်–

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/ Kuala Lumpur) |
| Sumitomo Mitsui Banking Corp (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank (Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank (Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ အလှူရှင်စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက e–mail – treasuryo5@365 mopfi.gov.mm, treasury10@365 mopfi.gov.mm (သို့မဟုတ်) Viber – 09–251182042, 09–420788851 တစ်ခုခုသို့ အလှူငွေ ပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၄။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လူကိုယ်တိုင် လာရောက်လှူဒါန်းခြင်းနှင့် ပြည်တွင်းမှ Virtual အစီအစဉ်တို့ဖြင့် လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| – ဒေါ်စီစီပြုံး<br>ညွှန်ကြားရေးမှူးချုပ်၊<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇–၃၄၁၀၁၅၆<br>၀၉–၄၅၀၄၅၅၂၃၇<br>– ဒေါ်ရီရီခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>၀၆၇–၃၄၁၀၁၅၈<br>၀၉–၂၅၄၅၅၈၄၂၄ | – ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>၀၁–၈၃၉၁၃၄၂<br>၀၁–၈၃၉၁၀၇၂ | – ဦးထွန်းထွန်းအောင်<br>ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>၀၂–၄၀၃၅၉၁၆ |

၅။ COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) သို့ ထည့်ဝင်လှူဒါန်းကြသည့် အလှူငွေများသည် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ဆိုင်ရာ သက်သာခွင့်များ ခံစားခွင့်ရရှိပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# ကျောက်ဖြူမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၆၅၀ ဒသမ ၉၅၉ သန်းဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်း မြေသားလမ်း(၂/၁)မိုင်၊ ကျောက်လမ်း (၁/၃)မိုင်၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (၁/၄)မိုင် ပေ ၄၀ ကွန်ကရစ်တံတားတစ်စင်း၊ ရေထုတ်ပြွန်တံတားရှစ်စင်းနှင့် ပိုက်ပြွန်တံတားရှစ်စင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအနက် ကျောက်ဖြူမြို့နယ် မင်းချောင်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာမှ ဂြင်ကြီးကျေးရွာအုပ်စု ကျောက်ခမောက်ကျေးရွာချင်းဆက်မြေလမ်း (၂/၀)မိုင်နှင့် ယင်းလမ်းပေါ်ရှိ ရေထုတ်ပြွန်တံတားရှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၉ ဒသမ ၂၁၂ သန်းဖြင့် လုပ်ငန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကျောက်ဖြူခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဟန်လင်းနိုင်**

# ညောင်တုန်းမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား ကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီက ဦးဆောင်၍ အမှတ်(၇)ရပ်ကွက် အနော်ရထာလမ်းရှိ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီရုံးရှေ့မျက်နှာစာတွင် ယနေ့နံနက် ၇ နာရီခန့်က ကရင်သက္ကရာဇ် ၂၇၆၀ ပြည့်နှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနား ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်၊ မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဒုတိယဥက္ကဋ္ဌ မန်းအောင်မျိုးဦးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကရင်လူငယ်များ တက်ရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်နှင့် ကော်မတီဝင်များ၊ ကရင်လူငယ်များက ကရင်အမျိုးသားအလံအား လွှင့်ထူ၍ အလေးပြုကာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်က ဖတ်ကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူထံမှ ပေးပို့သော သဝဏ်လွှာအား ကရင်လူငယ် စကျော်သူရက ဖတ်ကြားပြီး ကရင်နှစ်သစ်ကူးကျင်းပရေးကော်မတီ(ရန်ကုန်)မှ ပေးပို့သော သဝဏ်လွှာအား နန့်ဆန်းသီတာဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# မြန်မာ့ရုပ်/သံ မြန်မာ့စံ

## ဒေါက်တာခင်မောင်လွင်(လမ်းမတော်)

**“ပြန်ကြားပေးရန်– မြန်မာ့အသံ**
**ပညာပေးရန်– မြန်မာ့အသံ**
**ဖျော်ဖြေမှုပေးရန် မြန်မာ့အသံ မြန်မာ့အသံ**
**လူထုအတွက် မြန်မာ့အသံ မြန်မာ့အသံ”**

ဤသီချင်းကား မြန်မာ့အသံ၏မူဝါဒကို ဖော်ပြ၏။ မြန်မာ့အသံခေတ်က ဆိုသော်လည်း မြန်မာ့ရုပ်မြင်သံကြားခေတ်ရောက်လာသည့်အခါတွင်လည်း ဆက်လက်သယ်ဆောင်လာခဲ့သော မူဝါဒပင်ဖြစ်မည်ထင်ပါသည်။

ရုပ်မြင်သံကြားသည် များစွာဆွဲဆောင်နိုင်ပါ၏။ အရုပ်မမြင်ရဘဲ အသံ၏ အစွမ်းဖြင့် ဆွဲဆောင်ရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ ဤသို့ခက်ခဲသော အလုပ်မျိုးကို မြန်မာ့အသံသည် ထိရောက်အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။

ကျွန်တော့်ထက်လည်းကောင်း၊ ကျွန်တော့်ဌာနဖြစ်သော ဗဟိုကျန်းမာရေးဌာနထက်လည်းကောင်း အသက်လေးနှစ်ပိုကြီးသော မြန်မာ့အသံသည် ယခုအခါစိန်ရတုသဘင်ပွဲကို ဝင့်ကြွားစွာဆင်နွှဲနေပေပြီ။

အထူးသဖြင့် မြန်မာ့အသံခေတ်ပြားရသီချင်း (၇၅) ပုဒ်ကို ရွေးထုတ်ဖျော်ဖြေလျက်ရှိပါသည်။ ရန်ကုန်တက္ကသိုလ်၏ ရာပြည့်ပွဲအတွက် သီချင်းအပုဒ်ပေါင်းတစ်ရာတင်ဆက်ခဲ့သကဲ့သို့ နှစ်လိုဖွယ်ဖြစ်ပါ၏။

### လူထုအတွက် မြန်မာ့ရုပ်မြင်သံကြား

သို့ရာတွင် ကြက်ပျံမကျစည်ကားသင့်သော ပွဲတော်များသည် ကာလပေါ် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အကန့်အသတ်ဖြင့်သာ ဆင်နွှဲနေရ၏။ ၂၀၂၁ ဖေဖော်ဝါရီလ ၁၅ ရက်ရောက်သည်အထိလည်း ဤပုံစံအတိုင်း ဆက်လက်ဆင်နွှဲနေရဖို့ဖြစ်၏။ သို့စဉ်လျက် ပြန်ကြားရေးဝန်ကြီးဌာန၏ စေတနာ၊ ဝန်ထမ်းများနှင့် အနုပညာရှင်များ၏ ကြိုးစားအားထုတ်မှုကြောင့် လူထုကြားမှာ ကပ်ရောဂါကြောင့် ဖိစီးနေသော စိတ်ဒုက္ခများကို လျှော့ပါးစေ၏။ နေ့တာညတာရှည်လွန်းလှသော ကိုဗစ်အချိန်ကာလကို ချုံ့ပစ်လိုက်၏။

ဤကားလူထုအတွက် မြန်မာ့ရုပ်မြင်သံကြားပင်ဖြစ်တော့၏။

Broadcasting Media ခေါ် အသံလွှင့်မီဒီယာအဖြစ် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လုပ်ငန်းစဉ်၊ ရည်မှန်းချက်၊ စေတနာများကို “ပြန်ကြား” ပေး၏။ ပြန်ကြားရေးလုပ်ငန်းများကို တံတားခင်းပေး၏။ ပြန်ကြားပေးရန် သတင်းအချက်အလက်များကိုလည်း ပြည်သူလူထုထံမှ ပြန်လည်ရယူရပေသည်။

ဒေတာ (Data) ကိန်းဂဏန်းအချက်အလက်များ စနစ်တကျစုဆောင်း၍ သတင်းအချက်အလက်များ (Messages) ဖြစ်ရန်စီမံ၍ လူထုထံသို့ ချောမောစွာရောက်ရှိသွားရန် “အသံ”ဟူသော မီဒီယာတစ်ခုတည်းဖြင့် တံတားခင်းပေးခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း လူထုထံမှ တုံ့ပြန်ချက် (Feedback) များအရ တိုးတက်ပြုပြင်ကာ “ပြန်ကြား” ခဲ့သည်ကို တွေ့ရပါသည်။

တစ်ဖက်တွင်လည်း တာဝန်ခံမှု၊ တာဝန်ယူမှုသည် အနုပညာရှင်တို့အတွက် ခေါင်းနှင့်ပန်းနှယ်ရှိ၏။ မြန်မာ့အသံလာလျှင် ပညာပါရ၏။ ကျယ်ဝန်းနက်ရှိုင်းလှသောပညာဖြင့် သောတရှင်တို့အား “များစွာသော အကြားအမြင်” များကိုပေး၏။ ရုပ်မမြင်ရသော်လည်း အသံကြားရုံနှင့် မြင်ယောင်လာအောင် စွမ်းဆောင်ရသဖြင့် ပညာပေးရန် ပညာနှင့်ရင်းနှီးရပေသည်။

“ပေးပေးပေး၊ မပေးပေးပေး၊ ငွေရွှေခွက်ပေး” ဟု အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်က “ရွှဲကုန်သည်”ဇာတ်ထုပ်မှာ အသံအားထုတ်သရုပ်ဆောင်သည်ကို နားထောင်ရသည့်အခါ ဇာတ်ရုံထဲမှာသွားကြည့်နေဘိသကဲ့သို့ခံစားရ၏။

သောတရှင်တို့ကို “ရသပညာ”ဖြင့် နှစ်ခြိုက်ပျော်မွေ့စေသကဲ့သို့ “သုတပညာ” ဖြင့် နားဝင်အောင်ဆွဲဆောင်ရပြန်၏။ နိုင်ငံသားအားလုံးအတွက်ပင်။

“နားဆိုတာ သနားစရာကောင်းတယ်။ မျက်စိကမကြည့်ချင်ရင် ပိတ်ထားလို့ရတယ်။ နားကပိတ်ထားဖို့ မလွယ်ဘူး” ဟု ဆရာကြီး မောင်သော်က၏ ဆောင်းပါးတစ်ပုဒ်တွင်ဖတ်ဖူး၏။

သနားစရာကောင်းသောနားများကြောင့် ပေါက်ကွဲသွားသူများက ပေါက်ခွဲပစ်လိုက်သော ခားစာခံရေဒီယိုလေးများလည်း တစ်ချိန်ကရှိခဲ့ဖူးပါသည်။ မြန်မာ့အသံကြောင့် လုံးဝ(လုံးဝ) မဟုတ်ခဲ့ပါ။ တိကျသော စည်းကမ်းများဖြင့် တတ်ကျွမ်းသောနည်းပညာများကို အသုံးချ၍ လူထုကောင်းကျိုးအတွက်သာ ဆောင်ရွက်ခဲ့သော မြန်မာ့အသံ၏သမိုင်းတွင် ပညာပေးရန်မူဝါဒအတွက် ကျွန်တော်တို့ဌာနက ပူးပေါင်းဆောင်ရွက်ခဲ့ရသည်ကို အစဉ်ဂုဏ်ယူပါ၏။ ပညာတတ်အချို့၏ ပျင်းစရာကောင်းသော ဟောပြောချက်များကို သည်းခံခွင့်လွှတ်နားဆင်ပေးခဲ့ကြသော သောတရှင်များကိုလည်း ကျေးဇူးတင်လှ၏။

၁၉၅၀ ပြည့်နှစ်မှစ၍ ဗဟိုကျန်းမာရေးပညာဌာနသည် မြန်မာ့အသံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရေဒီယိုအသံလွှင့်ချက်၊ ဟောပြောချက်၊ ဆွေးနွေးခန်းများသာမက ရေဒီယိုဇာတ်လမ်းများ၊ ပညာပေးသီချင်းများကိုပါ တင်ဆက်နိုင်ခဲ့ပါသည်။

ဆရာကြီး ဦးသုခကိုယ်တိုင် စင်တင်ပြဇာတ်ကပေးခဲ့သော “ဆေးရုံပေါ်က ဘဝသံသရာ” အသံလွှင့်ဇာတ်လမ်းသည် တီဘီရောဂါအကြောင်း ထိရောက်စွာ ပညာပေးနိုင်ခဲ့၏။ ဆရာ ဒေါက်တာဦးသောင်း၏ “သစ်ခွပန်းလေး နီနီ” ဇာတ်လမ်းသည်လည်း အကယ်ဒမီ ဝင်းဦး၏အသံဖြင့် သရုပ်ဆောင်မှု၊ သီဆိုပေးမှုကြောင့် ကာလသားရောဂါ၏အန္တရာယ်ကို လူထုစိတ်ဝင်စားနားလည်၍ သတိပြုနိုင်ရန် စွမ်းဆောင်ပေးခဲ့ပါသည်။

**“ကိုယ်တိုင်သန့်ရှင်းရမည်။ နေအိမ်သန့်ရှင်းရမည်**
**တစ်ဦးချင်းသန့်ပါမှ တစ်အိမ်ချင်းသန့်ရှင်းမည်**
**အိမ်တိုင်းလည်းသန့်မှသာ ရွာတိုင်းလည်းသန့်ရမည် –––”**

ဟူသော သီချင်းလေးမှာ ယနေ့ ကိုဗစ်ကပ်ရောဂါကာကွယ်ရေးအတွက်ပါ ကွက်တိဖြစ်နေသော ခေတ်ရှေ့ပြေး ပညာပေးသီချင်းပင် ဖြစ်တော့၏။

ဤနည်းဖြင့်ဖျော်ဖြေရင်း ပညာပေးခြင်းများကို ရှေးအခါကပင်မြန်မာ့အသံက စီစဉ်ခဲ့ပါသည်။ ပညာပေးခြင်း (Education)နှင့် ဖျော်ဖြေခြင်း (Entertainment) တို့ကို ယခုခေတ်တွင် Edutainment ဟု အမည်သစ်တပ်လာသော်လည်း “လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်” ကြခြင်းသာဖြစ်ပါ၏။

မည်မျှစာတတ်သည်ဖြစ်စေ ကောင်းကျိုးလိုရာဆန္ဒမရှိလျှင် ငြိမ်းချမ်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည့် ကျန်းမာသောလူ့အဖွဲ့အစည်း မဖြစ်နိုင်ပေ။ လူထု၏ ဆင်ခြင်တုံတရားကိုမြင့်မားစေမည့် Emotional Education အစီအစဉ်များကို မြန်မာ့အသံမှ မြန်မာ့ရုပ်မြင်သံကြားခေတ်အထိ လက်ဆင့်ကမ်းခဲ့သည်ကို ရှုထောင့်စုံမှ ကြည့်နိုင်သည်။ တိုင်းရင်းသားပေါင်းစုံ၏ သဘာဝအလှဖြင့် မှုန်းခြယ်ထားသော မြန်မာ့အလှကို မြန်မာ့ရုပ်/သံက ပေးစွမ်း၏။

### ကိုယ်တိုင်ကိုယ်ကျပါဝင်

ကျွန်တော်သည် အသက် ၁၅ နှစ်အရွယ်ကတည်းက မြန်မာ့အသံနှင့် ဆက်စပ်ထိတွေ့ခဲ့၏။ ယနေ့အထိလည်း မြန်မာ့ရုပ်/သံနှင့် သံယောဇဉ်မပြတ်၊ သီချင်းရေး၊ သီချင်းဆို၊ အသံသွင်းဖို့လည်း မြန်မာ့ရုပ်/ သံသို့ ရောက်ခဲ့၏။ အသံလွှင့်ချက်၊ ဆွေးနွေးခန်းများတင်ဆက်မှုအတွက်လည်း မြန်မာ့ရုပ်/သံသို့ ဝင်ထွက်ခဲ့၏။ မြန်မာ့အသံကို မြန်မာ့ရုပ်မြင်သံကြားအဖြစ် စတင်လေ့ကျင့်သည့်အစီအစဉ်များတွင်လည်း ဆက်စပ်ပါဝင်ခဲ့၏။ မြန်မာ့ရုပ်/သံမှ MRTV–4 အဖြစ် ခွဲထုတ်၍ ပျိုးထောင်ခဲ့ရာတွင်လည်း ဌာနတာဝန်အရ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ရပါသည်။ Channel အသစ်အတွက် လိုအပ်သောသတင်းများ ဆွေးနွေးခန်းများကိုပါ ရိုက်ကူးပေးပို့ရာ၌ ပါဝင်ခဲ့၏။

မြန်မာ့ရုပ်/သံနှင့်ဆက်ဆံရတိုင်း ကျွန်တော်တို့သတိထားရသည်မှာ “မြန်မာ့စံ”ဖြစ်ပါသည်။ မြန်မာနိုင်ငံသားတို့အတွက် သတ်မှတ်ထားသော အပြောအဆို၊ အရေးအသားများကို အတိအကျ လိုက်နာရပေသည်။ အထူးသဖြင့် စိစစ်ရေးဘုတ်အဖွဲ့က လက်ခံမှသာ ဆိုရ၊ တီးရ၊ အသံလွှင့်ခွင့်ရသည်။ ဤကိစ္စအတွက် အဆိုတော်ကြီး ဦးမြကြီးက စိတ်ချရ၏။

သူ့ချည်းလားဆိုလျှင်မဟုတ်ပါ။ အနည်းဆုံး ကျန်းမာရေးပညာပေး ဟောပြောချက်တစ်ခုကို လွှင့်ထုတ်ဖို့ပင်မလွယ်။ စာမူကြိုတင်ရ၏။ ဘုတ်အဖွဲ့က စိစစ်ပြီးခွင့်ပြုမှ အသံသွင်းရ၏။ “မြန်မာ အသံထွက်”မှားသွားလျှင်ပင် ချက်ချင်းရပ်၍ ပြင်ရ၏။ ဥပမာ “တိရစ္ဆာန်”ကို “တလိတ်ဆန်”ဟု အသံထွက်၍မရ။

ယခုခေတ်အခြေအနေကိုမူ ဒီဇင်ဘာလ ၁ ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်တွင် “ဂျူနီယာ စာအိုး”ကလောင်ရှင်က–

“ဇာတ်လမ်းတွဲစာတန်းထိုးအမှားအကြောင်း ပြောရမယ်ဆိုရင် စာတစ်အုပ်လောက်ရေးပါလိမ့်မယ်။ စာအမှားတွေ ပြခွင့်တော့မရှိပါဘူး။ ပရိသတ်ကြည့်တဲ့ မီဒီယာလုပ်ငန်းဖြစ်သွားရင် သတင်းစာဂျာနယ်ရဲ့ အချုပ်ပိုကလေးကအစ သုံးလေးငါးလပြသတဲ့ ရုပ်/သံဇာတ်လမ်းတွဲအဆုံး လိုက်နာကြရမယ့်ကျင့်ဝတ်က အတူတူပါပဲ”ဟု ရေးသားထားသည်ကို ထပ်ဆင့်တင်ပြလိုပါ၏။ ဤအချက်ကို ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)လည်း သဘောတူမည်ဟုယုံကြည်၏။

### “စံ”အဖြစ်ရပ်တည်လာ

ဗမာ့အသံ(BBS)မှ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြားဟူ၍ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့သော (၇၅) နှစ်အတွင်း မြန်မာတစ်မျိုးသားလုံး၏ “စံ”အဖြစ်ရပ်တည်လာခဲ့သည်ကို အလေးအမြတ် အသိအမှတ်ပြုပါ၏။ လူထုအား အင်အားအကြီးဆုံးလွှမ်းမိုးထားသောကဏ္ဍမှာ ဂန္ထဝင်စာဆိုတော်ကြီးများ၏ ကဏ္ဍပင်ဖြစ်ပါသည်။ သောတရှင်တိုင်းကို ရင်ခုန်လှုပ်ရှားစေ၏။

သူတို့နှင့်တွဲဖက်၍ မြန်မာ့ရုပ်သံကို အသက်ဝင်စေသူများစွာရှိပါသေး၏။ အဘ ဦးသန်းမြင့်၏ “ကမ္ဘာ့ဂီတ”၊ ဒဂုန်ဆရာတင်၏ “ကွက်စိပ်”များသည် အလွန်တန်ဖိုးရှိ၏။ “ကွက်စိပ်” ဆိုလျှင် ယခုကွက်ပျောက်ဖြစ်သွားသော မြန်မာတို့၏ “ဒြပ်မဲ့ယဉ်ကျေးမှု”တစ်ရပ်ပင် ဖြစ်ပါသည်။ ဆရာကြီးကနီဦးလူညွှန့်၊ ဦးဂုဏ်ဘဏ်တို့၏ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အသံလွှင့်ချက်များ၊ ဆရာမောင်ဆုရှင်၏ သိပ္ပံဆိုင်ရာအသံလွှင့်ချက်များကိုလည်း မကြားနိုင်တော့ပြီ။

မြန်မာ့ရုပ်/သံကား ကျွန်တော့်အတွက် အမှန်ပင် မြင်ဆရာ၊ ကြားဆရာများကို ကြားမြင်နိုင်ရန် အခွင့်အရေးပေး၏။ ထိုအထဲတွင် နှုတ်မှုအတတ်ပညာကို သတိပြုကာသင်ယူမိပါ၏။ မြန်မာ့အသံ ဦးဇော်ဝင်း၊ ဦးအောင်မြင့်တို့၏ နှုတ်မှုပညာနှင့် ဝမ်းစာကို ကျွန်တော်အတုခိုး၍ ရုပ်သံဆွေးနွေးခန်းများကို တင်ဆက်ခဲ့ပါသည်။

ဆရာကြီး ဦးသုခ၊ ဗိုလ်ကလေးတင့်အောင်၊ ဒါရိုက်တာ ဦးမောင်မောင်မြင့်၊ ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ဆွေဇင်ထိုက်၊ ဝေဠုကျော်၊ စိုင်းစိုင်းခမ်းလှိုင်၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ရတနာခင် စသည့် ရုပ်ရှင်ပညာရှင်များ၊ စာရေးဆရာကြီး ဦးချစ်စံဝင်း၊ ဦးချစ်ဦးညို၊ ဦးဟိန်းလတ်၊ အကယ်ဒမီ ဦးငြိမ်းမင်း စသည်တို့နှင့်လည်း မြန်မာ့ရုပ်သံမှတစ်ဆင့် သူတို့၏ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံအသိအမြင်များကို တင်ပြခွင့်ရခဲ့ပါ၏။

၂၀၂၀ ကိုဗစ်ကပ်ရောဂါအစတွင်ပင် အဆိုတော် တင်ဇာမော်၊ ဖြူဖြူကျော်သိန်း၊ ဖြိုးပြည့်စုံ၊ စိုင်းစိုင်းခမ်းလှိုင်နှင့် စာရေးဆရာမကြီးဂျူးတို့၏ အသိပညာပေးစကားများကို လွှင့်ထုတ်ရန် ကူညီခဲ့ရပါသည်။ ကိုယ်တိုင်လည်း Sunday Talk အစီအစဉ်များတွင် ဆရာမောင်ကိုကို (စက်မှုတက္ကသိုလ်)၏ အစီအစဉ်ဖြင့် ကပ်ရောဂါပညာပေးအစီအစဉ်များစွာ တင်ဆက်ခွင့်ရခဲ့ပါသည်။

အနှစ်သာရအားဖြင့် မြန်မာ့ရုပ်သံသည် “မြန်မာ့စံ”ဖြစ်ပါသည်။ မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူစရာပြယုဂ်လည်း ဖြစ်ပါသည်။

မြန်မာ့ရုပ်/သံမှ သုတ/ရသများကို ထုတ်နုတ်ယူ၍ မကုန်နိုင်ပါ။

အရေးအကြီးဆုံးအချက်ကား မြန်မာပြည်မှာနေလျှင် မြန်မာစံတော်ချိန်ကို မသိ၍မဖြစ်။ စံတော်ချိန်ကို သိချင်လျှင် မြန်မာ့ရုပ်သံကိုကြည့်ရှုနားဆင်ပါ။

> **ကြက်ပျံမကျစည်ကားသင့်သော ပွဲတော်များသည် ကာလပေါ် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အကန့်အသတ်ဖြင့်သာ ဆင်နွှဲနေရ၏။ ၂၀၂၁ ဖေဖော်ဝါရီလ ၁၅ ရက်ရောက်သည်အထိလည်း ဤပုံစံအတိုင်း ဆက်လက်ဆင်နွှဲနေရဖို့ဖြစ်၏။ သို့စဉ်လျက် ပြန်ကြားရေးဝန်ကြီးဌာန၏ စေတနာ၊ ဝန်ထမ်းများနှင့် အနုပညာရှင်များ၏ ကြိုးစားအားထုတ်မှုကြောင့် လူထုကြားမှာ ကပ်ရောဂါကြောင့် ဖိစီးနေသော စိတ်ဒုက္ခများကို လျှော့ပါးစေ၏။ နေ့တာညတာရှည်လွန်းလှသော ကိုဗစ်အချိန်ကာလကို ချုံ့ပစ်လိုက်၏။**

## ပုဏ္ဏားကျွန်းမြို့နယ် သမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ရောင်းချဖြန့်ဖြူး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ဦးရာဇ်မောင် ရေထွက်သမဝါယမအသင်းလီမိတက်သည် ကိုဗစ်–၁၉ ကာလအတွင်း မိမိတို့၏ ရေထွက်ကုန်ပစ္စည်းများ ရောင်းချရာတွင်ဈေးကွက်ရရှိရေး၊ နှောင့်နှေးမှုမဖြစ်စေရေးနှင့် စားသုံးသူပြည်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ပင်လယ်ထွက်ကုန်ပစ္စည်းများကို ရောင်းချခဲ့သည်။

ပင်လယ်ထွက်ကုန်ပစ္စည်းများရောင်းချရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပြီး ပင်လယ်ထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးပလာတူး၊ ငါးတံခွန်၊ ငါးရင်းရုံး၊ ငါးပုဏ္ဏားစသော ငါးမျိုးစုံ ပိဿာ ၃၀၀ ကို ရောင်းချပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း၌ ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူရောင်းချခြင်းကို ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုတို့နှင့် ပူးပေါင်းပြီး ကျောက်ဖြူမြို့နယ်၊ မောင်တောမြို့နယ်၊ မာန်အောင်မြို့နယ်၊ သံတွဲမြို့နယ်များတွင်လည်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတကာ ခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၇ ဦးကို ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ယနေ့ထိ မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ်ဖြင့် ၄၃ ကြိမ်တိုင် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၃၇၄၅၆၀ | ၁၃၈၂၀၅၁၆ | ၃၈၉၇၉၀ |
| ၂။ | အိန္ဒိယ | ၁၀၄၉၇၁၄၅ | ၁၀၁၃၀၀၄၅ | ၁၅၁၅၇၇ |
| ၃။ | ဘရာဇီး | ၈၁၉၅၆၃၇ | ၇၂၇၃၇၀၇ | ၂၀၄၇၂၆ |
| ၄။ | ရုရှား | ၃၄၇၁၀၅၃ | ၂၈၅၄၀၈၈ | ၆၃၃၇၀ |
| ၅။ | ဗြိတိန် | ၃၁၆၄၀၅၁ | ၁၄၀၆၉၆၇ | ၈၃၂၀၃ |
| ၆။ | ပြင်သစ် | ၂၈၀၆၅၉၀ | ၂၀၄၃၉၀ | ၆၈၈၀၂ |
| ၇။ | တူရကီ | ၂၃၄၆၂၈၅ | ၂၂၁၈၄၆၄ | ၂၃၁၅၂ |
| ၈။ | အီတလီ | ၂၃၀၃၂၆၃ | ၁၆၅၃၄၀၄ | ၇၉၈၁၉ |
| ၉။ | စပိန် | ၂၁၃၇၂၂၀ | စိစစ်ဆဲ | ၅၂၆၈၃ |
| ၁၀။ | ဂျာမနီ | ၁၉၆၁၅၂၀ | ၁၅၉၆၆၀၀ | ၄၃၄၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၈၅၈၀၄၃ | ၇၀၃၄၆၄ | ၂၄၉၅၁ |
| ၂။ | ဖိလစ်ပိုင် | ၄၉၂၇၀၀ | ၄၅၈၅၂၃ | ၉၆၉၉ |
| ၃။ | မလေးရှား | ၁၄၄၅၁၈ | ၁၁၁၅၇၈ | ၅၆၃ |
| ၄။ | မြန်မာ | ၁၃၂၂၆၀ | ၁၁၅၆၂၁ | ၂၉၀၂ |
| ၅။ | စင်ကာပူ | ၅၈၉၈၄ | ၅၈၆၉၄ | ၂၉ |
| ၆။ | ထိုင်း | ၁၀၉၉၁ | ၆၉၄၃ | ၆၇ |
| ၇။ | ဗီယက်နမ် | ၁၅၂၁ | ၁၃၆၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၉၈ | ၃၇၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၄ | ၁၆၈ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၀ | ၀ |

# မကွေးတိုင်းဒေသကြီးအတွင်း မကွေးမြို့၌ ကိုဗစ် -၁၉ ရောဂါ ကူးစက်မှု ဒုတိယအများဆုံးဖြစ်ပွား

**မကွေး ဇန်နဝါရီ ၁၃**

ကိုဗစ် -၁၉ ရောဂါ ပိုးတွေ့လူနာပေါင်း ၃၉၁ ဦးထိရှိလာသည့်မကွေးမြို့မှာ မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ဒုတိယအများဆုံးမြို့ ဖြစ်နေကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"မကွေးမြို့နယ်ဟာ ကိုဗစ်ဒုတိယလှိုင်းမှာ ပိုးတွေ့ရှိမှု ပိုများလာပါတယ်။ ပိုးတွေ့တဲ့သူတွေက ရန်ကုန်ပြန်တွေ အများဆုံးပါ"ဟု မကွေးမြို့နယ် ကျန်းမာရေးမှူး ဒေါက်တာရဲစိုးက ပြောသည်။

မကွေးမြို့နယ်တွင် ကိုဗစ် -၁၉ ရောဂါ အတည်ပြုလူနာကို ၂၀၂၀ ပြည့်နှစ် မတ်လကုန်ဝန်းကျင်မှစတင်တွေ့ရှိခဲ့ပြီး ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းအထိ ပိုးတွေ့ လူနာ ၃၉၁ ဦးထိ ရှိလာပြီဖြစ်သည်။ ပိုးတွေ့ရှိသူများထဲတွင် မြို့ပေါ်နေသူ ၂၂၂ ဦး၊ ကျေးလက်နေသူ ၁၆၉ ဦးပါဝင်ပြီး မကွေးမြို့ သိင်္ဂါရပ်ကွက်နေ သက်ကြီးအမျိုးသားတစ်ဦးမှာ ကိုဗစ်နှင့် ရောဂါအခံဆက်စပ်မှုကြောင့် သေဆုံးခဲ့ရသည်။

မကွေးမြို့နယ်အတွင်း ဇန်နဝါရီ ၁၂ ရက်ထိ NHL သို့ ပေးပို့စစ်ဆေးခဲ့သူ ၂၇၈၇ ဦး၊ Test kits ဖြင့် စစ်ဆေးခဲ့သူ ၇၇၉၁ ဦးရှိခဲ့ကြောင်း၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများတွင် ပိုးတွေ့ရခြင်းမရှိဘဲ လူနာများကို ဆေးကုသစောင့်ရှောက်ပေးကြသည့် ဆေးရုံများမှ သူနာပြုနှင့်ဆရာဝန်များ ပိုးကူးစက်ခံခဲ့ရကြောင်း သိရသည်။

**လုပ်ဆောင်လျက်ရှိ**

မကွေးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ပိုးကူးစက်မှု အခြေအနေကြောင့် ရှာလုံးကျွတ် အသွားအလာကန့်သတ်ခြင်း၊ ရပ်ကွက်အလိုက် အသွားအလာကန့်သတ်ခြင်းများ လုပ်ဆောင်ခဲ့ကာ ယခု နောက်ပိုင်းတွင် ပိုးတွေ့ရှိသူနှင့် ထိတွေ့ခဲ့သူများ၏ အိမ်များကိုသာ ၁၄ ရက် အသွားအလာကန့်သတ်ခြင်း လုပ်ဆောင်လျက်ရှိသည်။

ယနေ့ ညနေ ၆ နာရီထိ မကွေးတိုင်းဒေသကြီးအတွင်း၌ ကိုဗစ် -၁၉ ရောဂါ ပိုးတွေ့ လူနာစုစုပေါင်း ၂၈၈၆ ဦး ရှိခဲ့ပြီဖြစ်သည်။ မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့မှု အများဆုံးမှာ အောင်လံမြို့နယ်ဖြစ်ပြီး ဒုတိယပိုးတွေ့မှု အများဆုံးမှာ မကွေးမြို့နယ်၊ တတိယပိုးတွေ့မှုအများဆုံးမှာ မြို့သစ်မြို့နယ်တို့ ဖြစ်ကြောင်း၊ ပိုးတွေ့ရှိမှု အနည်းဆုံးမြို့နယ်များမှာ မင်းတုန်းမြို့နယ်နှင့် ထီးလင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ရေထွက်ကုန်ပစ္စည်းများ လွယ်လင့်တကူဝယ်ယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်

**သထုံ ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ရေချို/ ရေငန်ငါး/ ပုစွန်/ ငါးခြောက် ရေထွက်ကုန်ပစ္စည်းများ ပြည်တွင်းရှိ အများပြည်သူများ လွယ်လင့်တကူစားသုံးနိုင်ရေးအတွက် သမဝါယမဦးစီးဌာနနှင့် ချိတ်ဆက်ဖြန့်ဖြူးရောင်းချမှုအတွက် ယမန်နေ့ နံနက် ၁၀ နာရီက သထုံမြို့ မြို့နယ်သမဝါယမလီမိတက်တွင် ပူးပေါင်းပါဝင်ဆွေးနွေးခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် သထုံခရိုင်အတွင်းရှိ ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းသူများအား အမျိုးအစားအလိုက် တင်ပို့မှုအပေါ် ကိုက်ညီမှု ရှိ/မရှိ ခရိုင်ရုံးဝန်ထမ်းများက ကြည့်ရှုစစ်ဆေး၍ မျှောစာများ စိစစ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ကွမ်းခြံကုန်းမြို့နယ်မှ**

အဆိုပါဆေးခန်းကို အပတ်စဉ် တနင်္လာနှင့် အင်္ဂါနေ့များတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကွမ်းခြံကုန်းမြို့နယ် ထန်းတောကျေးရွာ မင်းသုဝဏ်ဖောင်ဒေးရှင်းခြံဝင်းအတွင်းရှိ ယင်းဆေးခန်းနေရာ၌ ဖွင့်လှစ်ကုသပေးမည်ဖြစ်သည်။

ဆေးခန်းလာရောက်ပြသမည့်သူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ပေးသွင်းလိုပါက ဖုန်း-၀၉-၇၉၉၃၉၅၇၇၅၆ သို့ ဆက်သွယ်ပေးသွင်းနိုင်ကြောင်း၊ ကြိုတင်စာရင်းမပေးမိပါကလည်း ဆေးခန်းချိန်အတွင်း လာရောက်ပြသနိုင်ကြောင်း သိရသည်။

ယင်းဆေးခန်းကို ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဝန်ဆောင်ပေးနိုင်ရန်အတွက် ရေရှည်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားပြီး အဓိကပံ့ပိုးမှုအနေဖြင့် We Love Kungyangon လူထုအခြေပြု ပရဟိတအဖွဲ့မှ အလှူရှင်များ၏ လှူဒါန်းငွေနှင့် စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သည့်အတွက် ဆေးခန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ စနစ်တကျဖွင့်လှစ်မည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းများ၏ ဝိုင်းဝန်းကူညီပေးမှုနှင့်အတူ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်သံသယလက္ခဏာအပြင် အထွေထွေရောဂါများကို လာရောက်ပြသနိုင်မည်ဖြစ်ရာ လိုအပ်သည့် ဆေးဝါးများကိုလည်း ဆေးခန်းမှ အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**

# မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေး ပြန်လည်ရောက်ရှိလာပြီး ယခုလအတွင်း စတင်လေ့ကျင့်နိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်ဖြစ်သူ ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးသည် မတ်လတွင်ယှဉ်ပြိုင်ကစားရမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းအား လေ့ကျင့်မှုပြုလုပ်ရန် ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် လက်ရွေးစင်အသင်းများအား ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ယခုလအတွင်းလေ့ကျင့်နိုင်ရန် တင်ပြထားကြောင်း သိရသည်။

**လက်ထောက်နည်းပြတစ်ဦး**

အန်တွမ်နီဟေးသည် ကိုဗစ်စည်းမျဉ်းအတိုင်း နိုဗိုတယ်ဟိုတယ်၌ အသွားအလာကန့်သတ်နေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံသို့ မလာရောက်မီ ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးခဲ့သည်။ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေး၏ တောင်းဆိုမှုကြောင့် နိုင်ငံခြားသားလက်ထောက်နည်းပြတစ်ဦး ခန့်အပ်ပေးမည် ဖြစ်ပြီး ဂျာမနီနိုင်ငံသား ခါမေးလ်သည် အန်တွမ်နီဟေးနှင့်အတူ လိုက်ပါလာခြင်း ဖြစ်သည်။ ခါမေးလ်သည် မြန်မာအသင်းကို အန်တွမ်နီဟေး ပထမအကြိမ် ကိုင်တွယ်သည့် ၂၀၁၈ ခုနှစ်တွင်လည်း လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တစ်နှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

**လေ့ကျင့်ပြင်ဆင်နိုင်ရန် ဆောင်ရွက်**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် မတ်လတွင် နှစ်ပွဲ၊ ဇွန်လတွင်တစ်ပွဲ ကစားရမည်ဖြစ်ပြီး မတ် ၂၅ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ ဇွန် ၁၅ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရရှိထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံတကာပွဲကစားရခြင်းမရှိသောကြောင့် အချိန်ယူ လေ့ကျင့်ပြင်ဆင်နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ရန်ကုန်တက္ကသိုလ်၏ ရင်သွေး ပညာရှာသူ ဝိုင်းကူပေးကြသူများ

## ဟိန်းလတ်

(၁)

"မောင်ရင်လေး ထိုင်ကွာ"

ကျွန်တော်က ဆရာကြီးကို လက်အုပ်ချီ ကန်တော့လိုက်ပြီး ထိုင်လိုက်၏။

"မောင်ရင်လေး ကိုယ့်ကိုသိလား"

"သိပါတယ် ခင်ဗျ။ ဆရာကြီးက ဆရာဇော်ဂျီပါ"

"ဒါဆို ကိုယ့်အကြောင်း မောင်ရင်လေး သိသလောက် ပြောစမ်းကွာ"

"ဆရာကြီးရဲ့ အမည်ရင်းက ဦးသိန်းဟန်ပါ။ ဖျာပုံဇာတိပါ။ ဆရာကြီးက ဒုတိယကမ္ဘာစစ်မတိုင်မီက ခေတ်စမ်းစာပေ လှုပ်ရှားမှုကို ဆရာမင်းသုဝဏ်၊ ဆရာသိပ္ပံမောင်ဝတို့နဲ့အတူတူ စတင်လုပ်ဆောင်ခဲ့တဲ့ ခေါင်းဆောင်တစ်ဦးပါ။ ဆရာကြီးရဲ့ ပထမဆုံးကဗျာက "ပိတောက်ပန်း" ကဗျာပါ။ ၁၉၆၃ ခုနှစ်တုန်းက ထုတ်ဝေခဲ့တဲ့ 'ဗေဒါလမ်း ကဗျာတွေ၊ ပြင်သစ်စာရေးဆရာကြီး 'မိုးလျဲ' ရဲ့ ပြဇာတ်ကို မှီငြမ်းရေးခဲ့တဲ့ 'မဟာဆန်ချင်သူ' ပြဇာတ်တို့၊ ၁၉၅၅ မှာ စာပေဗိမာန်ဆုရခဲ့တဲ့ 'သခင်ကိုယ်တော်မှိုင်းဋီကာ' တို့က နာမည်ကျော် လက်ရာတွေပါ။ ဆရာကြီးက အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်က စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ကိုရခဲ့ပြီး ၁၉၄၁ ကတည်းက ရန်ကုန်တက္ကသိုလ်ရဲ့ ပိဋကတ်မှူး ဖြစ်ခဲ့သူပါ"

ကျွန်တော်က ဆရာကြီးကို ကြည့်ကာ တတွတ်တွတ်ပြောနေသဖြင့် ဆရာကြီးက "တော်ပါပြီကွာ"ဟုဆိုကာ လက်ကာပြီး သူ၏ လက်ယာဘက်တွင် ထိုင်နေသူ ခပ်ပိန်ပိန်မျက်မှန်နှင့် ပုဂ္ဂိုလ်ဘက်ကို လက်ညှိုးထိုးပြကာ "သူ့ကိုရော သိလား"ဟု မေးပြန်သည်။

"သိပါတယ်။ ဆရာတိုက်စိုးပါ။ ဆရာကြီးကလည်း ဖျာပုံဇာတိပါပဲ။ ဆရာကြီးရဲ့ နာမည်ရင်းက ဦးသန်းထွတ်။ ဆရာကြီးရဲ့ မင်းတုန်းမင်းစာအုပ်၊ တိုက်စိုးစာတိုနံ့နံ့။ ဆရာမင်းယုဝေနဲ့ တွဲပြီး မြန်မာစာမိတ်ဖွဲ့တို့၊ "စာဆိုနဲ့ သုတေသီ" တို့ရေးခဲ့တာ ကျွန်တော် ဖတ်ဖူးပါတယ်။ ဆရာကလည်း အင်္ဂလန်နိုင်ငံမှာ စာကြည့်တိုက်ပညာ သင်ယူပြီး ရန်ကုန်တက္ကသိုလ်မှာ စာကြည့်တိုက်မှူး လုပ်ခဲ့သူပါ"

ကျွန်တော်ပြောတာတွေကို ဆရာဇော်ဂျီနှင့် ဆရာတိုက်စိုးတို့ဘေးတွင် ထိုင်နေသော အသားဖြူဖြူ ဆံပင်တိုတိုနှင့် ပုဂ္ဂိုလ်ကြီးက သဘောကျပြီး ပြုံးနေသည်။ ယခုထိုင်နေသော ဆရာကြီးများထဲတွင် သူက အသက်အငယ်ဆုံးဖြစ်ပုံရ၏။ သူ့ကိုလည်း ဤတက္ကသိုလ်စာကြည့်တိုက်ကို လာတိုင်းတွေ့မြင်နေ၍ စာကြည့်တိုက်မှူး ဦးသော်ကောင်းမှန်း ကျွန်တော်သိနေသည်။

ကျွန်တော်က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်က ၁၉၇၁ ခုနှစ်တွင် ပထမဆုံးဖွင့်လှစ်မည့် "စာကြည့်တိုက် ဒီပလိုမာဘွဲ့လွန်သင်တန်း" တက်ရောက်ခွင့်ရရန်၊ ယခု လူတွေ့စစ်ဆေးခံရန် ရောက်နေခြင်းဖြစ်၏။ ဤသင်တန်းဖွင့်မည့်ကြော်ငြာကို လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် တွေ့ရှိစဉ်မှစပြီး ကျွန်တော် ရင်တွေခုန်နေ၏။ ဤသင်တန်းသို့ ကျွန်တော်က အလွန်တက်ချင်နေသည်။



ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်။ ဓာတ်ပုံ- မြင့်မောင်မောင်

ဘွဲ့တစ်ခုခုရပြီး မဟာဝိဇ္ဇာ သို့မဟုတ် မဟာသိပ္ပံ အရည်အချင်းစစ် အမှတ်မီသူများ လျှောက်ထားနိုင်သည်ဟု ဆို၏။ လျှောက်လွှာသွားတင်ပြီး ရေးဖြေစာမေးပွဲဖြေရာ ဝင်ရောက်ဖြေဆိုသူဦးရေ နှစ်ရာကျော်ရှိ၏။ ရေးဖြေအောင်စာရင်းထွက်တော့ ကျွန်တော်အပါအဝင် ၄၂ ဦး အောင်သည်ကို သိရသည်။ ထိုအထဲကမှ လူတွေ့ နှုတ်ဖြေစာမေးပွဲဖြေပြီး သင်တန်းသား ၂၀ သာ ရွေးမည်ဆိုတော့ ရင်က တဒိတ်ဒိတ်။

ရေးဖြေစာမေးပွဲတုန်းကတော့ အတော်ပင်ဖြေနိုင်ခဲ့သည်ကို မိမိဘာသာမိမိသိ၏။ "မြန်မာဂန္ထဝင်စာအုပ်တစ်အုပ်ကို ဝေဖန်ချက်ရေးပါ" ဆိုသော မေးခွန်းပါလာရာ ကျွန်တော်က မကြာခဏဖတ်၍ အလွတ်လောက်နီးပါး ရနေသော ဆရာသိန်းဖေမြင့်၏ "အရှေ့က နေဝန်းထွက်သည့်ပမာ" စာအုပ်ကို ရွေးချယ်ကာ စာမျက်နှာ (၅) မျက်နှာမျှပြည့်ပြည့်ဝဝ ရေးချနိုင်ခဲ့၏။ နောက်တစ်ခါ မိမိအကြိုက်နှစ်သက်ဆုံး စာအုပ်တစ်အုပ်အကြောင်း ရေးပါဆိုသော မေးခွန်းကိုလည်း ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ "သူလိုလူ" စာအုပ်အကြောင်းကို ကျွန်တော်အတော်စေ့စေ့ငှငှ ရေးပြနိုင်ခဲ့၏။ အင်္ဂလိပ်ဘာသာကိုလည်း ကျေနပ်လောက်စွာ ဖြေနိုင်ခဲ့သည်။ သို့သော် ရေးဖြေအောင်ပြီးသူ ၄၂ ဦးထဲမှမှ ၂၀ ပဲ ရွေးမည်ဆိုတော့ ကိုယ့်ထက်သာသူ မည်သူတွေ မည်မျှပါမှန်းမသိ၍ အရွေးမခံရမှာ ကြောက်နေသည်။

နှုတ်ဖြေတွင် ကျွန်တော့်ကို ကယ်မည့်သူတစ်ဦး ပေါ်လာ၏။ သူက ဒေါ်ညွှန့်မြင့်၊ ဇမ္ဗူညွှန့်ဟူသော ကလောင်အမည်ဖြင့် ဝတ္ထုရေးနေသူ အမျိုးသားစာကြည့်တိုက်မှ စာကြည့်တိုက်မှူးကြီး။ သူက ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီး မေးသည်။

"မင်းက ဆံပင်ရှည်ရှည်၊ မျက်မှန်ထူထူနဲ့ စာရေးဆရာ၊ ကဗျာဆရာပုံမျိုးပဲ။ စာတွေဘာတွေကော ရေးလို့လား"

ဤမေးခွန်းကျမှ ကျွန်တော့်အကွက် ဝင်သွားသည်။ ကျွန်တော်က ဘွဲ့မရခင်ကပင် လုံးချင်းစာအုပ် သုံးအုပ်ရေးပြီးသူ။ ယခုလည်း မိုးဝေမဂ္ဂဇင်း၊ ရှုထောင့်ဂျာနယ်တွင် ပြဇာတ်များ၊ ဆောင်းပါးများ၊ ဘာသာပြန်များ ရေးနေသူ။ ကလောင်အမည် "ဟိန်းလတ်" ဖြစ်ကြောင်း ပြောပြသည်။ ထိုအခါမှ ထိုင်နေသူတစ်ဦးထဲမှ တစ်ဦးဖြစ်သော ဆရာမင်းကျော်က "ဟိန်းလတ်က ခင်ဗျားကိုး၊ ကျွန်တော် ဖတ်ဖူးတယ်"ဟု ဝင်ပြောသည်။ ဆရာမင်းကျော်က မိုးဝေမဂ္ဂဇင်းမှ ဆရာနတ်နွယ်နှင့် မိတ်ဆွေ၊ မိုးဝေ ဝိုင်းတော်သားပင်ဖြစ်သည်။ သူကလည်း အိန္ဒိယနိုင်ငံမှ စာကြည့်တိုက်ပညာ သင်ယူလာသူဖြစ်၍ ယခု နှုတ်ဖြေစာမေးပွဲတွင် လာရောက်စစ်ဆေးပေးနေသူဖြစ်၏။

နောက်ဆုံးတွင် ဆရာဇော်ဂျီက "ကဲ မောင်ရင်လေး အောင်ပြီလို့သာ မှတ်လိုက်ကွာ။ စာကြည့်တိုက်ပညာကို ကောင်းကောင်းသင်"ဟု ပြောလိုက်သဖြင့် ကျွန်တော်က နှုတ်ဖြေမေးသူ ဆရာကြီး၊ ဆရာမကြီးအားလုံးကို နှုတ်ဆက်ဂါရဝပြုကာ အခန်းထဲမှ ထွက်ခဲ့သည်။ စာကြည့်တိုက်ပညာဌာနကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ၁၉၇၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၁၉၇၂ ခုနှစ် ပညာသင်နှစ်မှစ၍ သင်တန်းများ စဖွင့်သည်။ သင်တန်းစဖွင့်သည့် ပထမသုတ်တွင်ပင် ကျွန်တော် သင်တန်းတက်ခွင့်ရခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဘွဲ့တစ်ခုရပြီးနောက် ရန်ကုန်ဆိပ်ကမ်းကော်ပိုရေးရှင်းတွင် ဝင်လုပ်၏။ ဘွဲ့ရဆိုသော်လည်း အလုပ်ဝင်စတွင် ယာယီနေ့စား အလုပ်သမားအဖြစ် စလုပ်ရသည်။ လုပ်ခက တစ်နေ့ကို သုံးကျပ် ပြားရှစ်ဆယ်။ မြန်မာတစ်နိုင်ငံလုံးတွင် ထိုအချိန်က ယာယီနေ့စားဝန်ထမ်းတွေက တစ်နေ့လုပ်အားခ သုံးကျပ် တစ်ဆယ့်ငါးပြား ရနေချိန်တွင် ဆိပ်ကမ်းကော်ပိုရေးရှင်းက သုံးကျပ် ပြားရှစ်ဆယ် ပေးတာက တော်တော်များနေပြီ။ ထိုအချိန်က ဒံပေါက်တစ်ပွဲကို ဆိတ်သားနှင့် တစ်ကျပ်၊ ကြက်သားဖြင့် တစ်ကျပ် နှစ်ဆယ့်ငါးပြား၊ ကြေးအိုးပွဲကြီးတစ်ပွဲကို တစ်ကျပ်ခွဲဖြစ်သဖြင့် မိဘများထံ ပိုက်ဆံပြန်မပေးရသော ကျွန်တော့်အဖို့ နေ့တိုင်း ဒံပေါက်စားလိုက်၊ ကြေးအိုးသောက်လိုက်၊ လက်ဖက်ရည်သောက်လိုက်ဖြင့်ပင် နှစ်ကျပ်လောက်သာ ကုန်ရာ နောက်ထပ် လက်ကျန်ပိုက်ဆံနှစ်ကျပ်ကို အတော်သုံးရသဖြင့် ညနေဘက် သူငယ်ချင်းများနှင့်ဆုံတော့ ဒကာခံရသည်။ လုပ်အားပေး (၆) လ ကျော်တော့ ကျွန်တော် လက်ထောက်ဆိပ်ကမ်းမှူးရာထူး ရသည်။ အကျီအဖြူ၊ ဘောင်းဘီအဖြူ၊ ကက်ဦးထုပ်အဖြူ၊ ပခုံးထောက်မှာ ရွှေရောင်ရွက်လှေတံဆိပ်နှင့်။ လစာက ၁၂၆ ကျပ်။ နောက်တစ်နှစ်လုပ်ပြီးလျှင် ဆိပ်ကမ်းမှူး ရာထူးရ၏။ ရှေ့ဆက်၍လည်း တက်လမ်းတွေက အဆင့်ဆင့်။ ဘွဲ့ရတစ်ဦးအဖို့ သုံးနှစ်အတွင်း လက်ထောက်ကုန်ဝန်ထောက် (Assistant Traffic Manager) ဖြစ်ရန်ကျိန်းသေသည်။ သို့သော် ဤအလုပ်ကို ကျွန်တော် မပျော်ပိုက်။ အထူးသဖြင့် သင်္ဘောပေါ်မှ ချသောပစ္စည်းများကို ချိန်ခါမလပ်၊ မျက်စိဒေါက်ထောက် စစ်ဆေးနေရသည်။ လုပ်ကိုင်နေသော အလုပ်သမားက တစ်ထောင်ကျော်။ ဂိတ်နံပါတ် (၃) နှင့် (၅) မှနေ၍ အပြင်သို့ ပစ္စည်းထုတ်ကြရာတွင် လမ်းတွင် အဆင့်ဆင့်ကို ဖြတ်သန်းရသဖြင့် ပစ္စည်းအပျောက်အရှများက နေ့စဉ်လိုလို ရှိနေတတ်၏။ ထိုအချိန်က နိုင်ငံပိုင်ပစ္စည်းတစ်ခုခု ပျောက်ဆုံးခဲ့လျှင် တာဝန်ရှိသူများသည် ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်မှုကို ဖျက်ဆီးသည်ဆိုကာ ပုဒ်မ-၆(၁) ဖြင့် ချက်ချင်း အဖမ်းခံရသည်။ အာမခံမရ။ အကယ်၍ ကျွန်တော် တာဝန်ကျနေချိန်တွင် အလုပ်သမား တစ်ဦးဦးက နိုင်ငံခြားသင်္ဘောပေါ်မှချသော အစိုးရပစ္စည်းတစ်ခုခု ပျောက်ဆုံးခဲ့လျှင် ကျွန်တော်အပါအဝင် ထိုနေ့က တာဝန်ကျသူအားလုံး အဖမ်းခံရမည်။ မိမိက မခိုးလည်း တစ်ယောက်ယောက်က ခိုးသွားလျှင်လည်း မိမိတာဝန်ပင်။ ထို့ကြောင့် နေ့စဉ်အလုပ်လုပ်ရသည်မှာ သည်းထိတ်ရင်ဖို၊ ဟိုဆိပ်ကမ်းမှူးတော့ဖြင့် ပါသွားပြီ၊ ဟိုနေ့က ပစ္စည်းပျောက်မှုနဲ့ သက်ဆိုင်ရာက လာခေါ်သွားပြီတဲ့ဆိုသော သတင်းတွေ နေ့စဉ်လိုလို ကြားနေရ၏။ ဘယ်နေ့ ကိုယ့်အလှည့်ရောက်မလဲ။ ထို့ကြောင့် အလုပ်လုပ်ရတာက စိတ်မလုံ။ ထိုအချိန်တွင် သတင်းစာထဲမှ စာကြည့်တိုက်ပညာဒီပလိုမာသင်တန်းခေါ်တော့ အတော်ပဲဖြစ်သွားသည်။ ဤသင်တန်းပြီးလျှင် စာကြည့်တိုက်မှူး လုပ်ရမည်။ မိမိဝါသနာပါသော စာအုပ်များကြားတွင် မွေ့လျော်ပြီး စိတ်အေးချမ်းသာနေရမည့်အလုပ်။ ထို့ကြောင့် တက်လမ်းအလွန်ရှိသော ရာထူးကို သံယောဇဉ်ချက်ချင်းဖြတ်ကာ စာကြည့်တိုက်နယ်ပယ်သို့ ခြေစုံပစ်ဝင်ခဲ့သည်။

(၂)

အဓိပတိလမ်းမကြီးဆုံးအောင် လျှောက်ဝင်ခဲ့ကာ ဘွဲ့နှင်းသဘင်ခန်းမကြီးသို့ မရောက်မီ လက်ဝဲဘက်လမ်းခွဲလေးတစ်ခုကို ချိုးဝင်လိုက်လျှင် အစွန်းထွက်နေသော အဆောင်သည် ဒဿနိကဗေဒဌာနအဆောင်ဖြစ်၏။ ဒဿနိကဗေဒဌာန၏ စာသင်ခန်းများထဲမှ စာသင်ခန်း A3 နှင့် A4 တွင် ကျွန်တော်တို့ "စာကြည့်တိုက်ပညာ ဒီပလိုမာ"သင်တန်းတည်ရှိ၏။ ကျွန်တော်တို့ကို လာရောက်သင်ယူပေးသော ဆရာများက တကယ့်ထိတ်ထိတ်ကြဲ ပညာရှင်ကြီးတွေ။ ဦးသိန်းဟန် (ဆရာဇော်ဂျီ)၊ ဦးသန်းထွတ် (ဆရာတိုက်စိုး)၊ ဆရာဦးသော်ကောင်း၊ ဆရာမ ဒေါ်ညွှန့်မြင့် (ဇမ္ဗူညွှန့်)၊ ဆရာဦးကျော်ဆွေ (မင်းကျော်)၊ ဆရာဦးမောင်မောင် (စိုးမှူး)၊ ပြည်သူ့ဝန်ထမ်းရေးရာဌာနမှ ဆရာဦးတိုးအောင်၊ ကမ္ဘာအေးဗုဒ္ဓတက္ကသိုလ်မှ ဆရာ ဦးထွန်းအောင်၊ တက္ကသိုလ်စာကြည့်တိုက်မှ ဒေါ်ခင်ခင်အုန်း၊ ဆေးသုတေသနဌာနမှ ဒေါ်ခင်သက်ထား စသဖြင့်။

အထူးသဖြင့် ကျွန်တော်က စာပေသမားဖြစ်ရာ ဆရာဇော်ဂျီ၊ ဆရာတိုက်စိုး၊ ဆရာမင်းကျော်တို့ထံမှ အဖိုးတန်ပညာများကို နာကြားသင်ယူခွင့်ရသဖြင့် သင်တန်းကို အထူးတန်ဖိုးထားခဲ့သည်။ အားလပ်ချိန်တွင် ဆရာဇော်ဂျီ၏ အိမ်ရှိရာ ရွှေတောင်ကြားရပ်ကွက်သို့ သွား၍ မြန်မာစာပေသမိုင်းနှင့်ပတ်သက်၍ သိလိုရာတွေ မေး၏။ ဆရာဇော်ဂျီ၏ဇနီး ဆရာမကြီး ဒေါ်စောရင်နှင့်ပါ ခင်မင်ပြီး စားအိမ်သောက်အိမ်ပမာ ဖြစ်ခဲ့ရ၏။ ဆရာဇော်ဂျီ ကြီးကြပ်လုပ်ဆောင်နေသော JBRS ခေါ် "မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်"တွင် ဝင်ရောက်လုပ်အားပေးသည်။

စာမျက်နှာ ၉ သို့ ■

❂ စာကြည့်တိုက်ပညာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ပထမဆုံးပေးသောဘွဲ့ကို ရရှိခဲ့ကြ၍ ကျွန်တော်တို့ များစွာဝမ်းသာဂုဏ်ယူကြပါသည်။ ထို့နောက် မြန်မာတစ်ပြည်လုံးရှိ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်များ အသီးသီးတွင် စာကြည့်တိုက်မှူးတာဝန်များကို ထမ်းဆောင်ကြ၏။ "ပညာရှာသူ တို့ဝိုင်းကူ" ဆိုသော စာကြည့်တိုက်ပညာ၏ ဆောင်ပုဒ်နှင့်အညီ စာအုပ်ရှာဖွေဖတ်ရှုလိုသူများအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရင်း ပီတိကို စားနေကြရ....

❂ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်က စတင်မွေးဖွားပေးခဲ့သော "စာကြည့်တိုက်ပညာဌာန" သည် ၁၉၉၇ ခုနှစ်တွင် "စာကြည့်တိုက်နှင့် သုတပညာဌာန" ဟူ၍ ချဲ့ထွင်ဖွင့်လှစ်နိုင်ခဲ့၏။ ထိုဌာန၏ ပါမောက္ခ/ ဌာနမှူးအဖြစ် တာဝန်ယူသော ဆရာကြီး ဒေါက်တာသော်ကောင်းသည် မြန်မာစာကြည့်တိုက်လောက ရေရှည်ဖွံ့ဖြိုးရေးအတွက် တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးရှင်ပုဲ့ကိုင်ရှင်ကြီးပင်ဖြစ်....

■ စာမျက်နှာ ၈ မှ

ထိုဂျာနယ်ကို သုတေသနပညာရှင် ဦးမောင်မောင်ကြီး (ငြိမ်းကျော်)နဲ့ ဦးမြင့်ဆွေ (တင်ဆွေမိုး)တို့က ကူညီပံ့ပိုး လုပ်ဆောင်နေချိန်ဖြစ်သည်။ ဆရာတိုက်စိုးရှိရာ စမ်းချောင်းအိမ်သို့ သွားသည်။ ဆရာ့ဇနီး တက္ကသိုလ် မြစိမ်းကလည်း "တိုင်းမင်းကြီးသမီး"၊ "ညွှန်ကြားရေးမှူး ချုပ်ကတော်" ဝတ္ထုများဖြင့် ကျော်ကြားနေချိန်ဖြစ်သည်။ ဆရာတိုက်စိုးက အလွန်အေးသည်။ စကားနည်း၏။ ပညာရှိဆိုတာ "တီးမှ မြည်သည့် စည်တော်"ဟူသော ဆိုရိုးစကားအတိုင်း သူ့ကို စစ်စစ်ပေါက်ပေါက်မေးမှ ဖြေတတ်သည်။ ဆရာ့ထံမှ စာပေဗဟုသုတများအပြင် ရှေးဟောင်းသုတေသန ဗဟုသုတတွေပါ တစ်ပုံကြီးရသည်။ ဆရာမင်းကျော်က ရန်ကင်းမှာနေသည်။ သို့သော် မိုးဝေမဂ္ဂဇင်းတိုက်ရှိရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း (၁၁၀) သို့ မကြာခဏလာ၍ ကျွန်တော်နှင့် မိုးဝေမဂ္ဂဇင်းမှာ ဆုံကြ၏။ ထိုစဉ်က "နေနတ်မင်း" ဟူသော အုပ်စုက စာပေလောကတွင် နာမည်ကြီး၏။ "တော်လှန်စာပေ" ဟု သူတို့သုံးဦးက ကြွေးကြော်ရင်းဖြင့် မြန်မာစာပေလောကတွင် တော်လှန်စာပေတစ်ခေတ် ထွန်းကားခဲ့၏။ ထို"နေနတ်မင်း"က ဆရာမောင်နေဝင်း၊ ဆရာနတ်နွယ် နှင့် ဆရာမင်းကျော်တို့ ဖြစ်ကြသည်။ သူတို့ "တော်လှန်စာပေ"နောက်ပိုင်းတွင် "တော်လှန်ကဗျာ" စာအုပ်ကလည်း မှတ်တိုင်တစ်ခု ဖြစ်ခဲ့၏။ "တော်လှန်စာပေ"၊ "တော်လှန်ကဗျာ" အုပ်စုတို့ထဲတွင် ၁၉၇၂-၇၄ ကာလ ကျွန်တော်တို့လည်း ပါဝင်ကျင်လည်ခဲ့၏။ ကျွန်တော်တို့ စာကြည့်တိုက်ပညာ ဒီပလိုမာသင်တန်း ပထမအသုတ်တွင် တက်ရောက်သူ ၁၉ ဦးရှိ၏။

မိန်းကလေးကျောင်းသူများထဲမှ မေကြည်ဝင်းကား အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ယောကျ်ားဆန်၏။ သူနှင့် တစ်တန်းလုံးက မောင်နှမတွေသဖွယ် ချက်ချင်း ခင်မင်သွားသည်။ (နောက်ပိုင်း အမေရိကန်တွင် စာကြည့်တိုက်မှူးလုပ်ရင်း ကွယ်လွန်သွား၏) မစိုးငြိမ်းက အနေအေး၏။ သူ့အဖေရော သူ့အမေရောက ကျွန်တော်လေးစားကြည်ညိုသော စာရေးဆရာကြီး ဆရာတက်တိုးနှင့် ဆရာမနုယဉ်၊ သူ့အစ်ကို သိပ္ပံမင်းကြည်ရော၊ သူ့မောင် ကိုဒွေးအောင်ရောနှင့်က သူငယ်ချင်းတွေ၊ သူက ပြည်သူ့လွှတ်တော် စာကြည့်တိုက်တွင် စာကြည့်တိုက်မှူး လုပ်ခဲ့၏။ မှုမှုသန့်ကလည်း မေကြည်ဝင်းနှင့် သိပ်မခြားနား။ ယောကျ်ားဆန်ဆန်။ သူက ပျော်တတ် နောက်တတ်သည်။ "ဒေါ်လှကြည်"ကမူ ဆေးသုတေသနမှ စာကြည့်တိုက်မှူး ဖြစ်၏။ ခင်ခင်မြင့်က မကွေးကလာသူဖြစ်သည်။ သူကလည်း အမြဲပြုံးပြုံးလေး၊ အေးအေးလေး။ မကွေးတက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ်မှ အငြိမ်းစားယူသွားသည်။ ကျွန်တော်က နောက်ဆုံးတန်းတွင် ထိုင်၏။ ကျွန်တော့်ဘေးက ကိုဝင်းတင်။ သူက စစ်တက္ကသိုလ် နောက်ဆုံးနှစ်ရောက်ပြီး လက်တွေ့ဖုံးခွဲလေ့ကျင့်ရာတွင် လက်ထိခိုက်သွားသဖြင့် ဗိုလ်လောင်းဘဝမှ နုတ်ထွက်ခဲ့ရသူဖြစ်၏။ သူက တပ်မတော်မော်ကွန်းတိုက်မှာ တာဝန်ထမ်းဆောင်နေရင်း ကျောင်းလာတက်သူ။ သူကသမိုင်းကို အတော်နှံ့စပ်သူဖြစ်၍ သူ့ဆီက ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း ဗဟုသုတများ တော်တော်သိရသည်။ (ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အငြိမ်းစား)။ သူ့ဘေးမှာက သိန်းဌေး။ သူက မုံရွာသား။ ပျော်တတ်နောက်တတ်သည်။ ကျောင်းစာကို သိပ်ဂရုမစိုက်။ ထို့ကြောင့် သူစာမေးပွဲ ကျရှုံးသွားသည်။ သို့သော် နောက်ပိုင်း ချင်းတွင်းမဂ္ဂဇင်းတွင် "ပြေလွင်" ကလောင်အမည်ဖြင့် သူရေးသော ဆောင်းပါးများ ဖတ်ရသည်။ ရသလည်းမြောက်၊ အတွေးလည်း နက်၏။ ယခုတော့ သူ ကွယ်လွန်သွားရှာပြီ။ ကျွန်တော့်ခုံတန်းရှေ့တွင် ကိုအေးကြူ၊ ကိုအောင်လှ၊ ကိုဝင်းအောင်တို့ ထိုင်သည်။ ကိုအေးကြူက ခပ်ဝဝ၊ အရပ်ပုပု၊ အသားဖြူဖြူ၊ အမြဲပြုံးနေသည်။ သူက ဇီးကုန်းဇာတိဖြစ်ပြီး တပ်မတော် မော်ကွန်းတိုက်တွင် အရပ်သား ဗိုလ်မှူးတာဝန် ထမ်းဆောင်ခဲ့၏။ ယခု သူကွယ်လွန်သွားရှာပြီ။ ကိုအောင်လှကတော့ စမ်းချောင်းတွင် အင်္ဂလိပ်စာတိကျူ ဦးအောင်လှ ဟူ၍ ကျူရှင်ပြတာ နာမည်ကျော်နေပြီ။ နေ့ရော၊ ညရော အတန်းစုံ ရှင်းပြပြီး မနက်ပိုင်း ကမန်းကတန်း ကျောင်းလာတက်တော့ အတန်းထဲရောက်လျှင် အမြဲအိပ်ငိုက်နေတတ်သည်။ သူက နောက်ပိုင်း အမေရိကန်နိုင်ငံ VOA အသံလွှင့်ဌာနသို့ သွားရောက်လုပ်ကိုင်ကာ ယခုလည်း အမေရိကတွင်ပင် နေထိုင်လျက်ရှိ၏။ ကိုအောင်လှဘေးမှထိုင်သူ ကိုဝင်းအောင်ကတော့ အတန်းသားများထဲမှာ အငယ်ဆုံး။ သူက ရန်ကင်းမြို့နယ်တွင် စာကြည့်တိုက် တည်ထောင်ထားသူဖြစ်သည်။ လူသာငယ်သော်လည်း စာအတော်ဖတ်သည်။ အထူးသဖြင့် ထိုစဉ်ကတည်းက အင်္ဂလိပ်စာအုပ်များ ဖတ်သူ။ သူက ပထမ နိုင်ငံတော်ကောင်စီတွင် စာကြည့်တိုက်မှူးလုပ်ရာက အုပ်ချုပ်ရေးဘက်ပြောင်းသွားကာ ကယားပြည်နယ် အုပ်ချုပ်ရေးမှူး (ပြည်နယ်မင်းကြီး)၊ အငြိမ်းစားယူခါနီးတွင် ညွှန်ကြားရေးမှူး၊ ယခုတော့ သူရော၊ ကျွန်တော်ရော၊ ကိုသိန်းလွင်ရောက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းတွင် ဗဟိုအလုပ်အမှုဆောင်များအဖြစ် တာဝန်ယူနေကြ၏။ ကိုသိန်းလွင်ကတော့ အမေရိကန်နိုင်ငံ ဟာဝိုင်ယီတက္ကသိုလ်မှ စာကြည့်တိုက်ပညာ မဟာဘွဲ့ယူခဲ့ကာ စာကြည့်တိုက်နှင့် သုတပညာဌာနတွင် ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။ သူက စကားပြောလျှင် ဟာသမပါဘဲ မပြောတတ်။ ဘာပဲပြောပြော ရယ်စရာမပါလျှင် မပြီး။ သူစာသင်လျှင်လည်း တပည့်များက တဝါးဝါး ရယ်နေရသည်။ ရှေ့ဆုံးတန်းမှာ ထိုင်ပြီး စာကြိုးစားသူကတော့ ရခိုင်တိုင်းရင်းသား ကိုထွန်းသာအောင်။ စကားပြောလျှင် အထစ်အထစ်နှင့်။ အလွန်သဘောကောင်းသူဖြစ်၏။ ပညာရေးတက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားရှာပေပြီ။ အတန်းထဲတွင် အသက်အကြီးဆုံးက ဦးညွန့်မောင်။ သူက မန္တလေးတွင် စကြာ်သီဟ၊ ဓမ္မာစရိယ ဘွဲ့တွေရခဲ့၍ ရဟန်းဘဝမှ ထွက်ကာ တက္ကသိုလ်တက် ဘီအေဘွဲ့ယူခဲ့သူဖြစ်၏။ ကျွန်တော်တို့ အသက်နှစ်ဆယ်အရွယ်တွေထဲတွင် သူက အသက်လေးဆယ်လောက် ဖြစ်နေပြီ။ ယခုတော့ ၂၀၁၉ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် "မောင်မောင်ညွန့်" (မန်းတက္ကသိုလ်) ပင် ဖြစ်နေပြီ။ ပါဠိစာပေနှင့် ပေပုရပိုက် ပညာရှင်ဖြစ်၏။

အတန်းထဲမှာ လူကောင်အသေးညှက်ဆုံးနှင့် အသံအကျယ်ဆုံးမှာ မန္တလေးမှလာသော ဉာဏ်ထွန်းဖြစ်၏။ နေရာတကာ ဝင်ပါ ဆရာလုပ်တတ်သဖြင့် သူ့ကို "ဉာဏ်ကျယ်လေး"ဟု ခေါ်သည်။ ကိုသိန်းလွင်နှင့် သူက အတွဲညီ၏။ တက္ကသိုလ်လူရွှင်တော်များပေ့ါ။ သူက နောက်ပိုင်း မန္တလေးတက္ကသိုလ်၏ စာကြည့်တိုက်မှူးကြီး ဖြစ်သွားသည်။ အငြိမ်းစားယူပြီးတော့ ILBC တွင် စာကြည့်တိုက်မှူး ဆက်လုပ်၏။ အမြဲတမ်း ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြုံးကြီးနေတတ်သူက မင်းမောင်တိုး။ (နောင်ကျတော့ နိုင်မောင်တိုး) သူက မွန်တိုင်းရင်းသား။ အမျိုးသားမော်ကွန်းတိုက်၏ ညွှန်ကြားရေးမှူး၊ မွန်လူကြီး၊ သင်္ကြန်ဆိုလျှင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံတွင် သူတို့ကျွေးသော သင်္ကြန်ထမင်းဟင်းများ သွားစားရသည်ကို မှတ်မိသေး၏။ နောက်ထပ် သင်တန်းသားများဖြစ်ကြသော ကိုမြညွန့်၊ ကိုကျော်မြ၊ ကိုထွန်းလွင် စသူတို့ကိုကား ကျောင်းဆင်းပြီး နောက်ပိုင်း အဆက်ပြတ်သွားသည်မှာ ယခုထိဖြစ်၍ ဘယ်နေရာ ဘယ်စခန်း ရောက်နေသည်ကို မသိရ။ ကျွန်တော်က စိုက်ပျိုးရေးတက္ကသိုလ် (မန္တလေး)၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ စသည်တို့တွင် စာကြည့်တိုက်မှူးအဖြစ် ၂၆ နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ် ၁၈ နှစ်။ Skynet ရုပ်မြင်သံကြားတွင် အထွေထွေမန်နေဂျာ ခြောက်နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စာကြည့်တိုက်ပညာသင်တန်းမှ ဘွဲ့တစ်ခုရဖို့ကလည်း တော်တော်မလွယ်။ ဝင်ခွင့်စာမေးပွဲ ရေးဖြေ၊ နှုတ်ဖြေ ဖြေခဲ့ရ၊ ပြီးတော့ စာတွေ့ တစ်နှစ်သင်တန်းတက်။ ပြီးတော့ စာကြည့်တိုက်ကြီးများတွင် လုပ်ငန်းခွင် လက်တွေ့သင်တန်းဆင်း၊ ပြီးတော့ စာတမ်းတစ်ခုခုပြု။ ရေးဖြေစာမေးပွဲ ဖြေပြီးလျှင် ဘွဲ့ရရန် နှုတ်ဖြေစာမေးပွဲ ထပ်ဖြေရ။

ကျွန်တော်က နဂိုကပင် စာရေးဆရာကြီး ဒဂုန်တာရာနှင့် ခင်မင်ရင်းစွဲရှိသည်ဖြစ်၍ "ဒဂုန်တာရာ စာစုစာရင်း"ကို ပြုစုပြီး စာတမ်းတင်၏။ ဆရာဒဂုန်တာရာ နေထိုင်ရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟာမစ်တစ် (ယခု မဟာစည်ကျောင်းလမ်း) အနီးမှ အိမ်သို့ မကြာခဏ သွားရသည်။ ဆရာနေတာက ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်း အိမ်ဖြစ်၏။ စာတမ်းရေးရန် အကြောင်းပြုပြီး ဆရာဒဂုန်တာရာနှင့် မကြာခဏ တွေ့ရ၍ သားအဖသဖွယ် ခင်မင်ရင်းနှီးမှု ပိုပြီးရခဲ့သည်။

ဆရာဒဂုန်တာရာ ရေးသမျှ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ၊ လုံးချင်းဝတ္ထုများ အကုန်လုံး ကျွန်တော်ဖတ်ရသည်။ ပြီးတော့ ဆရာဒဂုန်တာရာနှင့် ဆွေးနွေးမေးမြန်းရသည်။ ဤသို့ဖြင့် လုံးဝဥဿုံ ပြည့်စုံသော စာတမ်းတစ်ခု ရေးသားပြီးစီးခဲ့၏။ ထိုစာတမ်းကို စာကြည့်တိုက်ပညာဌာနသို့ တင်ရ၏။ ဤတစ်ခါတွင်လည်း စာတမ်းများကို ဆရာဇော်ဂျီ၊ ဆရာတိုက်စိုး၊ ဆရာဦးသော်ကောင်း၊ ဆရာဦးမောင်မောင်တို့က ဖတ်ပြီး လူတွေ့ ထပ်စစ်ဆေးပြန်သည်။ ဆရာဇော်ဂျီက ကျွန်တော့်ကိုတွေ့တော့ "ကိုဌေးမြိုင် (ဆရာဒဂုန်တာရာ) စာတမ်း မောင်ရင်လေးရေးတာ တော်တော်စုံပါတယ်။ ကိုဌေးမြိုင်လည်း မျက်လုံးမကောင်းဘူး။ မောင်ရင်လေးလည်း မျက်မှန်အထူကြီးနဲ့ မျက်လုံးကောင်းပုံ မပေါ်ဘူး၊ စာကြည့်တိုက်များမှာ ရေရှည်လုပ်ရမှာမို့ မျက်လုံးကို ဂရုစိုက်ကွ"ဟု ဆိုဆုံးမခဲ့သည်ကို ကျွန်တော် မည်သည့်အခါမှ မမေ့ပါ။ ထိုစဉ်က ဆရာဇော်ဂျီက အသက် ၇၀ နီးပါးရှိပြီ။ မျက်မှန် လုံးဝမတပ်။

စာကြည့်တိုက်ပညာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ပထမဆုံးပေးသော ဘွဲ့ကို ရရှိခဲ့ကြ၍ ကျွန်တော်တို့ များစွာဝမ်းသာဂုဏ်ယူကြပါသည်။ ထို့နောက် မြန်မာတစ်ပြည်လုံးရှိ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်များ အသီးသီးတွင် စာကြည့်တိုက်မှူးတာဝန်များကို ထမ်းဆောင်ကြ၏။ "ပညာရှာသူ တို့ဝိုင်းကူ" ဆိုသော စာကြည့်တိုက်ပညာ၏ ဆောင်ပုဒ်နှင့်အညီ စာအုပ်ရှာဖွေ ဖတ်ရှုလိုသူများအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရင်း ပီတိကို စားနေကြရသည်။ နိုင်ငံတကာခေတ်မီ စာကြည့်တိုက်များမှာတော့ ကွန်ပျူတာအွန်လိုင်းစနစ်၊ ဒစ်ဂျစ်တယ်စနစ်များဖြင့် စာအုပ်ရှာပေးကြတာများ၏။ ကျွန်တော်တို့ မြန်မာနိုင်ငံရှိ စာကြည့်တိုက်အများစုကတော့ စာအုပ်စင်များကြားတွင် ခွေးတလုံးလုံးနှင့် "စေတနာ" အရင်းခံပြီး စာဖတ်လိုသူတွေကို ဝိုင်းကူနေကြ၏။ ထို့ကြောင့် "ကွန်ပျူတာနှင့်စေတနာ" ဆိုသော ဆောင်းပါးတစ်ပုဒ်ပင် ကျွန်တော် ရေးခဲ့ဖူး၏။

(၃)

၂၁ ရာစုတွင် စာကြည့်တိုက်ဆိုသည်မှာ စာအုပ်စာတမ်းများကို ရွေးချယ်ဝယ်ယူစုဆောင်းကာ စာဖတ်သူများအတွက် စာအုပ်ငှားသည်ဟုဆိုသော ရည်ရွယ်ချက်များထက် ပိုနေပါပြီ။ စာအုပ်ငှားရုံသာမက စာကြည့်တိုက်ဝန်ဆောင်မှုများက ပိုမိုများပြားလာသည်။ စာကြည့်တိုက်သို့ လာသူများ၏ "လိုအပ်ချက်နှင့် လိုလားချက်" (Wants and Needs) ကို ဖြည့်ဆည်းပေးရန် တာဝန်ရှိလာ၏။ "စာကြည့်တိုက်မှူး" (Librarian) ဆိုသော အခေါ်အဝေါ်မှနေ၍ "သတင်းအချက်အလက် ကျွမ်းကျင်သူ" (Information Specialist)၊ "သတင်းအချက်အလက် ဖလှယ်သူ" (Information Broker)၊ "ဒေတာစီမံခန့်ခွဲသူ" (Database Manager) ဟူ၍ပင် "ပညာရှာသူ ဝိုင်းကူသူ" အမည်မျိုးစုံ ခေါ်တွင်နေကြပါပြီ။

၁၉၇၃ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်က စတင်မွေးဖွားပေးခဲ့သော "စာကြည့်တိုက်ပညာဌာန" သည် ၁၉၈၇ ခုနှစ်တွင် "စာကြည့်တိုက်နှင့် သုတပညာဌာန" ဟူ၍ ချဲ့ထွင်ဖွင့်လှစ်နိုင်ခဲ့၏။ ထိုဌာန၏ ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ယူသော ဆရာကြီး ဒေါက်တာသော်ကောင်းသည် မြန်မာစာကြည့်တိုက်လောက ရေရှည်ဖွံ့ဖြိုးရေးအတွက် တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးရှင် ပဲ့ကိုင်ရှင်ကြီးပင် ဖြစ်ပါသည်။ ယခုအခါ "ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့် သုတပညာ"ဌာနကြီးသည် နှစ်ပေါင်းငါးဆယ်နီးပါး အခါသမယတွင် စာကြည့်တိုက် ပညာဒီပလိုမာဘွဲ့ရသူ ၈၁၂ ဦး၊ စာကြည့်တိုက်ပညာ မဟာဘွဲ့ရသူ ၂၃၅ ဦး၊ မဟာသုတေသနပညာဘွဲ့ရသူ ၈၇ ဦး၊ စာကြည့်တိုက်သုတေသနပါရဂူဘွဲ့ရသူ ၂၉ ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်၏ နှစ်တစ်ရာပြည့် အခါသမယတွင် ဝင့်ထည်တည်ကြည်စွာ ရပ်တည်နေနိုင်ခဲ့ပါပြီ။ ။



## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ မောင်မောင်ဦးဖြစ်သည်။

ရန်ကုန်တက္ကသိုလ်မှ B.Sc, Dip-Lib.Sc, PGD. S.W ဘွဲ့များရခဲ့ပြီး ဩစတြေးလျနိုင်ငံ၊ အမျိုးသားစာကြည့်တိုက်တွင် လက်တွေ့သင်တန်းတက်ခဲ့သည်။

စိုက်ပျိုးရေးတက္ကသိုလ်၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့တွင် စာကြည့်တိုက်မှူး၊ ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ်၊ စကိုင်းနက်ရုပ်မြင်သံကြားအထွေထွေမန်နေဂျာတာဝန်များ ထမ်းဆောင်ခဲ့သည်။

ဆောင်းပါးပေါင်း ၃၀၀၀ ကျော်နှင့် လုံးချင်းစာအုပ် ၁၉၂ အုပ် ရေးသားခဲ့သည်။ အမျိုးသားစာပေဆု (၂) ကြိမ်၊ သုတစွယ်စုံစာပေဆု (၂) ကြိမ်၊ ဖုန်းမော်စာပေဆု (၂) ကြိမ်၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဦးဝင်းတင်စာပေဆုများ ရရှိခဲ့သည်။

---

## လဲချား၌ နောင်ပန်-ဝမ်ယိန်း/ပန်တန် မြေသားလမ်းဖောက်လုပ်

**လဲချား ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် နောင်ပန်-ဝမ်ယိန်း/ပန်တန် ဆက်သွယ်ထားသည့်လမ်းသည် လမ်းအရှည် (၁၂/၄) မိုင်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဧရိယာဖြစ်သော (၄/၄)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းကို ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်တွင် စတင်ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းမှာ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဧရိယာ (၈/၀) မိုင်အပိုင်းမှ ကျောက်လမ်း (၅/၅) မိုင်၊ မြေလမ်း (၂/၄) မိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အဆိုပါလမ်းအား နောင်ပန်ကျေးရွာအုပ်စု နောင်ပန်-ဝမ်ပန်-ဟိုနား-ဝမ်မိုင်-နားကျိုင်းနှင့်ဝမ်ယိန်း/ပန်တန်ကျေးရွာအုပ်စု ဝမ်နောင်-ကောင်းခံနှင့်ပန်တန်ရွာ ဆက်သွယ်သည့်လမ်းဖြစ်သောကြောင့် ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၆၅၂ အိမ်၊ လူဦးရေ ၃၁၃၉ ဦး အသုံးပြုလျက်ရှိသည်။

အဆိုပါ နောင်ပန်-ဝမ်ယိန်း/ပန်တန်မြေသားလမ်း (၄/၄) မိုင် ဖောက်လုပ်ပြီးစီးသွားပါက ဝမ်ယိန်း၊ ပန်တန်၊ ဖန်လမ်းကျေးရွာအုပ်စုသည် အဆိုပါ မြေသားလမ်းမှ လဲချား၊ လွိုင်လင်၊ ပင်လုံ မြို့များသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသူနောင်(ပြန်/ဆက်)**

---

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**







## အလောင်းတော်ကဿပ နတ်ထိပ်အနီး ယာဉ်တိမ်းမှောက်၍ ယာဉ်မောင်းသေဆုံးပြီး ယာဉ်ပေါ်ပါ ၁၆ ဦးဒဏ်ရာရ

**ကနီ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အလောင်းတော်ကဿပ နတ်ထိပ်အနီး၌ ယမန်နေ့ညနေ ၄ နာရီခန့်က အုတ်တင်ယာဉ်တစ်စီးတိမ်းမှောက်ရာ ယာဉ်မောင်းသေဆုံးပြီး ယာဉ်ပေါ်ပါ ၁၆ ဦးမှာ ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုတလင်မြို့မှ ပုလဲမြို့သို့ အုတ်ပို့ပြီး အလောင်းတော်ကဿပ ဘုရားဖူးပြီး အပြန် ကားလမ်းမိုင်တိုင်(၇)မိုင် နတ်ထိပ်အနီး ကွန်ကရစ်လမ်းအဆင်းတွင် ကားဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းဌေးဝင်းမှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ခြောက်ဘီးယာဉ်ပေါ်ရှိ အုတ်တင်အုတ်ချအလုပ်သမား အမျိုးသား ၁၆ ဦးမှာ ဒဏ်ရာများရရှိခဲ့ကာ ၎င်းတို့အား ကပိုင်တိုက်နယ်ဆေးရုံမှတစ်ဆင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

## တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်း ရေထွက်ကုန်ပစ္စည်းများ ကူညီရောင်းချဖြန့်ဖြူး

**နေပြည်တော် ဇန်နဝါရီ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီးသမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ညှိနှိုင်း၍ ကိုဗစ်-၁၉ ဖြစ်ပွားစဉ်ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲများအား ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ရေငန်ငါးမျိုးစုံကို စားသုံးသူ အသင်းသားပြည်သူများသို့ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် ထားဝယ်ခရိုင်အတွင်းရှိ လောင်းလုံးမြို့နယ်သို့ ပိဿာ ၃၀၀ ကိုလည်းကောင်း၊ သရက်ချောင်းမြို့နယ်သို့ ပိဿာ၁၂၀ ကိုလည်းကောင်း၊ ယနေ့တွင် ငါးအမျိုးအစားအလိုက် (ပလာတူးငါး၊ ငါးနီလေး၊ ငါးခေါင်းပွ၊ မြီးဝါငါး) တစ်ပိဿာ ငွေကျပ် ၂၀၀၀၊ ၂၅၀၀ ဈေးနှုန်းဖြင့် အမြတ်မယူ၊ အရှုံးမရှိဟူသော သမဝါယမမူအတိုင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ဘားအံ၊ နမ့်ခမ်း၊ မံစီနှင့် ပင်လည်ဘူးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဘားအံမြို့နယ် ဘားအံ-မော်လမြိုင်ကားလမ်း ဇာသပြင်ကျေးရွာလမ်းဆုံအနီးတွင် စိုးတင့်မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ ကို လည်းကောင်း၊ ထို့နောက် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာအုပ်စု ခရားအတွင်းကျေးရွာရှိ ၎င်းနေထိုင်သည့် နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၁ ပြားကိုလည်းကောင်း။


မအမ်မင်၊ ရဲဝင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ဆင်ဝါးနော်လမ်းထောင့်၌ မနန်းမိုဟွမ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မံစီမြို့နယ် ဟန်ထက်-မန်ရကျေးရွာသွားလမ်း ဟန်ထက်ကျေးရွာအနီး၌ ရဲဝင်းမောင်းနှင်ပြီး မအမ်မင်လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ရှေ့ပြေးဆိုင်ကယ်အဖြစ် အိုက်မန်မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရန် ရပ်တန့်ခိုင်းစဉ် အိုက်မန်က ဆိုင်ကယ်အားထား၍ ထွက်ပြေးလွတ်မြောက်သွားသဖြင့် မော်တော်ဆိုင်ကယ်များကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ဟဲသတ်ကျေးရွာအနီး ကောလင်း-ပင်လည်ဘူးကားလမ်း ကီလိုတိုင်အမှတ် ၈၃ ကီလိုမီတာတွင် ရဲအောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ငါးကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## လယ်ဝေးမြို့ CERP အစီအစဉ်အရ ငါးများကြီးထွားမှု စစ်ဆေး

**လယ်ဝေး ဇန်နဝါရီ ၁၃**

နေပြည်တော် လယ်ဝေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးမင်းနှင့်အဖွဲ့က သစ်ခေါက်ခွကျေးရွာရှိ ဦးမြင့်အောင်၏ ငါးမွေးမြူရေးကန်တွင် CERP အစီအစဉ်အရ နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးအပ်ထားသည့် ငါးမြစ်ချင်း၊ ငွေရောင်ငါးကြင်း၊ ထိုင်းငါးခုံးမကြီး ငါးမျိုးများ၏ ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းတို့အား ယမန်နေ့က ကွင်းဆင်းတိုင်းတာ စစ်ဆေးရာ မွေးမြူကာလ ငါးလတာအတွင်း ငါးမြစ်ချင်း အရွယ်အစားမှာ ကိုးလက်မ၊ အလေးချိန် ၁၀ ကျပ်သား၊ ထိုင်းငါးခုံးမကြီး အရွယ်အစားမှာ ခြောက်လက်မ၊ အလေးချိန် ငါးကျပ်သား၊ ငွေရောင် ငါးကြင်းအရွယ်အစားမှာ ၁၃ လက်မ၊ အလေးချိန် ၄၀ ကျပ်သားနှင့် ရှင်သန်နှုန်းမှာ ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမေရိကန်၌ အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ် နှောင့်နှေးနေခြင်းကြောင့် ယာယီအစိုးရအဖွဲ့အကြီးအကဲများ ခန့်အပ်ရန် ဘိုင်ဒင် စီစဉ်

**ဒီလာဝဲလ် ဇန်နဝါရီ ၁၃**

အမေရိကန်၌ အစိုးရအာဏာလွှဲပြောင်းရေး လုပ်ငန်းစဉ်များ နှောင့်နှေးနေမှုကြောင့် ရွေးကောက်ခံသမ္မတ ဘိုင်ဒင်က ၎င်း အဆိုပြုထားသည့် အစိုးရအဖွဲ့ဝင်များကို လွှတ်တော်မှ အတည်ပြုချက်မထွက်လာ သေးမီ ယာယီအစိုးရအဖွဲ့အကြီးအကဲများ ကို ခန့်အပ်တာဝန်ပေးရန် စီစဉ်လာခဲ့ပြီ ဖြစ်သည်။

ဘိုင်ဒင်သည် လာမည့် ဇန်နဝါရီ ၂၀ ရက် တွင် ကျမ်းသစ္စာကျိန်ဆိုပြီး သမ္မတတာဝန်ကို စတင်ထမ်းဆောင်ရမည်ဖြစ်သည်။ အာဏာ လွှဲပြောင်းရေးလုပ်ငန်းစဉ်များ အမြန်ဆုံး ဆောင်ရွက်ရန် ဘိုင်ဒင်နှင့်၎င်း၏ အာဏာ လွှဲပြောင်းရေးအဖွဲ့က ထရမ့်အစိုးရအား အစောပိုင်းကတည်းက တိုက်တွန်းခဲ့ သော်လည်း ထရမ့်က ရွေးကောက်ပွဲတွင် မဲလိမ်မှုများ ရှိနေသည်ဟူသော စွပ်စွဲချက်များ ဖြင့်သာ အချိန်ကုန်ခဲ့ပြီး အာဏာလွှဲပြောင်းရေး လုပ်ငန်းစဉ်များ ကြန့်ကြာလျက်ရှိသည်။

**ယာယီခန့်အပ်မည့်သူများကို ရွေးချယ်ထား**

ယင်းသို့ နှောင့်နှေးမှုကြောင့် အစိုးရ ယန္တရားကို အမြန်ဆုံးလည်ပတ်ရေး အတွက် ယာယီအကြီးအကဲများကို ခန့်အပ် တာဝန်ပေးရန် စီစဉ်လာရခြင်းဖြစ်သည်။ ဘိုင်ဒင်အနေဖြင့် ယာယီခန့်အပ်မည့်သူများကို ရွေးချယ်ထားပြီးဖြစ်ကာ ထရမ့်အစိုးရအဖွဲ့ဝင် အချို့ကိုလည်း ခန့်အပ်သွားမည်ဖြစ်ကြောင်း အာဏာလွှဲပြောင်းရေးလုပ်ငန်းဆိုင်ရာ တာဝန် ရှိသူများ၏ အဆိုအရ သိရသည်။

ဘိုင်ဒင်အနေဖြင့် အစိုးရအဖွဲ့ဝင်များ၏ အမည်စာရင်းကို တင်သွင်းထားပြီးဖြစ်သော် လည်း အထက်လွှတ်တော်မှ အတည်ပြုမှုကို စောင့်ဆိုင်းလျက်ရှိသည်။ အထက်လွှတ်တော် အနေဖြင့် ဘိုင်ဒင်အဆိုပြုထားသည့် နိုင်ငံခြားရေး ဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကုလသမဂ္ဂ ဆိုင်ရာ အမေရိကန်သံအမတ်ကြီး သောမတ်စ် ဂရင်းဖီးလ်ဒ်တို့ နှစ်ဦးကို အမြန်ဆုံး အတည်ပြု ပေးရန် သံအမတ်ကြီးဟောင်းဦးရေ ၃၀၀ က လက်မှတ်ရေးထိုးကာ တောင်းဆိုခဲ့ကြသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်တွင် "ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံမှာ အမေရိကန်နိုင်ငံရဲ့ ပုံရိပ်ကို မြှင့်တင်ရေးအတွက် အများရဲ့ယုံကြည်မှု ပြန်လည်ရရှိဖို့ ဦးဆောင်မှုကောင်းဖော်ဆောင် ပေးမယ့်သူတွေကို အမြန်ဆုံးအတည်ပြုပေးဖို့ လိုအပ်ကြောင်း" ဖော်ပြပါရှိသည်။



ဘိုင်ဒင်အနေဖြင့် အာဏာလွှဲပြောင်းရေး လုပ်ငန်းစဉ်ကို ပုံမှန်အတိုင်းဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း အမေရိကန်ဖက်ဒရယ်အေဂျင်စီက နိုဝင်ဘာ ၂၃ ရက်ကတည်းက ခွင့်ပြုပေးခဲ့ပြီး ဖြစ်သည်။ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဒီမိုကရက်ပါတီမှ ဘိုင်ဒင် အနိုင်ရရှိကြောင်း နိုဝင်ဘာ ၇ ရက်က ကြေညာ ခဲ့သည်။

ကိုးကား - ဘလွန်းဘာ့ဂ်
ဘာသာပြန် - မေလှဲ့သင်း



မလေးရှားဘုရင် ဆူလ်တန် အဗ္ဗဒူလာ ဆူလ်တန် အာမက်ရှား

# မလေးရှားနိုင်ငံ၌ နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေကြေညာ

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၃**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံတစ်ဝန်း အရေးပေါ် အခြေအနေတစ်ရပ်ကို မလေးရှားဘုရင် ဆူလ်တန် အဗ္ဗဒူလာ ဆူလ်တန် အာမက်ရှားက ဇန်နဝါရီ ၁၂ ရက်တွင် ကြေညာခဲ့သည်။ မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေသည် အလွန်ဆိုးရွားသည့်အတွက် အရေးပေါ်အခြေအနေကြေညာခြင်းဖြစ် ကြောင်း မလေးရှား တော်ဝင်နန်းတော်က ယမန်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အရေးပေါ်အခြေအနေကြေညာချက်သည် ဩဂုတ် ၁ ရက်အထိ သက်ရောက်မှုရှိမည်ဖြစ် ကြောင်းနှင့် ယင်းသို့ လုပ်ဆောင်ခြင်းအားဖြင့် ဆိုးရွားသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကို ထိန်းချုပ်မှုအောက်သို့ စောစီးစွာရောက်ရှိစေမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် ယာဆင်းက ယမန်နေ့က ပြုလုပ်သည့် ရုပ်မြင်သံကြားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေကြေညာထားချိန်တွင် ရွေးကောက်ပွဲများ၊ ပါလီမန်အစည်းအဝေး များနှင့် ပြည်နယ်လွှတ်တော်များကို ကျင်းပလိမ့်မည်မဟုတ်ကြောင်းလည်း မလေးရှား ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံအနေဖြင့် စီးပွားလုပ်ငန်းများကိုမူ ပုံမှန်အတိုင်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်က အလေးထားပြောကြားခဲ့သည်။ မလေးရှား နိုင်ငံ၌ လွန်ခဲ့သည့်တစ်ပတ်အတွင်းက နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၃၀၀၀ ကျော်ဖြင့် စံချိန်တင်ဖြစ်ပွားခဲ့ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက် ခံရသူပေါင်း ၁၄၄၀၀၀ ကျော်နှင့် သေဆုံးသူ ၅၆၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်

# အီရန်နိုင်ငံ၌ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နေထိုင်ရာ နေရာသစ်တစ်ခုဖြစ်လာသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက အီရန်နိုင်ငံ ၌ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့များ လွတ်လပ်စွာ သွားလာ ခွင့်ပြုထားသည့် နေရာသစ်တစ်ခုဖြစ်လာပြီဖြစ်ကြောင်း ယမန်နေ့က စွပ်စွဲပြောကြားခဲ့သည်။

**အဓိကကြိုးကိုင်**

အယ်လ်ခိုင်ဒါအဖွဲ့၏ နံပတ် (၂) ခေါင်းဆောင်သည် ဩဂုတ်လနှောင်းပိုင်းတွင် အီရန်နိုင်ငံ၌ သေဆုံးခဲ့ကြောင်း မိုက်ပွန်ပီယိုက ဝါရှင်တန်မြို့၌ ယမန်နေ့က ပြောကြားခဲ့ သည့် မိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။ ယင်းခေါင်းဆောင်သည် ၁၉၉၈ ခုနှစ်က တန်ဇန်းနီးယား နှင့် ကင်ညာနိုင်ငံတို့ရှိ အမေရိကန်သံရုံးများအား ဗုံးဖောက် ခွဲသည့်ဖြစ်စဉ်များတွင် အဓိကကြိုးကိုင်ခဲ့သူတစ်ဦး ဖြစ် ကြောင်း သိရသည်။

အီရန်အစိုးရအနေဖြင့် ၂၀၁၅ ခုနှစ်ကစပြီး အယ်လ်ခိုင်ဒါခေါင်းဆောင်များအား နိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်ပြုပေးထားပြီး ဘေးကင်း လုံခြုံမှုရှိစေရန် ကူညီထောက်ပံ့ပေးထားကြောင်း မိုက်ပွန် ပီယိုက ဆိုသည်။

ထို့ပြင် အယ်လ်ခိုင်ဒါအဖွဲ့ဌာနချုပ်တစ်ခုကို နိုင်ငံ အတွင်း၌ ထူထောင်ရန်ကိုလည်း အီရန်အစိုးရက ခွင့်ပြုပေး ထားကြောင်း မိုက်ပွန်ပီယိုက ဆိုသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက် ဇာရစ်ဖ်က မိုက်ပွန်ပီယို၏ ပြောကြားချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များသာဖြစ်သည်ဟု ယမန်နေ့က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထား သည်။

သမ္မတထရမ့်အစိုးရအဖွဲ့သည် အာဏာသက်တမ်း မကုန်ဆုံးမီအချိန်ထိ အီရန်နိုင်ငံအပေါ် ဆက်လက်ဖိအား ပေးလျက်ရှိသည်။ အီရန်နိုင်ငံက အကြမ်းဖက်အုပ်စုများ အား ထောက်ပံ့ရန် နိုင်ငံ၏ဝင်ငွေရရှိမှုများကို လျှော့ပေါ့ ဖော်ပြခဲ့သည့်အတွက် အမေရိကန်က အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများကို လွန်ခဲ့သောရက်သတ္တပတ်က အသစ်ထပ်မံချမှတ်ခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်



# အမေရိကန်၌ ကိုဗစ် - ၁၉ ရောဂါကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၄၅၀၀ နီးပါးဖြင့် နေ့စဉ်သေဆုံးမှုစံချိန်တင်

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန်ပြည်ထောင်စု၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၅၀၀ နီးပါးဖြင့် နေ့စဉ် သေဆုံးမှုစံချိန်တင်ခဲ့ပြီးနောက် လေကြောင်းခရီးဖြင့် အမေရိကန်သို့ ရောက်ရှိလာသော ခရီးသည်အားလုံးအနေဖြင့် ကိုဗစ်-၁၉ ရောဂါကင်းစင်ရန် လိုအပ် ကြောင်း အမေရိကန်အစိုးရက ယနေ့ကြေညာသည်။

အဆိုပါ ကန့်သတ်ချက်များသည် ဇန်နဝါရီ ၂၆ ရက်မှ စ၍ အကျုံးဝင်မည်ဖြစ်ပြီး ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်စတင်တွေ့ရှိခဲ့သည့် ဗြိတိန်နိုင်ငံမှလာသော လေကြောင်း လိုင်းများအပေါ် လက်ရှိတားမြစ်ပိတ်ပင်မှုကိုလည်း သက်တမ်းထပ်တိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အတူ အိုင်ယာလန်နိုင်ငံကလည်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်ရန် ဗြိတိန်နှင့် တောင်အာဖရိကမှလာသော ခရီးသည်များအပေါ် ယခင်တားမြစ် ပိတ်ပင်မှုကို သက်တမ်းထပ်တိုးမည်ဖြစ်ကြောင်း သိရသည်။ အိုင်ယာလန်နိုင်ငံသည် လတ်တလောအချိန်၌ ကမ္ဘာပေါ်တွင် တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်သည်။

ရောဂါ စမ်းသပ်စစ်ဆေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအန္တရာယ်အားလုံး ကို ဖယ်ထုတ်နိုင်ခြင်းမရှိသော်လည်း နေအိမ်၌ နေထိုင်ခြင်း၊ နှာခေါင်းစည်း ဝတ်ဆင်ခြင်းများနှင့် တစ်ဦးနှင့် တစ်ဦးအကြား ခပ်ခွာခွာနေခြင်းများကဲ့သို့သော နေ့စဉ် ကြိုတင်ကာကွယ်မှုများနှင့် ပေါင်းစပ်လိုက်လျှင် ခရီးသွားလာမှုကို ပို၍လုံခြုံမှုရှိစေနိုင် ကြောင်း အမေရိကန် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာ ညွှန်ကြားရေးမှူး ရောဘတ်ရက်ဒ်ဖီးလ်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၈၀၀၀၀ ခန့် ရှိလာခဲ့ရာ ယခုအခါ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသည့် နိုင်ငံဖြစ်လာခဲ့သည်။

ထို့အပြင် အမေရိကန်တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၅၀၀၀ ထပ်မံတွေ့ရှိပြီး ရောဂါကြောင့် ၄၄၇၀ သေဆုံးခဲ့ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၂ ဒသမ ၇ သန်း ကျော်ရှိပြီး ၎င်းတို့အနက် ၃၈၀၀၀၀ ခန့်သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ



## ကနေဒါအစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်

**အော့တဝါ ဇန်နဝါရီ ၁၃**

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါသည် နိုင်ငံခြားရေးဝန်ကြီးအသစ်ခန့်အပ်ခြင်းအပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို အပြောင်းအလဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။ လာမည့်နွေဦးတွင် ရွေးကောက်ပွဲရှိနေသည့်အတွက် ထရူးဒေါအစိုးရအဖွဲ့အနေဖြင့် အစိုးရယန္တရားလည်ပတ်မှု ပိုမိုအားကောင်းလာစေရေးအတွက် အစိုးရအဖွဲ့အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်လာခြင်းဖြစ်သည်။

ဆန်းသစ်တီထွင်မှုရေးရာဝန်ကြီး နပ်ဒိဗ်ဘိန်းစ် ရုတ်တရက် နုတ်ထွက်ခဲ့ပြီးနောက် အခြားဝန်ကြီးများစာရင်း အပြောင်းအလဲကိုပါ တစ်ပြိုင်တည်း ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဘိန်းစ်က ၎င်းအနေဖြင့် မိသားစုကိစ္စရပ်များကြောင့် လက်ရှိရာထူးတာဝန်မှ နုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထရူးဒေါသည် ပို့ဆောင်ရေးဝန်ကြီး ဂါနယ်လ်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးခဲ့ခြင်းကြောင့် ဂါနယ်လ်မှာ ငါးနှစ်အတွင်း စတုတ္ထမြောက် နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာခဲ့သည်။ အာကာသယာဉ်မှူးဟောင်းတစ်ဦးဖြစ်သည့် ဂါနယ်လ်မှာ ၁၉၈၄ ခုနှစ်တွင် အမေရိကန်အာကာသယာဉ်နှင့်အတူ အာကာသထဲသို့ ရောက်ရှိခဲ့သည့် ပထမဆုံး ကနေဒါနိုင်ငံသားလည်း ဖြစ်သည်။ ဂါနယ်လ်အနေဖြင့် ဘိုင်ဒင်အစိုးရနှင့် ဆက်ဆံရေးကောင်းမွန်စေရေး၊ တရုတ်နိုင်ငံနှင့် ပဋိပက္ခများအရေးကို အဓိကကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စုတွင် ကိုးနှစ်တာ နေထိုင်ခဲ့ဖူးသည်။

နုတ်ထွက်ခဲ့သည့် ဘိန်းစ်နေရာတွင် ဆန်းသစ်တီထွင်မှု၊ သိပ္ပံနှင့် စက်မှုဝန်ကြီးအဖြစ် ဖရန်ကို ဖိလစ်ပီကို အစားထိုးခန့်အပ်ခဲ့ပြီး လစ်လပ်သွားသည့် ပို့ဆောင်ရေးဝန်ကြီးနေရာတွင် အစိုးရအဖွဲ့ရုံးဝန်ကြီး၏ အတွင်းရေးမှူး အိုမာအယ်ဟာဘရာကို တာဝန်ပေးခဲ့ကြောင်းလည်း သိရသည်။

ကိုးကား- အမ်အက်စ်အမ်၊ ဘာသာပြန်- မေလွဲ့သင်း

## သမ္မတထရမ့်အား ရာထူးမှဖယ်ရှားရေး တောင်းဆိုချက်ကို ဒုသမ္မတ မိုက်ပန့်စ် ပယ်ချ

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီနှင့် ဒီမိုကရက်တို့တောင်းဆိုခဲ့သည့် အခြေခံဥပဒေပြင်ဆင်ချက် ၂၅ အရ သမ္မတထရမ့်ကို ရာထူးတာဝန်မှ ဖယ်ရှားရေး တောင်းဆိုမှုကို ဒုသမ္မတ မိုက်ပန့်စ်က ယမန်နေ့တွင် ပယ်ချခဲ့ကြောင်း သိရသည်။



ပန့်စ်က ပလိုစီထံသို့ ရေးသားခဲ့သည့်စာတွင် "ဒီလိုအရေးယူခိုင်းတဲ့ ဆောင်ရွက်ချက်က ကျွန်တော်တို့ နိုင်ငံရဲ့ အကောင်းဆုံးအကျိုးစီးပွားနဲ့ အခြေခံဥပဒေကို ကာကွယ်ဖို့အတွက် ဖြစ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ မယုံကြည်ပါဘူး"ဟု ပါရှိသည်။ ဆက်လက်ပြီး ဘိုင်ဒင်အစိုးရအတွက် အာဏာလွှဲပြောင်းရေး လုပ်ငန်းစဉ်တွင်လည်း အကောင်းဆုံး ဆောင်ရွက်ပေးမည်ဖြစ်သည်ဟု မိုက်ပန့်စ်က ကတိပြုပြောကြားသည်။

ပန့်စ်က သမ္မတဖယ်ရှားရေး လုပ်ဆောင်ချက်သည် သမ္မတအနေဖြင့် ကျန်းမာရေးမပြည့်စုံမှုအခြေအနေတွင်သာ ဆောင်ရွက်သင့်ပြီး ကျန်အခြေအနေများတွင် သမ္မတကို ဖယ်ရှားရန် ခွင့်ပြုထားခြင်းက "ထိတ်လန့်ဖွယ် ကောင်းသည့် ထုံးတမ်းစဉ်လာ" တစ်ရပ်သာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ နန်စီပလိုစီက ပန့်စ်၏ တုံ့ပြန်ချက်နှင့်စပ်လျဉ်း၍ ယခုထိ မှတ်ချက်တစ်စုံတစ်ရာ မပေးသေးပေ။

ပန့်စ်က ၎င်းအနေဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်က ရွေးကောက်ပွဲရလဒ် အတည်ပြုမှုကို အခြေခံဥပဒေအတိုင်း ဆောင်ရွက်ခဲ့သော်လည်း သမ္မတထရမ့်ကို ဖယ်ရှားခြင်းက နိုင်ငံ၏ စုစည်းညီညွတ်မှု ကွဲပြားစေမည့် လုပ်ရပ်ဖြစ်သောကြောင့် ထရမ့်ကို စွပ်စွဲပြစ်တင်မှု ဆောင်ရွက်ရာတွင်လည်း လွှတ်တော်အမတ်များ အနေဖြင့် ထောက်ခံခြင်းမပြုရန် တိုက်တွန်းခဲ့သည်။

သမ္မတထရမ့်နှင့် ဒုသမ္မတပန့်စ်တို့သည် ဇန်နဝါရီ ၁၁ ရက် ညနေပိုင်း အိမ်ဖြူတော်တွင် သီးခြားတွေ့ဆုံခဲ့စဉ်ကတည်းက ပန့်စ်က ၎င်းအနေဖြင့် သမ္မတထရမ့်ကို ရာထူးမှဖယ်ရှားရန် ဆောင်ရွက်မည် မဟုတ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။ ပန့်စ်အပြင် အခြား အစိုးရအဖွဲ့ဝင်များကလည်း သမ္မတထရမ့်ကို ၎င်း၏သက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်စေရန် ဆန္ဒရှိကြောင်း သိရသည်။

သမ္မတထရမ့်သည် အစိုးရအဖွဲ့ဖွဲ့စည်းကတည်းက ၎င်းအပေါ် သစ္စာရှိမည့်သူအများစုကို ရွေးချယ်ဖွဲ့စည်းထားခြင်းကြောင့် ခန့်မှန်းချက်များအတိုင်း ထရမ့်အစိုးရအဖွဲ့ဝင်အများစုက သမ္မတအား ဖယ်ရှားရေးကို မဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သမ္မတထရမ့်က "အခြေခံဥပဒေ ပြင်ဆင်ချက် ၂၅ က ကျွန်တော့်ကို ဘယ်လိုသက်ရောက်မှုမှ ရှိစေမှာမဟုတ်ပါဘူး။ ဂျိုးဘိုင်ဒင်နဲ့ ဘိုင်ဒင်အစိုးရအတွက်သာ ခြောက်လှန့်နိုင်ပါလိမ့်မယ်" ဟု တုံ့ပြန်ပြောကြားခဲ့သည်။

ကိုးကား- အေအက်ဖ်ပီ
ဘာသာပြန်-မေလွဲ့သင်း

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်

**ဂျကာတာ ဇန်နဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့ စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ သမ္မတဂျိုကိုဝီဒိုဒိုက ကာကွယ်ဆေးထိုးနှံမှုကို ပထမဦးဆုံး ခံယူခဲ့သည်။



လက်ရှိထိုးနှံပေးသည့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး CoronaVac သည် အင်ဒိုနီးရှားပြည်သူများအတွက် ဘေးကင်းလုံခြုံမှုရှိသည်ကို ပြည်သူများအား သိရှိနားလည်စေရန် သမ္မတအိမ်တော်၌ သမ္မတ ဂျိုကိုဝီဒိုဒို ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းကို ရုပ်သံလိုင်းမှတစ်ဆင့် ယနေ့ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

တရုတ်နိုင်ငံ Sinovac Biotech ဆေးဝါးကုမ္ပဏီ၏ CoronaVac ကာကွယ်ဆေးကို ဇန်နဝါရီ ၁၁ ရက်တွင် အင်ဒိုနီးရှားအစိုးရက နိုင်ငံအတွင်းသုံးစွဲရန် အတည်ပြုခဲ့ပြီးနောက် ယခု ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

အသက် ၁၈ နှစ်မှ ၅၉ နှစ်အရွယ် ကျန်းမာရေးဝန်ထမ်း ၁ ဒသမ ၄၅ သန်းကျော်သည် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံမှုကို ခံယူရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီ ဂူနာဒီ ဆာဒီကင်က ပြောကြားခဲ့သည်။

အသက် ၆၀ နှစ်နှင့် အထက်ရှိသူများသည် အမေရိကန်ကာကွယ်ဆေး Pfizer နှင့် ဗြိတိန်ကာကွယ်ဆေး AstraZeneca တို့ကို လက်ခံရရှိချိန်အထိ အချိန်အနည်းငယ် စောင့်ဆိုင်းရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီ ဂူနာဒီ ဆာဒီကင်က ဆိုသည်။

ယခု ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် နိုင်ငံ့လူဦးရေ သန်း ၂၇၀ အနက် ၁၈၂ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၂၇၈ ဦး ထပ်မံတွေ့ရှိပြီး ၃၀၆ ဦး ထပ်မံသေဆုံးခဲ့သည်။ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၅၈၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၂၄၉၀၀ ကျော်ရှိကြောင်း သိရသည်။

ကိုးကား- ဗန်ကောက်ပို့စ်
ဘာသာပြန်- အောင်ကျော်ကျော်

## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၁ ဒသမ ၈ သန်းကျော်ရှိပြီဖြစ်

**ဂျေရုဆလင် ဇန်နဝါရီ ၁၃**

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသူ ၁ ဒသမ ၈ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းနှင့် ယင်းမှာ ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုစတင်ခဲ့သည့် နိုင်ငံများထက် အလျင်မြန်ဆုံးထိုးနှံနိုင်မှုဖြစ်ကြောင်း သုတေသနအဖွဲ့အစည်းတစ်ခုက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ခဲ့ပြီး အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုထိုးနှံခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် အသက် ၁၆ နှစ်နှင့် အထက်အသက်အရွယ်ရှိသည့် အစ္စရေးနိုင်ငံသားအားလုံးကို မတ်လ မကုန်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။ အစ္စရေးသည် ဒီဇင်ဘာ ၁၉ ရက်မှ ဇန်နဝါရီ ၁၁ ရက်အတွင်း လူဦးရေ ၁ ဒသမ ၈၅ သန်း သို့မဟုတ် နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်ကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်းလည်း အစ္စရေးအစိုးရက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အစ္စရေး၌ အသက် ၆၀ နှင့် အထက်ရှိသည့် အစ္စရေးပြည်သူ ၇၀ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများနှင့် အခြားသော ကျန်းမာရေးစင်တာများတွင် တစ်ရက်လျှင် လူဦးရေ ၁၅၀၀၀၀ ကျော်ကို ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်းလည်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနိုင်သော်လည်း ဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကို တင်းကျပ်ထားဆဲဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အလင်းသစ်

## အာရှ- ပစိဖိတ်ဒေသတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် အာရှဖွံ့ဖြိုးရေးဘဏ် ထောက်ပံ့မည်

**မနီလာ ဇန်နဝါရီ ၁၃**

အာရှဖွံ့ဖြိုးရေးဘဏ်က အာရှ-ပစိဖိတ်ဒေသတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးအထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ထားခြင်းတို့ ဆောင်ရွက်ရာတွင် ငွေကြေးပမာဏ များစွာရင်းနှီးမြှုပ်နှံရမည်ဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းစဉ်များဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်က ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ အာဆာကာဝါ မာဆက်ဆူဂူက ပြောကြားခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒေါ်လာ ကိုးဘီလီယံတန်းဖိုးရှိ ထောက်ပံ့ရေးအစီအစဉ်တွင် ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်တစ်ရပ်ပါဝင်မည်ဖြစ်သည်။

အလားတူ အာရှဖွံ့ဖြိုးရေးဘဏ်က ဗိုင်းရပ်စ်ကူးစက်မှုများ ပျံ့နှံ့လျက်ရှိသည့် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများကဲ့သို့သော အာရှ-ပစိဖိတ်ဒေသနိုင်ငံများအား ဒီဇင်ဘာလမတိုင်မီ အရေးပေါ် ငွေကြေးထောက်ပံ့မှုများ ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ခရီးသွားလုပ်ငန်းများ ထိခိုက်သွားသည့် ထိုင်းနှင့် မော်လ်ဒိုက်နိုင်ငံများသို့လည်း အာရှဖွံ့ဖြိုးရေးဘဏ်က ထောက်ပံ့ငွေများ ပေးခဲ့သည်။

အာရှ-ပစိဖိတ်ဒေသတွင်း စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က လိုအပ်သောကူညီထောက်ပံ့မှုများ ထပ်မံဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ အာဆာကာဝါ မာဆက်ဆူဂူက ပြောကြားခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် ခရိုင်ခုနစ်ခုအား အရေးပေါ်အခြေအနေ ထပ်မံကြေညာ



**တိုကျို ဇန်နဝါရီ ၁၃**
ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် အိုဆာကာနှင့် ကျိုတိုအပါအဝင် ခရိုင်ခုနစ်ခုအား ယနေ့တွင် အရေးပေါ်အခြေအနေ ထပ်မံကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါအရေးပေါ်အခြေအနေကြေညာမှုကို ယနေ့ ညနေပိုင်းတွင် ပြုလုပ်သည့် အစိုးရလုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ကြေညာခဲ့ခြင်းဖြစ်သည်။ ယနေ့ အရေးပေါ်အခြေအနေ ကြေညာခဲ့သည့် ခရိုင်များမှာ အိုဆာကာ၊ ဟိုဂို၊ ကျိုတို၊ အာအီချီ၊ ဂီဖူ၊ ဖူကူအိုကာနှင့် တိုချီဂီတို့ဖြစ်ပြီး လွန်ခဲ့သည့်တစ်ပတ်အတွင်းကလည်း မြို့တော်တိုကျိုနှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဂျပန်နိုင်ငံ၏ ခရိုင် ၁၁ ခုတွင် ချမှတ်ခဲ့သည့် အရေးပေါ်အခြေအနေသည် ဖေဖော်ဝါရီ ၇ ရက်အထိ သက်ရောက်မှုရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် အရေးပေါ်အခြေအနေကြေညာခဲ့သည့် ခရိုင်များအနက်မှ ခရိုင်တစ်ခုချင်းစီ၏ လိုအပ်ချက်များအပေါ် မူတည်၍ သင့်လျော်သည့် စည်းကမ်းချက်များကို ချမှတ်ရန်လည်း ဒေသန္တရအစိုးရများအား တောင်းဆိုခဲ့သည်။

လိုအပ်ချက်များရှိပါက လိုအပ်ချက်ပေါ်မူတည်၍ ဗဟိုအစိုးရက အထောက်အပံ့များပေးမည်ဟုလည်း ဝန်ကြီးချုပ် ဆူဂါက ကတိပြုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရတာဝန်ရှိသူများသည် ခရိုင်ခုနစ်ခုကို အရေးပေါ်အခြေအနေကြေညာခဲ့သည့်အပြင် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားများအားလုံး ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်တားမြစ်ပိတ်ပင်ရန်လည်း စီစဉ်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် ပြီးခဲ့သည့်လက ဗြိတိန်နှင့် ဒေသတချို့တွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံသားမဟုတ်သူများကို ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရပ်ဆိုင်းခဲ့သည်။ သို့ရာတွင် အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ် (တိုင်ပေ)မှ စီးပွားရေးလုပ်ငန်းရှင်များကိုမူ ဂျပန်နိုင်ငံအတွင်းသို့ ဆက်လက်ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အလင်းသစ်**

## Sinovac ကာကွယ်ဆေး၏ ထိရောက်မှုနှုန်း နိုင်ငံအလိုက် ကွဲပြားမှုရှိနေ



**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၁၃**
တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးသည် ၅၀ ဒသမ ၄ ရာခိုင်နှုန်း ထိရောက်ကြောင်း ဘရာဇီးသုတေသနပညာရှင်များက ယမန်နေ့တွင် အတည်ပြုခဲ့ပြီး လွန်ခဲ့သည့် သီတင်းပတ်အတွင်းကလည်း ၎င်းတို့ ထုတ်ပြန်ခဲ့သည့် ၇၈ ရာခိုင်နှုန်း ထိရောက်မှုရှိသည်ဆိုသော အချက်နှင့် ကွဲလွဲနေခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

Sinovac ဆေးကို တူရကီ၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဘရာဇီး အပါအဝင် နိုင်ငံများစွာက မှာယူထားပြီးဖြစ်သည်။ တူရကီဆေးပညာရှင်များက Sinovac ဆေး၏ထိရောက်မှုကို ၉၁ ဒသမ ၂၅ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံက ၆၅ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘရာဇီးက ၅၀ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း အသီးသီးထုတ်ပြန်ကြေညာခဲ့ရာ Sinovac ဆေး၏ ထိရောက်မှုမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီဘဲ ကွဲပြားမှုရှိနေသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဘရာဇီးနိုင်ငံ ဘူတန်တန် အင်စတီကျုမှ သုတေသနပညာရှင်များက ကိုဗစ်-၁၉ ရောဂါ လက္ခဏာ အနည်းငယ်ပြသသူမှ ရောဂါလက္ခဏာ ပြင်းထန်သူများအထိ Sinovac ဆေးဖြင့်ကုသရာတွင် ၇၈ ရာခိုင်နှုန်း ထိရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် အဆိုပါစမ်းသပ်မှုတွင် ရောဂါလက္ခဏာမပြသသည့် လူနာများ မပါဝင်ခဲ့ခြင်းကြောင့် ၇၈ ရာခိုင်နှုန်း ကာကွယ်နိုင်စွမ်းရှိကြောင်း ကြေညာခဲ့ခြင်းဖြစ်ပြီး ယင်းသို့သော ရောဂါလက္ခဏာမပြသသည့် လူနာများကို ထည့်သွင်းတွက်ချက်ပါက ဆေးမှာ ၅၀ ဒသမ ၄ ရာခိုင်နှုန်းသာ ထိရောက်မည်ဟု ယမန်နေ့က ထပ်မံကြေညာခဲ့သည်။

အခြား ကိုဗစ်-၁၉ ကာကွယ်ဆေးများဖြစ်သည့် Moderna နှင့် Pfizer ဆေးများ၏ ဆေးအာနိသင်ကို ကမ္ဘာ့နိုင်ငံများက အတည်ပြုရာတွင် ဆေး၏ ထိရောက်နှုန်းမှာ တစ်သမတ်တည်းအဖြေထွက်ခဲ့သော်လည်း Sinovac ဆေး၏ ထိရောက်မှုနှုန်း ကွဲပြားလျက်ရှိနေခြင်းအပေါ် ဝေဖန်မှုအချို့လည်း ရှိနေသည်။

ဘရာဇီးနိုင်ငံသည် Sinovac နှင့် AstraZeneca ဆေးနှစ်မျိုးကို အရေးပေါ် အသုံးပြုရန်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးအာဏာပိုင်များ၏ အတည်ပြုချက်ရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။

**ကိုးကား – ဘီဘီစီ**
**ဘာသာပြန် – မေလှဲ့သင်း**

## AstraZeneca ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၂၀ ဖိလစ်ပိုင် ထပ်မံဝယ်ယူမည်

**မနီလာ ဇန်နဝါရီ ၁၃**
ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်း ၂၀ ထပ်မံဝယ်ယူရန် ဇန်နဝါရီ ၁၄ ရက်တွင် AstraZeneca ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ပုဂ္ဂလိကကုမ္ပဏီများနှင့် ဒေသန္တရ တာဝန်ရှိသူများက AstraZeneca ကာကွယ်ဆေးဝယ်ယူရေးအတွက် ဗဟိုအစိုးရကို ကူညီပေးလျက်ရှိကြောင်း ကာကွယ်ဆေးဝယ်ယူရေးအစီအစဉ် အကြီးအကဲ ကာလစ်တိုဂါဗက်ဇ်က ရုပ်သံရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။ ယခုနှစ် ပထမ သုံးလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဗိုင်းရပ်စ်ကာကွယ်ဆေး ပထမအသုတ် ရောက်ရှိလာစေရန် AstraZeneca ကုမ္ပဏီနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျောထောက်နောက်ခံပြုသည့် COVAX အစီအစဉ်မှရရှိမည့် Pfizer နှင့် တရုတ်နိုင်ငံထုတ် Sinovac မှ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ အရင်ဆုံးရောက်ရှိဖွယ်ရှိကြောင်း ကာလစ်တိုက ဆိုသည်။

အရှေ့တောင်အာရှဒေသတွင် ဒုတိယအဆိုးရွားဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်နှုန်းမြင့်မားနေသည့် ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ကို ထိုးနှံပေးရန် ကာကွယ်ဆေး အလုံးရေ ၁၄၈ သန်း ဝယ်ယူရန် ရည်မှန်းထားသည်။

**ကိုးကား – ဘလွန်းဘာ့ဂ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃ ဒသမ ၄ သန်းကျော်ရှိလာ

**မော်စကို ဇန်နဝါရီ ၁၃**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၈၅၀ ရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃ ဒသမ ၄ သန်းကျော်ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၇၁၀၅၃ ဦးရှိခဲ့သည့်အနက် ၂၈၅၄၀၈၈ ဦးမှာ ရောဂါကူးစက်မှုမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ၆၃၃၇၀ သေဆုံးခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မြို့တော် မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၂၀ ရှိခဲ့ခြင်းကြောင့် မော်စကိုမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၈၇၁၅၃၅ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## ဗြိတိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု များပြားလာသောကြောင့် သာမန်ခွဲစိတ်ကုသမှုများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း NHS ကြေညာ

**လန်ဒန် ဇန်နဝါရီ ၁၃**
ဗြိတိန်နိုင်ငံတွင် ဗီဇပြောင်းဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ပြီးချိန်မှစ၍ ရောဂါကူးစက်မှုနှုန်း သိသိသာသာ မြင့်တက်လာခဲ့ခြင်းကြောင့် အရေးပေါ်မဟုတ်သည့် မည်သို့သော ခွဲစိတ်ကုသမှုမျိုးကိုမျှ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ဗြိတိန်အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဌာန (NHS) က ယနေ့ ကြေညာသည်။ ဗြိတိန်ရှိ ဆေးရုံများတွင် လူနာအရေအတွက် များပြားနေပြီး လူနာတစ်ဦးသည် လူနာခုတင်ရရှိရေးအတွက် လေးနာရီမှ ငါးနာရီကြာမြင့်သည်အထိ စောင့်ဆိုင်းရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ဟာရိုဂိတ်ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့၏ ဆေးရုံတွင် ဇန်နဝါရီ ၅ ရက်၌ ကိုဗစ်-၁၉ ရောဂါ လူနာ ၁၉ ဦးသာ ကုသပေးနေခဲ့ရာမှ ယမန်နေ့တွင်၄၆ဦးကို လက်ခံကုသပေးလျက်ရှိကြောင်း ပြောကြားသည်။ ဗြိတိန်ဆေးရုံများတွင် တက်ရောက်ကုသရလျက်ရှိသည့် လူနာအရေအတွက်၏ ၈၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာများဖြစ်နေပြီး ၎င်းတို့ကို ကုသရန်ရှိနေသည့်အတွက် သာမန်ခွဲစိတ်မှုမျိုးကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း NHS တာဝန်ရှိသူတစ်ဦးက ပြောသည်။ သို့ရာတွင် အရေးပေါ်ခွဲစိတ်ကုသရန် လိုအပ်သူ များနှင့် ကင်ဆာရောဂါရှိသူများကိုမူ ဆက်လက် လက်ခံကုသပေးမည်ဖြစ်ကြောင်း သိရသည်။



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက လူဦးရေ တစ်သိန်းလျှင် ၂၉၉ ဦးနှုန်း ကူးစက်မှုရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း လူဦးရေ တစ်သိန်းလျှင် ၄၈၇ ဦးနှုန်းအထိ ကူးစက်နှုန်း မြင့်တက်လာခဲ့ကြောင်း NHS အစီရင်ခံစာက ဖော်ပြသည်။ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အန်ဒရူးက ဗီပြောင်းဗိုင်းရပ်စ်ကြောင့် ရောဂါကူးစက်နှုန်း မြင့်မားနေဦးမည်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာကာ နေအိမ်မှာပင် နေထိုင်ကြရန် တိုက်တွန်းခဲ့သည်။

**ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – မေလှဲ့သင်း**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၉၂၁၁၉၆၆၂ | ဦး |
| သေဆုံးသူ | ၁၉၇၂၆၈၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၅၉၆၈၂၆၅ | ဦး |

# ရန်ကုန်တက္ကသိုလ်နှင့် ခဲရင့်ရောင်ပန်းချီကားတစ်ချပ်

ဒေါ်ကြည်ကြည်လေး
(ကောင်းထက်တံခွန်မြန်မာစာ)



RC (3) မှ ဌာနမှူး ဦးသန်းထွန်းနှင့် ဆရာ ဆရာမများ။

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာပေတွေ၊ ရုပ်မြင်သံကြားမှ တင်ဆက်မှုတွေကို stay at Home ကာလမှာ ဖတ်ရှုရင်း၊ ကြည့်ရှုရင်း၊ ခံစားရင်းနဲ့ မိမိဘဝ ငယ်ပုံရိပ်တွေ၊ လုပ်သားများကောလိပ် ကျောင်းသူဘဝ၊ ရန်ကုန်တက္ကသိုလ်မှာ မဟာတန်းတက်ခဲ့တဲ့ တက္ကသိုလ်ကျောင်းသူဘဝ၊ တက္ကသိုလ်ဆရာဘဝတွေကို ပြန်လည်တွေးတောမိရင်း ငယ်ဘဝ ငယ်ရိပ်တွေ ပြန်လည်လွမ်းမောမိပါတယ်။ ကံတရားရဲ့ ရိုက်ခတ်မှုတွေကိုလည်း ပြန်လည်ခံစားမိပါတယ်။ ကြွံကြွံခံကာ ကျော်လွှားနိုင်ခဲ့တာကိုလည်း လောကဓံဘဝ အစိတ်အပိုင်းတစ်ခုအနေနဲ့ ကျေနပ်နှစ်သိမ့်မိပါတယ်။

**ခဲရင့်ရောင်ပန်းချီကား တစ်ချပ်**

အမိရန်ကုန်တက္ကသိုလ်ရင်ခွင်မှာ အဖြူရောင်တောက်ပလို့ ပီတိအဟုန် စုံစုံလင်လင်နဲ့ စံစားခဲ့ရတဲ့ ရသတွေရှိသလို သက်ခင်ပြတ်မျှ နှလုံးကြေကွဲရမတတ် ခံစားခဲ့ရတဲ့ အမည်းရောင်ခံစားမှုလည်း ရောယှက်နေလို့ အဖြူအမည်း ရောရာစုံလှတဲ့အတွက် မီးခိုးရောင် ခံစားမှုကလည်း ယှဉ်တွဲပါလာပါတယ်။ အဖြူအမည်း ဆတူရောစပ်လိုက်ရင်တော့ မီးခိုးရောင်ပေ့ါ။ သုခတစ်ဝက် ဒုက္ခတစ်ဝက်ပါ။ ဒါပေမယ့် ဒုက္ခကပိုများနေလေတော့ မီးခိုးရောင်က ပိုရင့်ပြီး မီးခိုးရောင်ရင့် (သို့မဟုတ်) ခဲရင့်ရောင်ပန်းချီ ဖြစ်သွားရပါတယ်။ ကျွန်မဘဝကို လောကဓံပန်းချီဆရာ ခြယ်မှုန်းလိုက်တဲ့ ခဲရင့်ရောင်ပန်းချီကား တစ်ချပ်ပါ။

ငယ်ဘဝပြန်တွေးလိုက်တော့ တက္ကသိုလ်ဝင်စာမေးပွဲကို အ ထ က (၄) ပုဇွန်တောင်က အောင်ခဲ့တာပါ။ စိတ်ကြိုက်မြန်မာစာဘာသာရပ်နဲ့ပါ။ ဆယ်တန်းအောင်ပြီးတာနဲ့ အလုပ်လျှောက်တော့ ဖ၀၄၊ ကုန်သည်လမ်းမှာရှိတဲ့ မြန်မာရေနံကော်ပိုရေးရှင်း (Myanmar Oil Corporation– M.O.C) ရုံးချုပ် ငွေစာရင်းဌာနမှာ အထက်တန်းစာရေးရာထူးခန့်ပါတယ်။ လခ ကျပ် ၃၂၀ ရပါတယ်။ အခု BOC (ရုံးချုပ်)ပဲ ခေါ်ခေါ်၊ MOC (ရုံးချုပ်)ပဲ ခေါ်ခေါ် ရေနံရုံးချုပ်ကြီးဟာ (ကုန်သည်လမ်း ၃၂-လမ်း၊ အောက်လမ်းထိပ်မှာပါ) အခု အမျိုးသားစာကြည့်တိုက်ကြီးအဖြစ် ပြင်ဆင်ပြောင်းလဲလို့ မြို့လယ်ကောင်စာပေဖတ်ရှုရာ လေ့လာစရာ စာကြည့်တိုက်ကြီး ဖြစ်နေပါပြီ။ ကိုယ့်ဘဝက အလုပ်တစ်ဖက်နဲ့ဆိုတော့ ဟိုတုန်းက ဗိုလ်တထောင်ဘုရားလမ်း (အောက်လမ်း)မှာ ရှိခဲ့တဲ့ လုပ်သားများကောလိပ်ကို တက်ခဲ့ရတာပါ။ သက်ကြီးတက္ကသိုလ်လို့လည်း ခေါ်ခဲ့ကြတယ်။ နောက်ပိုင်း အလုပ်ရှိတဲ့ လူတွေတက်လို့ရအောင် ဖွင့်လှစ်ခဲ့တဲ့ တက္ကသိုလ်ပါ။ ရန်ကုန်တက္ကသိုလ်ရဲ့ ပူးတွဲလို့တောင် ဆိုရမှာပါ။ လုပ်သားများကောလိပ်မှာ ပထမနှစ်ကနေ ပဉ္စမနှစ်အထိ ငါးနှစ် တက်ရတာပါ။ ပထမနှစ်မှာ စိတ်ပညာမေဂျာမှာ တက်ခဲ့တာပါ။ ဒုတိယနှစ်ရောက်မှ မြန်မာစာမေဂျာ ပြောင်းခဲ့တာပါ။ ကျောင်းတက်ချိန်ကတော့ ညနေ ၄ နာရီခွဲကနေ ည ၇ နာရီခွဲအထိပါ။

လုပ်သားများကောလိပ်မှာ စာပေသင်ကြားပို့ချပေးတဲ့ ဆရာ ဆရာမတွေက ရန်ကုန်တက္ကသိုလ်က ဝါရင့်ဆရာ ဆရာမကြီးတွေပါ။ သင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေမှာဆိုရင် ဆရာကြီးဦးမြင့်ကြည်၊ ဆရာကြီးဦးမြိုင်သန့်၊ ဆရာကြီးဦးထွန်းမြင့်၊ ဆရာမကြီး ဒေါ်မြမြသန်း (နောင်မှာ ကျွန်မရဲ့ မဟာဝိဇ္ဇာကျမ်း ကျမ်းကြီးကြပ်သူပါ။) ပြီးတော့ ဆရာကြီးဦးအောင်သင်း (တောင်တွင်းအောင်သင်း) တို့ရဲ့ သင်ကြားမှုတွေကို ခံယူခဲ့ရပါတယ်။ အဲဒီတုန်းက ပထမနှစ်မှာ ဒဿနိကဗေဒဘာသာရပ်သင်ပေးခဲ့တဲ့ ဆရာက ဆရာကျော်စွာပါ။ စာရေးဆရာ ချစ်ဦးညိုပါ။

နောက်ဆုံးနှစ်ပြီးတော့ FI (Final Part I) ဝင်ပြီး မဟာဝိဇ္ဇာတက်ခွင့်ရလို့ ရန်ကုန်တက္ကသိုလ်မှာ တက်ရတာပါ။ အဲဒီအချိန်မှာ ကျွန်မ အိမ်ထောင်ကျနေပါပြီ။ အတန်းဖော် သူငယ်ချင်းပါပဲ။ သူက M.E.I.C (မြန်မာထုတ်ကုန် သွင်းကုန်ကော်ပိုရေးရှင်း)က၊ ကိုယ်က ရေနံရုံးချုပ်က၊ ရုံးချင်းက တစ်တိုက်စာ မြေကွက်လပ်ကြီးပဲ ခြားတာပါ။ ကိုယ့်ရုံးခန်းက ဖုန်းဆက်ပြောရင် သူ့ရုံးခန်းက လှမ်းမြင်ရတယ်။

**အတိတ်ရဲ့သံစဉ်တွေ**

ဟိုတုန်းက လုပ်သားများကောလိပ်ကို ညကျောင်းတက်တယ်။ “ညကျောင်း”တက်တယ်ဆိုပြီး ပြောခဲ့တာတွေ၊ “ဗိုလ်တထောင်ဘုရားက ဂိုဒေါင်ကြား” ဆိုပြီး အတွဲတွေ ကျောင်းချိန်မှာ ဗိုလ်တထောင်ဘုရား နောက်ဘက်က ဂိုဒေါင်ကြားမှာ လမ်းလျှောက်ကြတာတွေကို လှောင်ပြောပြောခဲ့တာတွေဟာလည်း အခုတော့ အတိတ်ရဲ့သံစဉ်တွေပါ။ အဲဒီကနေ မဟာတက်ခွင့်ရတော့ ရန်ကုန်တက္ကသိုလ် မဟာကျောင်းသူကြီးဖြစ်ပါပြီ။ FI (Final Part I) နှစ်နှစ်တက်ပြီး ကျမ်းပြုစုရမယ့်အချိန်ပါ။ ရုံးတစ်ဖက်နဲ့ ကျောင်းတက်ရမှာပါ။ ရာထူးတစ်ဆင့်တောင် တက်နေပါပြီ။ ရုံးကလူကြီးတွေကလည်း ရုံးချိန်အတွင်းမှာပဲ ကျောင်းတက်မယ်ဆိုရင် Out Pass ရေးပြီးထွက်၊ ပြီးရင် ရုံးပြန်ဝင်နဲ့ ကျောင်းတက်ခိုင်းတာပါ။

ဘဝရဲ့ အလှည့်အပြောင်းတစ်ခုကို ပြောရမှာပါ။ တစ်ရက် ရုံးမှာအလုပ်လုပ်နေတုန်း၊ စာရင်းတွေ တွက်ချက်နေတုန်း ကျမ်းပြု အတူတူဖြစ်တဲ့ အတန်းဖော် ကိုဝင်းကြည်က ရောက်လာပြီး နင့်ကို ဆရာကြီး ဦးမြိုင်သန့်က ခေါ်ခိုင်းလိုက်တာ၊ အခုလိုက်ခဲ့တဲ့။ ဘာလဲဆိုမေးတော့ တက္ကသိုလ်စာစဉ်နည်းပြရာထူးလျှောက်ထားသူတွေ၊ လူတွေ့စစ်နေတာတဲ့၊ Main ထဲမှာ အခုလိုက်ခဲ့ဆိုတော့ ကိုယ်လည်း Out Pass ရေး။ သူငှားလာတဲ့ လေးဘီးကားနဲ့ ပြေးကြတာ။ တက္ကသိုလ်ဝင်းထဲရောက်တော့ လူတွေ့ စစ်ဆေးခန်းနားလည်း ရောက်ရော လူတွေ့စစ်ဆေးခံမယ့် ဆရာ ဆရာမလောင်းတွေ ခုံတန်းရှည်လေးမှာ ထိုင်စောင့်နေကြတာ အများကြီးပဲ။ ကိုဝင်းကြည်က အခန်းထဲဝင်ပြီး ရောက်ပါပြီ သတင်းသွားပို့မှာပေ့ါ။ မကြာပါဘူး ဆရာကြီး ဦးမြိုင်သန့်က ထွက်လာပြီး “လူတွေ့စစ်ဆေးခံမယ့်လူက ဆံပင်ဖားလျားနဲ့” “ဟင်း” ဆိုပြီး တိုက်ပုံအင်္ကျီထဲက လက်ကိုင်ပဝါကို ထုတ်ကာ “ရော့ခေါင်းစည်းလိုက်တဲ့” ကိုယ်လည်း မျက်နှာချေးတွေသုတ်ပြီး မှင်သေသေ ဝင်ရတာပေ့ါ။ အထဲလည်း ရောက်ရော ဆရာကြီးက မဆွေ (ဆရာမကြီး ဒေါ်သန်းဆွေ) ရေ၊ ဒါ ကျုပ်တပည့်ပဲ၊ မွန်စာကို သင်ပုန်းအပြည့် အလွတ်ရေးတာ တစ်လုံးမမှားဘူး။ သူ့ကိုမှ ဆရာမ မခန့်ရင် ဘယ်သူ့ခန့်မှာလဲတဲ့။ ဒီတော့ ဆရာမကြီးက “သူက အလုပ်မှလျှောက်မထားတာ ဘယ်လိုခန့်မလဲ” ဆိုတော့ ကိုယ့်အတွက်ယူလာတဲ့ Form ကို နာမည်ဖြည့်ထားတယ်။ ရော့ “ဒီမှာ အပြီးဆက်ရေး” ဆိုတော့ ကိုယ်လည်း ကွက်လပ်ဖြည့်ပြီး Form နံပါတ်တပ်ထားတဲ့အတိုင်း စားပွဲပေါ်သွားထပ်၊ ခဏထိုင်စောင့်။ အခန်းထဲက သုံးလေးယောက်စစ်လည်းပြီးရော လူတွေ့စစ်ဆေးခံရတာပါပဲ။ ပြီးတော့ ရုံးပြန်ပြေးပေ့ါ။ နောက် ၁၅ ရက်လောက်လည်းကျရော အလုပ်ခန့်စာ ကျလာပါရော။ စာစဉ်နည်းပြရာထူး၊ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်) ပါ။ (RC–3) တဲ့။ ရက်စွဲကိုတော့ မှတ်မှတ်ရရကို မှတ်မိနေတာပါ။ ၂၂-၁၂-၁၉၈၀ ရက်နေ့ပါ။

**RC (3) က အလှဆုံးပါ**

RC(3) နည်းပြဘဝမှာ အပေါင်းအဖော်တွေက တချို့က RC (1) က ဗိုလ်တထောင်နယ်မြေ၊ RC (2) လှိုင်တက္ကသိုလ်နယ်မြေ၊ RC(3) ကြည့်မြင်တိုင်နယ်မြေရှိပြီး ဒေသကောလိပ် ၁၊ ၂၊ ၃ ဆိုပြီး တက္ကသိုလ်ခွဲ သုံးခုပါ။ တက္ကသိုလ်ဝင်တန်းအောင်၊ ဒေသကောလိပ် နှစ်နှစ်တက်၊ တက္ကသိုလ်ဝင်တန်းအမှတ်၊ ပထမနှစ်အမှတ်၊ ဒုတိယနှစ်အမှတ် သုံးခုပေါင်းပြီးမှ တက္ကသိုလ်ကြီးတွေ (စက်မှုတက္ကသိုလ်တို့၊ ဆေးတက္ကသိုလ်တို့၊ စီးပွားရေးတက္ကသိုလ်တို့ ဆက်ပြီးတက်ရတာပါ။ တတိယနှစ် စတဲ့သဘောပါ။ ဒီနေရာမှာလည်း တက္ကသိုလ်ခွဲ သုံးခုမှာ Regional Collage သုံးခုမှာ ကျွန်မတို့ရဲ့ RC (3) က အလှဆုံးပါပဲ။ ခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင် ဂန္ထဝင်ပေ့ါ။

ဒီလိုနဲ့ စာစဉ်နည်းပြဘဝ တက္ကသိုလ်ဆရာမ ပေါက်စဘဝနဲ့ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်) RC(3) မှာ ၁၉၈၀ ပြည့်နှစ်ကနေ ၁၉၉၀ ပြည့်နှစ်အထိ ဆယ်နှစ်ကာလ တာဝန်ထမ်းဆောင်ခဲ့ရတာပါ။ လုပ်သားများကောလိပ်က ဆရာကြီး ဦးမြိုင်သန့်ရဲ့ တပည့်အပေါ် သင်ကြားမှုတာဝန် ပေးအပ်လိုက်တာပါပဲ။ “ဆရာကောင်း တပည့် ပန်းကောင်းပန်ခဲ့တာလို့ပဲ” မှတ်ယူပါတယ်။ ကိုယ့်ရဲ့ ဘဝတူဆရာမတွေ သုံးလေးနှစ်ဆိုရင် နယ်ပြောင်းတာဝန် (ထရန်စဖာ)နဲ့ တက္ကသိုလ်အသီးသီးကို ထွက်ခွာတာဝန်ထမ်းဆောင်ကြပေမယ့် ကိုယ်ကတော့ ဆယ်နှစ်တာ (၁၉၈၀ – ၁၉၉၀) တာဝန်ထမ်းဆောင်ခဲ့တာပါ။ ဘယ်တက္ကသိုလ်မှ မပြောင်းခဲ့ရပါ။ အတိတ်ပန်းချီ အဖြူရောင်တောက်ပမှုပေ့ါ။ RC(3) မြန်မာစာဌာန ဌာနမှူးက ဆရာကြီးဦးသန်းထွန်းပါ။ ဒုတိယဌာနမှူးက ဆရာမကြီး ဒေါ်စုစုနွယ်ပါ။ အဲဒီတုန်းက မောင်နှမရင်းချာပမာ အတူတူတာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာတင် (တက္ကသိုလ်နှင်းဝေ) (ကွယ်လွန်)၊ ဒေါ်အေးအေးသန့် (မရှယ်လီ) (ကွယ်လွန်)၊ ဆရာမကြီး အစ်မကြီး ဒေါ်တင်အေး၊ ဒေါ်ခင်သီတာ၊ ဦးတိုးရီ၊ ဒေါ်နွယ်နီဝေ၊ ဒေါ်ကြူကြူလှ၊ ဒေါ်ခင်မိုးကျော်တို့နဲ့အတူ ဆရာ ဆရာမဘဝ ဖြတ်သန်းခဲ့ရတာပါ။ ဒေါ်နီလာမင်းဒင်နဲ့ဒေါ်စန္ဒာစိုး၊ ဒေါ်သန်းသန်းဌေးတို့နဲ့လည်း တက်စုံဖွင့် ရွက်ကုန်လွှင့်ခဲ့ပြီး သင်ကြားရေးမှာ အထူးအောင်မြင်ခဲ့တဲ့ တက္ကသိုလ်ဆရာ ဆရာမ လုပ်ဖော်ကိုင်ဖက်တွေပါ။

**စာစီမပြီးတဲ့ RC(3)**

RC (3) ဟာ အရင်က ဟွာကျုံးတရုတ်ကျောင်းပါ။ မော်စီတုန်းအသည်း ရဲရဲနီဆိုပြီး တရုတ်–ဗမာ အရေးအခင်း စဖြစ်ခဲ့တဲ့ ကျောင်းလို့လည်း မှတ်ဖူးပါတယ်။ နောက်ဘက်မှာတော့ စံကားဖြူပင်ကြီး အကြီးကြီး ရှိပါတယ်။ မိုးရွာရင် စံကားဖြူတွေကြွေကျ မြေခနေတာကလည်း “မြက်ခင်းလဲ့လဲ့၊ မြေညီညီ၊ ကံ့ကော်ဝတ်မှုန်စီ၊ ဇာလီပျော်တဲ့ ကျောင်းသင်္ခမ်း၊ လူလေးသွားချင်စမ်း” (မင်းသုဝဏ်) ကဗျာထဲက အတိုင်းပါ။ စာဆိုရဲ့ကျောင်းက ကံ့ကော်ဝတ်မှုန်စီပါ။ ကျွန်မ RC (3) ကတော့ စံကားဖြူပွင့် ရွက်လွှာ၊ ရွက်ကြွေတွေနဲ့ စီနေတာပါ။ စံကားဖြူလွှာစီပါ။ နောက်ဘက် ဘေးဘီဝဲယာမှာတော့ စာသင်ဆောင်တွေ။ လက်တွေ့စမ်းသပ်ခန်းတွေနဲ့ပါ။ နောက်ဘက်မှာတော့ ဝန်ထမ်းအိမ်ရာတွေနဲ့ အကျအနပါ။ ကျောင်းဝင်းပုံစံ အလှအပတွေသာ ရေးရမယ် စာစီရမယ်ဆိုရင်တော့ “စာစီမပြီးတဲ့ RC (3)”ပါပဲ။

ဒီလိုနဲ့ ကျောင်းသူ ကျောင်းသားတွေနဲ့ စည်ကားနေတဲ့၊ အောင်မြင်နေတဲ့ RC (3) ကြီး ၁၉၈၈ ခုနှစ်လည်း ရောက်ရော **၈၈– အရေးအခင်းကြီး**နဲ့ ကြုံတော့တာပါပဲ။ ၈၈–အရေးအခင်းပဲပြောပြော၊ ၈ ရက် ၈ လ ၁၉၈၈ မို့လို့ ရှစ်လေးလုံး အရေးအခင်းပဲဆိုဆို အဲဒီကျောင်းမှာ နဖူးတွေ့ ဒူးတွေ့ပါပဲ။ ဘဝမုန်တိုင်းတစ်ခုပါပဲ။

နောက်နှစ်နှစ်လောက်အကြာ ၁၉၉၀ ပြည့်နှစ်ကာလမှာ ပထမဆုံး ထရန်စဖာ ကျတာကတော့ ပုသိမ်ဒီဂရီကောလိပ်မှာပါ။ ဌာနမှူး ဒေါ်ခင်မေနွဲ့ လက်ထက်မှာပါ။ လက်ထောက်ကထိက ရာထူးလည်း တိုးခဲ့ပါတယ်။ ပုသိမ်ဒီဂရီကောလိပ်ရဲ့ ဆရာမဆောင် မဉ္ဇူဆောင်မှာ နေရပါတယ်။

အဆောင်မှူးက မြန်မာစာဆရာမ ဒေါ်ချိုချိုပါ။ မေဂျာပေါင်းစုံ ဆရာ ဆရာမတွေနဲ့ သုံးနှစ်တာကာလ ဖြတ်သန်းခဲ့ရပါတယ်။ အဲဒီမှာ ထူးခြားတာကတော့ တက္ကသိုလ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအနေနဲ့ ဖောင်ကြီးသင်တန်း တက်ခဲ့ရတာပါပဲ။ အထူးမွမ်းမံသင်တန်းကာလက တစ်လပါ။

၁၉၉၃ ခုနှစ်ကျတော့ ပုသိမ်ကနေ ရန်ကုန်ပြောင်းထရန်စဖာ ကျပါတယ်။ ရန်ကုန်တက္ကသိုလ် Main ထဲကို ရောက်ပါတယ်။ နှစ်နှစ်ခွဲလောက် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ဆရာမကြီးဒေါ်ပို လက်ထက်ပါ။ တောင်ငူဆောင်မှာတော့ စာစဉ်နည်းပြဘဝကနေ နည်းပြရာထူးရကတည်းက တက္ကသိုလ်ဝင်တန်းစာစစ်တာဝန် ယူရပါတယ်။ မတ်လစာမေးပွဲပြီးတာနဲ့ မတ်၊ ဧပြီ နှစ်လလောက် စာစစ်တာဝန်ယူရပါတယ်။ ပင်စင်ယူတဲ့ အချိန်အထိ နှစ်တိုင်း တောင်ငူဆောင်မှာ စာစစ်ခဲ့ရပါတယ်။ စာစစ်အတွေ့အကြုံတွေ တော်တော်ကိုရခဲ့ပါတယ်။ သကြ်ံန်ချိန်ဆို ပညာရေးမဏ္ဍပ်က ဆိုသံ၊ ကသံ၊ သင်္ကြန်သံတွေနဲ့ စာစစ်ခဲ့ရတာတွေက လင်းလက်တောက်ပတဲ့ အဖြူရောင်ပန်းချီကားတစ်ချပ်ပါ။ **စာမျက်နှာ ၁၅ သို့** ❖

RC (3) ဟာ အရင်က ဟွာကျုံးတရုတ်ကျောင်းပါ။ နောက်ဘက်မှာတော့ စံကားဖြူပင်ကြီး အကြီးကြီး ရှိပါတယ်။ မိုးရွာရင် စံကားဖြူတွေကြွေကျ မြေခနေတာကလည်း “မြက်ခင်းလဲ့လဲ့၊ မြေညီညီ၊ ကံ့ကော်ဝတ်မှုန်စီ၊ ဇာလီပျော်တဲ့ ကျောင်းသင်္ခမ်း၊ လူလေးသွားချင်စမ်း” (မင်းသုဝဏ်) ကဗျာထဲက အတိုင်းပါ။ စာဆိုရဲ့ ကျောင်းက ကံ့ကော်ဝတ်မှုန်စီပါ။ ကျွန်မ RC (3) ကတော့ စံကားဖြူပွင့် ရွက်လွှာ၊ ရွက်ကြွေတွေနဲ့ စီနေတာပါ။ စံကားဖြူလွှာစီပါ။ နောက်ဘက်ဘေးဘီ ဝဲယာမှာတော့ စာသင်ဆောင်တွေ။ လက်တွေ့စမ်းသပ်ခန်းတွေနဲ့ပါ။ နောက်ဘက်မှာတော့ ဝန်ထမ်းအိမ်ရာတွေနဲ့ အကျအနပါ။ ကျောင်းဝင်းပုံစံ အလှအပတွေသာ ရေးရမယ် စာစီရမယ်ဆိုရင်တော့ “စာစီမပြီးတဲ့ RC (3)”ပါပဲ။

❖ စာမျက်နှာ ၁၄ မှ

## မြန်မာစာသမားအားလုံးရဲ့ ဘူမိနက်သန်

မြန်မာစာဌာနကတော့ မြန်မာစာ ဆရာ ဆရာမတွေရဲ့ မိခင်ရင်ခွင်ပါပဲ။ မိမိဌာနပါ။ တောင်ငူဆိုတာနဲ့ စာပေခေတ် (၇) ခေတ်မှာ "ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင် ရမ်းနောင် ကုန်းဘောင်နှစ်ခေတ်ခွဲ"ဆိုပြီး စာပေ ခုနစ်ခေတ်ထဲမှာ တောင်ငူပါနေတာပါ။ ပုဂံခေတ်–ပုဂံမင်း။ ပင်းယခေတ်– ပင်းယမင်း၊ အင်းဝခေတ် – အင်းဝမင်း၊ တောင်ငူခေတ် – တောင်ငူမင်းဆိုပြီး တွေးလိုက်တာနဲ့ တောင်ငူဘုရင် နတ်သျှင်နောင်ကို တွဲပြီး မှတ်မိကြတာပေ့ါ။ "တောင်ငူဘုရင် နတ်သျှင်နောင်၊ ဖူးမြော်ခဲ့တဲ့ဘုရားရှင်မွေးလွန်း မင်းနန္ဒာ"ဆိုတဲ့ ဂီတသံပါ ပြန်ကြားရင်းနဲ့ နတ်သျှင်နောင်ရဲ့ နောက်ဆုံးခရီးကို တွေးထင်မိပါတယ်။ နောက်ပြီး ၂၀၁၁ ခုနှစ်တုန်းက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန နှစ်(၆၀)ပြည့် (၁၉၄၁– ၂၀၀၁) အထိမ်းအမှတ်ပွဲ မိတ်ဆုံညစာစားပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့တာ၊ ပါဝင်ဆင်နွှဲခဲ့တာကလည်း အမှတ်တရပါ။ ဆရာကြီးဦးဖေမောင်တင် ရုပ်တုဖွင့်ပွဲတွေ၊ ဆရာဦးခင်အေးရဲ့ မွေးနေ့ပွဲ ကျွေးမွေးပွဲတွေ၊ မြန်မာစာပေနဲ့ ပတ်သက်တဲ့ စာတမ်းဖတ်ပွဲတွေ ပွဲပေါင်းများစွာ နွှဲခွင့်ကြုံရတာရောလွှဲခဲ့တာတွေ များစွာများစွာပါ။ မိခင်ဌာန ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ငူဆောင်ကတော့ မြန်မာစာသမားအားလုံးရဲ့ ဘူမိနက်သန်၊ အောင်မြေမှန်ပါ။ ရန်ကုန်တက္ကသိုလ်မှာ နှစ်နှစ်ကျော်ကျော် တာဝန်ထမ်းဆောင်လည်းပြီးရော RIT ကို ရောက်ခဲ့ရပါတယ်။ ပင်စင်ယူတဲ့အချိန်အထိ (၁၂) နှစ်တာကာလကြာခဲ့တာပါ။ ရန်ကုန်စက်မှုတက္ကသိုလ်ကနေ သိပ္ပံနှင့် နည်းပညာ



စာရေးသူ ရန်ကုန်စက်မှုတက္ကသိုလ်
ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်စဉ်။

ဝန်ကြီးဌာနအောက်မှာ ရန်ကုန်နည်းပညာတက္ကသိုလ်ဖြစ်ခဲ့တာပါ။ RIT၊ YIT ကနေ YTU (Yangon Technology University) ဖြစ်ခဲ့တာပါ။ ဒါပေမယ့် လူတော်တော်များများက စက်မှုတက္ကသိုလ်လို့ပဲ ခေါ်တွင်ခဲ့ကြပါတယ်။

## တစ်ခုတည်းသော တက္ကသိုလ်ကြီး

၁၉၆၄ ခုနှစ် ဆိုဗီယက်ယူနီယံက ဆောက်ပေးထားတာ။ မုခ်ဦးက တိုင်လယ်မှာရွှေပြားနဲ့ ကမ္ပည်းကျောက်ပြားမှာ ဆိုဗီယက်ယူနီယံ(ရုရှား)က တည်ဆောက်သည်ဟု ကမ္ပည်းတင်ထားတာ။ အဲဒီတော့မှ နိုင်ငံခြား အတွေးအမြင်အငွေ့အသက်တွေက ဆိုဗီယက်ယူနီယံဆိုတာကိုးလို့ သိလိုက်ရတာပါ။ ဥပမိရုပ် အလွန့်အလွန်ကောင်းတဲ့ မြန်မာပြည်ရဲ့ တစ်ခုတည်းသော တက္ကသိုလ်ကြီးပါ။ နည်းပညာတက္ကသိုလ်မှာက မြန်မာစာကို ပထမနှစ်ကော ဒုတိယနှစ်ပါ သင်ရတာပါ။ ရုံးစာရေးနည်းတို့၊ ဆီလျော်အောင် ဘာသာပြန်ပါတို့၊ သင်္ဂဟစကားပုံပေါင်းချုပ်လည်း ပါပါတယ်။ အချို့တက္ကသိုလ်တွေမှာလို အက္ခရာစဉ် အနှစ်ချုပ်ဆိုတာလောက်မဟုတ်ပါဘူး။ ပြီးတော့ ကိုယ်တိုင်လေ့လာရမယ့် စာအုပ်လည်းပါပါတယ်။ ပြင်ပဖတ်စာပါ။ ဗဟုသုတဖတ်စာပေ့ါ။ ဒါကအခြားတက္ကသိုလ်ထက် အားသာချက်ပါ။ ၁၉၉၃ ခုနှစ်ကနေ တာဝန်ထမ်းဆောင်လာလိုက်တာ ၁၉၉၇ ခုနှစ်လည်းရောက်ရော **YTU ရဲ့ 97 အရေးအခင်းကြီး** ဖြစ်ပါလေရော။ 96 Dec မှာဖြစ်ပေမယ့် 97 အရေးအခင်းလို့ပဲ မှတ်ယူကြတာပါ။

တက္ကသိုလ်ကျောင်းကြီးရှေ့မှာ ကိုယ်တွေ့ ကြုံခဲ့ရတဲ့ 97 အရေးအခင်းကြီးပါ။ မမေ့နိုင်စရာ အဖြစ်ဆိုးကြီးပါ။ နောက်ဆုံးတော့ တက္ကသိုလ်အားလုံး သုံးနှစ် ပိတ်လိုက်တဲ့အဆင့်ပါ။ 88 အရေးအခင်းက ပထမခဲရင့်ရောင် ပန်းချီကားဆိုရင် 97 အရေးအခင်းက ဒုတိယခဲရင့်ရောင်ပန်းချီပေ့ါ။ ဒီကာလတွေကျော်လွန်ပြီး ၂၀၀၀ ပြည့်နှစ်ကျတော့ ဒုတိယပါမောက္ခဌာနမှူးတာဝန်နဲ့ မိတ္ထီလာ ရေပြင်အတတ်သင်စခန်းမှာ ဖွင့်လှစ်လိုက်တဲ့ M.A.E.U (Myanmar Aerospace Engineering University) မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကိုရောက်ခဲ့တာပါ။ ဌာနမှူးတာဝန်နဲ့ပါ။

YTUမှာ ဌာနမှူးတာဝန် ယူပြီးတဲ့နောက်ပိုင်း ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ခဲ့ရပါတယ်။ ဘွဲ့ယူဝတ်စုံမဟုတ်ပါဘူး၊ ဘွဲ့တက်ပေးရတဲ့ ဝတ်စုံနဲ့ပါ။ ဌာနတိုင်းက ဆရာ ဆရာမတွေက တက်ရတာပါ။ နှစ်စဉ်ကို တက်ရတာပါ။ တစ်ခါတစ်ခါဆိုရင် မနက်ပိုင်းရော ညနေပိုင်းပါ နှစ်ကြိမ် ကျင်းပတာပါ။ နံနက်၊ နေ့လယ် နှစ်ပွဲဆက်တဲ့အခါမျိုးတွေဆို နေ့လယ်ကျောင်းက ကျွေးမွေးပွဲမှာ စားကြသောက်ကြနဲ့။ ပြီးရင် ဘွဲ့နှင်းသဘင်ခန်းမကနေ သူတို့တစ်တွေ ဓာတ်ပုံရိုက်ကြတာကြည့်။ ကိုယ်လည်း ဘွဲ့နှင်းသဘင်ခန်းမအပြင်ပတ်လည်မှာလည်း နှစ်တိုင်း မိခင်ဘွဲ့နှင်းသဘင်ခန်းမမှာ ခိုလှုံရတာကလည်း မမေ့ရက်စရာပါ။

ရန်ကုန်နည်းပညာတက္ကသိုလ်မှာ တာဝန်ယူနေစဉ်အတွင်း ၂၀၁၇ ခုနှစ်ကျတော့ လှိုင်သာယာမှာ WYTU (West Yangon Technology University) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (လှိုင်သာယာ)မှာ ဖွင့်လှစ်ပါတယ်။ အဲဒီမှာလည်း ပူးတွဲတာဝန်ယူခဲ့ရပါသေးတယ်။

သက်ပြည့်ပင်စင်ယူတဲ့နှစ် ၂၀၁၈ ခုနှစ်လည်းရောက်ရော **နာဂစ်မုန်တိုင်းကြီး**နဲ့ ကြုံရတော့တာပါပဲ။ မြို့ထဲက တိုက်အိုတွေဆိုရင် (ကိုယ့်အိမ် အပါအဝင်) ခေါင်မိုးသွပ်ပြားတွေက တောင်ပံတပ်ထားတဲ့အလား "တောင်ပံပါရင် မင်းဆီကို" ဆိုတဲ့အတိုင်း လေထဲမှာဝဲပျံနေတယ်။ အဲဒီမှာ ကျောင်းတစ်လပိတ်ပေ့ါ။ တစ်လပြည့်လို့ WYTU ကို သွားလည်းသွားရော မြင်လိုက်ရတဲ့ မြင်ကွင်းက ကျောင်းအဝင်ဝလမ်းမှာ သစ်ပင်ကြီးတွေက လဲပြို၊ သစ်ပင်ငယ်တွေကပိ။ ကင်န်တင်းဆိုရင် ခေါင်မိုးမရှိ အကာမရှိနဲ့။ ရှင်းလိုက် မုန်တိုင်းကျလိုက်နဲ့ပေ့ါ။ ၂၀၀၈ မှာ နာဂစ်မုန်တိုင်းနှစ်မှာ ပင်စင်က ပြဿနာတက်သေးတယ်။ ကိုယ့်အတွက်က ၂၀၀၈ နာဂစ်မုန်တိုင်းတစ်ခုတည်း မဟုတ်သေးဘူး၊ ပင်စင်မုန်တိုင်းပါ ပါနေတာပါ။ အဲဒီတုန်းက WYTU မှာ ပါမောက္ခချုပ်က ဒေါက်တာဇော်မင်းအောင်ပါ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှာပါ။ ဒါကတော့ ဝန်ထမ်းဘဝ နောက်ဆုံး ခဲရင့်ရောင်ပန်းချီကား နှစ်ချပ်ပေ့ါ။

## ဂါရဝတရားနဲ့ နိဝါတ ဆုံစည်းမှု

အတိတ်ကာလ ပညာရေးဝန်ထမ်းဘဝကို ငဲ့စောင်းကြည့်လိုက်တော့ ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်ပါ။ ကိုယ်က အသက်(၇၀)ပြည့်ပါ။ ပြီးခဲ့တဲ့နှစ် ၂၀၁၉ တုန်းက ရန်ကုန်တက္ကသိုလ်ရဲ့ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ တက်ရောက်နေပါပြီ။ ရန်ကုန်တက္ကသိုလ် RC အပန်းဖြေရိပ်သာမှာ ကျင်းပခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဂါရဝတရားနဲ့ နိဝါတ ဆုံစည်းမှုတစ်ရပ်ပါ။

အခုတော့ ၇–ထိပ်စီးဆရာမကြီးအနေနဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ သက်ကြီးပူဇော်ကန်တော့ခံ ဆရာမကြီးဘဝရောက်နေပါပြီ။ ဘဝရဲ့ နိဂုံးချုပ်ခါနီး ဘဝနေဝင်ချိန်ပေ့ါ။ နေဝင်ချိန်ကို တစ်နေ့တာရဲ့ ညနေဆည်းဆာ အတောက်ပဆုံးအချိန်လို့ ပြောကြပေမယ့် အတောက်ပဆုံးအချိန်ကုန်လွန်သွားရင်တော့ နေဝင်မိုးချုပ်ပါ။ ဘဝရဲ့နိဂုံးပါ။

စာပေတွေ လေ့လာဖတ်ရှုသင်ကြားရင်း စာပေအသိမှတစ်ဆင့် ဘဝအသိ ဘဝအမြင်မှသည် လေ့လာကျင့်ကြံအားထုတ်ရင်း သံသရာခရီးဆက်ကြရမှာပါ။ သံသရာခရီးမစခင်အချိန်တိုကလေးမှာ ရှေ့ဘဝ အစိတ်အပိုင်းတွေရဲ့ ဘဝရိုက်ခတ်မှု ခဲရင့်ရောင်ပန်းချီကားတွေကို "စေ့ငုရင်း" "အနင်းခံရတဲ့ စပါးကသန်တယ်"၊ "အကဲ့ရဲ့ခံရတဲ့လူက ပိုလိမ္မာတယ်"၊ "အထုအထောင်းခံရပါများတဲ့လူက ပိုခံနိုင်ရည်ရှိတယ်" ဆိုတာ တွေးတောဆင်ခြင်ရင်း စိတ်ထဲမှာ ပေါ်လာတဲ့ ကဗျာလေးတစ်ပုဒ်ကတော့ –

**"လောကဓံတရား၏ လက်ခုပ်တွင်းသို့**
**ဘယ်လိုပင် ကျရောက်စေကာမူ**
**ငါကား မတုန်လှုပ် မငိုကြွေး။**
**ကံတရား ရိုက်ပုတ်ခြင်းဒဏ်ကြောင့်**
**ငါ၏ ဦးခေါင်းသည် ရဲရဲနီနေ၏။**
**သို့သော် ငါကားမညွတ်"**

ဆိုတဲ့ William Ernest Hanley ရဲ့ ကဗျာ၊ ဗိုလ်ချုပ်အောင်ဆန်း ဘာသာပြန်ထားတဲ့ကဗျာကို ရွတ်ဆိုမိရင်း "ငါသာလျှင် ကံ၏အရှင်သခင်၊ ငါသာလျှင် စိတ်၏အကြီးအကဲ"ဟု မှတ်ယူရင်း ရန်ကုန်တက္ကသိုလ်နှင့်ခဲရင့်ရောင်ပန်းချီကားတစ်ချပ်ကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည် – ဒေါ်ကြည်ကြည်လေး
(ကောင်းထက်တံခွန် မြန်မာစာ)
ပညာ – မဟာဝိဇ္ဇာ မြန်မာစာ (စာပေ)
အရည်အချင်း ရန်ကုန်တက္ကသိုလ်
မဟာဝိဇ္ဇာကျမ်း – ရာမဇာတ် မြစ်ဖျားခံရာနှင့်
ရာမဇာတ် ရေစီးကြောင်း
(၁၉၈၂–အောက်တိုဘာ)

**အမှုထမ်းခဲ့သည့် တက္ကသိုလ်များ**

၁။ ၁၉၈၀–၁၉၉၀ ပြည့်နှစ်
ရန်ကုန်တက္ကသိုလ်(ကြည့်မြင်တိုင်နယ်မြေ)
နည်းပြ
၂။ ၁၉၉၀–၁၉၉၃ ခုနှစ်
ပုသိမ်ဒီဂရီကောလိပ်၊ပုသိမ်မြို့ လ/ထကထိက
၃။ ၁၉၉၃–၁၉၉၅ ခုနှစ်
ရန်ကုန်တက္ကသိုလ် (ပင်မ) လ/ထကထိက
၄။ ၁၉၉၆–၂၀၀၈
(၁) ရန်ကုန်စက်မှုတက္ကသိုလ်(R.I.T, Y.I.T)
ရန်ကုန်နည်းပညာတက္ကသိုလ် (Y.T.U)
ကြို့ကုန်း၊ ကထိက (ဌာနမှူး)
(၂) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(MAEU) မိတ္ထီလာ
ကထိက(ဌာနမှူး)
(၃) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
လှိုင်သာယာ (WYTU ဒုတိယပါမောက္ခ/ဌာနမှူး)
လက်ရှိ – ရန်ကုန်တက္ကသိုလ်၏ သက်ကြီးကန်တော့ခံ

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ညတွင် ဆက်လက်ဖျော်ဖြေမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ (၇၅) ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ်သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် ညတွင် ပွဲစဉ် ( ၆ ) ကို ဆက်လက်ဖျော်ဖြေမည် ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်သန်းထွန်းလေး၊ မောင်သိန်းဝင်း၊ စန္ဒရားတင်ကိုကို၊ ချိုဝေလွင်၊ ခင်ညွန့်ရည်၊ ပိုးအိစံနှင့် ရွှေဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ်ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယမြောက်ဘက်မှ လာရောက်ဆောင်းခိုသည့် ဟိမဝန္တာလင်းတကို ဖမ်းဆီးထိန်းသိမ်းစောင့်ရှောက်

**ပိန်းဇလုပ် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ (၁) ရပ်ကွက် ရန်ကုန်–မန္တလေး ကားလမ်းဘေးအနီးရှိ ဒေသခံပြည်သူတစ်ဦး၏ နေအိမ်ခြံဝင်းအတွင်း၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က လင်းတငှက်ကြီးတစ်ကောင်ဖမ်းဆီးရမိခဲ့၍ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ငှက်ချစ်သူ ဒေသခံပြည်သူ မနော်ဘွေဖောထံမှ သိရသည်။

"ဒီငှက်က အကြောင်းတစ်ခုခုကြောင့်ဒဏ်ရာရပြီး မပျံနိုင်တော့ဘဲ ခြံထဲပြုတ်ကျလာလို့ ဖမ်းဆီးထိန်းသိမ်းစောင့်ရှောက်ထားတာပါ။ အစာအဖြစ်သားငါးကျွေးတာ စားသောက်နိုင်ပါတယ်"ဟု ၎င်းကပြောသည်။ အဆိုပါ လင်းတငှက်မှာ မြန်မာနိုင်ငံအတွင်း နေထိုင်သည့် ဌာနေငှက်မျိုးမဟုတ်ကြောင်း၊ ဆောင်းရာသီတွင် ဒေသပြောင်းရွှေ့ကျက်စားသော ငှက်မျိုးစိတ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ အိန္ဒိယမြောက်ဘက်မှ လာကြကြောင်း၊ ဟိမဝန္တာလင်းတ Himalayan Griffon အသားစားငှက်အမျိုးအစားဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာသီရိဒေဝီအောင်၏ ပြောပြချက်အရ သိရသည်။

လင်းတငှက်များသည် စွန့်ပစ်အသေကောင်သတ္တဝါများကို စားသုံးသည့်အတွက် ပတ်ဝန်းကျင်ကို သန့်ရှင်းပေးသကဲ့သို့ ယင်းအသေကောင်များမှ ဗိုင်းရပ်စ်များပျံ့နှံ့မှုကိုလည်း တားဆီးပေးရာရောက်ကြောင်း၊ ယင်းကြောင့် လင်းတငှက်များကို စည်ပင်သာယာငှက်ဟုပင် တင်စားခေါ်ဝေါ်ကြကြောင်း သိရသည်။

ထိုကဲ့သို့ ဆောင်းခိုငှက်များ လာရောက်ကျက်စားချိန်တွင် ငှက်များဘေးမဲ့ပေးရန်၊ ပစ်ခတ်ဖမ်းဆီးခြင်း၊ နှောင့်ယှက်ခြင်းမပြုကြရန်၊ ငှက်များတွင် တစ်စုံတစ်ခုသောအကြောင်းကြောင့် ဒဏ်ရာအနာတရဖြစ်ပြီး မပျံသန်း၍ ပြုတ်ကျလာခြင်း၊ တွေ့ရှိဖမ်းဆီးရမိခြင်းတို့ရှိပါက နီးစပ်ရာသစ်တောဦးစီးဌာနများသို့လည်းကောင်း၊ နေပြည်တော်သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သစ်တောဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။ **ပိန်းဇလုပ်–သိန်းညွန့်**



**COVID– 19 ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကိုဗစ်-၁၉ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်

ကြေးမုံ
ဇန်နဝါရီ ၁၄၊ ၂၀၂၁

## ပုဂ္ဂလိကကဏ္ဍကို ပိုမိုတွန်းအားပေးဆောင်ရွက်သွားမည်



ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းလာစေဖို့အတွက် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို လက်ခံစိစစ်ခွင့်ပြုပေးခြင်းထက် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများ ဖန်တီးပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် များမကြာမီ အချိန်အတွင်းမှာ ပြည်တွင်းပြည်ပနဲ့ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုတွေ အကောင်အထည်ဖော်တဲ့ အခြေခံအဆောက်အအုံတွေပေါ်လာနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

COVID-19 ကာလအတွင်းနဲ့ COVID-19 ကာလအလွန်များမှာပါ စီးပွားရေးတုံ့ပြန်မှုအပေါ် အခြေခံပြီး ဘဏ္ဍာရေးနဲ့ ငွေကြေးလုံ့ဆော်မှုများကို ထိရောက်စွာ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အသုံးစရိတ်များကိုလည်း ထိရောက်တဲ့နေရာများမှာ ပိုမိုသုံးစွဲပြီး ပုဂ္ဂလိကကဏ္ဍကို ပိုမိုတွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၁-၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူးနေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဇန်နဝါရီ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၂၃ ဦး တွေ့ရှိ

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၂-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၈၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂၃) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၇၆၉) ခု | (၈၅) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၂၇) ခု | (၂၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၇၈) ခု | (၂၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၈) ခု | (၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၄၆) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မုံရွာ) | (၁၄၂) ခု | (၁) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၄၂) ခု | (၁၀) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀၇) ခု | (၂၀) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁) ခု | (၁) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၃) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၉) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၁) ခု | (၁၀၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၆၄၄) ခု | (၂၄၂) ဦး |
| စုစုပေါင်း | (၁၇,၈၂၇) ခု | (၅၂၃) ဦး |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း(test positivity rate)မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၄-၁-၂၁ | ၅-၁-၂၁ | ၆-၁-၂၁ | ၇-၁-၂၁ | ၈-၁-၂၁ | ၉-၁-၂၁ | ၁၀-၁-၂၁ | ၁၁-၁-၂၁ | ၁၂-၁-၂၁ | ၁၃-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၆,၉၉၀ | ၁၉,၇၇၀ | ၁၇,၂၇၉ | ၁၈,၉၅၃ | ၂၀,၁၆၄ | ၁၉,၈၀၆ | ၁၅,၉၃၃ | ၁၈,၂၅၇ | ၂၁,၇၉၉ | ၁၇,၈၂၇ |
| ပိုးတွေ့လူနာ | ၅၉၀ | ၆၄၇ | ၅၉၆ | ၅၆၄ | ၇၁၁ | ၅၆၆ | ၅၁၁ | ၅၈၂ | ၅၅၁ | ၅၂၃ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၅ | ၃.၃ | ၃.၅ | ၃.၀ | ၃.၅ | ၂.၉ | ၃.၂ | ၃.၂ | ၂.၅ | ၂.၉ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၄-၁-၂၀၂၁)ရက်နေ့မှ (၁၃-၁-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ(၁၈,၈၁၃)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက်(mask and face shield campaign)၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၁၃-၁-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၈၂၇) ဦး | (၂,၀၅၅,၅၅၇) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၂၃) ဦး | (၁၃၂,၂၆၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၆၀) ဦး | (၁၁၅,၆၂၁) ဦး |
| သေဆုံးလူနာ | (၂၄) ဦး | (၂,၈၀၂) ဦး |

- ယနေ့ သေဆုံးသူ (၂၄) ဦးအနက် ရောဂါအခံရှိသူ(၂၁)ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း(၅၆၀)ဦးတွင် -
  - ဆေးရုံများ - (၄၄၇) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၁၁၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း(၁၆၉)ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၃

COVID-19 ရောဂါ ဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာမျှဝေပေးမည့် "ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်းသိကောင်းစရာ အမေး/အဖြေအစီအစဉ်"ကို နိုဝင်ဘာ ၂၅ ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့ ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၁၄ ရက် (ကြာသပတေးနေ့) ညနေတွင် ဒစ်ဂျစ်တယ်မီဒီယာနှင့် Marketing လက်တွေ့အကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်အား WE Distribution/ Yangon Book Plaza (CEO) မြေမှုန့်လွှင့်နှင့် Food Writer, Food Blogger, Tv Food Presenter ဒေါ်ချိုဝတ်ရည် (Wutyee Food House) တို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

**ဒစ်ဂျစ်တယ် မီဒီယာနှင့် ဈေးကွက်ကဏ္ဍ၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများဆိုင်ရာ ဗဟုသုတ မျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၁၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ ဒီအစီအစဉ်မှာ ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက်လုပ်ငန်းကဏ္ဍတွေမှာ အပြောင်းအလဲအသစ်တွေနဲ့အတူ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေက ဘယ်လိုရှိနေသလဲ ဆိုတဲ့ အကြောင်းအရာတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ မြန်မာနိုင်ငံ ကြော်ငြာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ TODAY Ogilvy Myanmar မှ Chairman ဒေါက်တာသာထွန်းဦးနဲ့ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းတို့က ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပထမဦးဆုံးမေးခွန်းအနေနဲ့ ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်မီဒီယာကို ကူးပြောင်းသွားတဲ့ပုံစံတွေနဲ့ အခုလက်ရှိ နိုင်ငံတကာရဲ့ ရေစီးကြောင်းတွေက ဘယ်လိုမျိုး ဖြစ်နိုင်သလဲဆိုတာကို ဒေါက်တာသာထွန်းဦးက ရှင်းပြပေးပါဦး။

**ဒေါက်တာသာထွန်းဦး။** ။ ပုံနှိပ်မီဒီယာနဲ့ ပတ်သက်ပြီး ဘာဆက်ဖြစ်မလဲဆိုတာကို ၁၉၉၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွေမှာ အမေရိကန်နိုင်ငံက ပုံနှိပ်မီဒီယာရဲ့ ရှေ့အနာဂတ်နဲ့ပတ်သက်ပြီး စတင်ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကျွန်တော် ၁၉၉၅ ခုနှစ်မှာ PC World မဂ္ဂဇင်းကို တရားဝင်စတင်ထုတ်ဝေခဲ့ပြီး ၂၀၁၃ ခုနှစ်အထိ ၁၈ နှစ်ထုတ်ဝေခဲ့ပါတယ်။ PC World က ၂၀၁၃ ခုနှစ်အကုန်မှာ ဒစ်ဂျစ်တယ်ပြောင်းသွားပြီး ဆက်လက်မထုတ်နိုင်ခဲ့ပါဘူး။

ဆက်လက်ပြီး မထုတ်နိုင်ဘူးဆိုတာကလည်း ဒစ်ဂျစ်တယ်ပြောင်းလဲမှုတွေ မြန်ဆန်လာပြီး စာဖတ်ပရိသတ်အရေအတွက်နဲ့ ကြော်ငြာတွေရရှိမှုရဲ့အခက်အခဲတွေ အများကြီးရှိလာပါတယ်။ ကျွန်တော့် အတွေ့အကြုံအရ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ပြောင်းလဲရတဲ့ အခြေအနေတွေထဲက ပထမအချက်အနေနဲ့ စာအုပ်ဆိုင်တွေ နည်းလာတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ စာအုပ်ဈေးကွက်အနေနဲ့ ဒေသတွင်းနိုင်ငံများထက် စာအုပ်ရောင်းချမှု ဈေးနှုန်းကနိမ့်တဲ့အတွက် ကော်မရှင်နိမ့်တယ်။ ကော်မရှင်နိမ့်တဲ့အတွက် စာအုပ်ဆိုင်တွေက တဖြည်းဖြည်းနဲ့ မရပ်တည်နိုင်ဘူး။

တစ်ဖက်ကလည်း စက္ကူတို့၊ ပုံနှိပ်ခတို့ရဲ့ ကုန်ကျစရိတ်တွေ တက်လာပါတယ်။ အခြားတစ်ဖက်က ဘာဖြစ်လာလဲဆိုတော့ အိုင်တီရဲ့ နည်းပညာ တိုးတက်လာတယ်။ ဈေးနှုန်းတွေက ကျလာတယ်။ ဒီအချိန်မှာ စားသုံးသူတွေအနေနဲ့ ဒစ်ဂျစ်တယ်ဘက်ကို စိတ်ပါဝင်စားလာတဲ့အတွက် ၂၀၁၅ ခုနှစ်နောက်ပိုင်း တော်တော်များများက ဒစ်ဂျစ်တယ်ဘက်ကို ပြောင်းလဲလာကြပါတယ်။

နိုင်ငံတကာကိုကြည့်ရင် သူတို့သတ်မှတ်ထားတဲ့ အခြေအနေအရ ဘာပြောလဲဆိုရင် နယူးရော့ကာတို့လို၊ ဘန်ကောက်ပို့စ်တို့လို မဂ္ဂဇင်းတွေဆက်ပြီး ရပ်တည်နိုင်ပါတယ်။ ဒါပေမယ့် သူတို့လည်း ဒစ်ဂျစ်တယ်ဘက်ကို သွားနေပါတယ်။ ထုံးစံအရဆိုရင် ကျွန်တော်တို့ မဂ္ဂဇင်းတွေက ပိုက်ဆံပေးဖတ်တဲ့သူတွေနဲ့ ကြော်ငြာအပေါ်မှာ ရပ်တည်ရပါတယ်။ အနာဂတ်မှာ ကျွန်တော်တို့ ခန့်မှန်းထားတာက ဘက်ပေါင်းစုံထုတ်ဝေနိုင်တဲ့ယန္တရား (Integrated Publication Mechanism) ဖြစ်လာပါတယ်။ ဒါက e-Publication ရှိရမယ်၊ ဝက်ဘ်ဆိုက်လည်း ရှိရမယ်၊ ဆိုရှယ်မီဒီယာပေါ်မှာလည်း ရပ်တည်နိုင်ရမယ်။

နောက်တစ်ခုက ဒိုင်ယာလော့ပါ။ စာရေးဆရာတွေနဲ့ စာဖတ်ပရိသတ်တွေကြားမှာ စကားပြောတာတို့၊ ဆက်သွယ်တာတို့ လုပ်လာမယ်၊ ဒီလို ပလက်ဖောင်းမျိုးတွေနဲ့ ရပ်တည်သွားရမယ်လို့ နိုင်ငံတကာမှာ ပြောဆိုနေတာ ရှိပါတယ်။

**အစီအစဉ်မှူး။** ။ အပတ်စဉ်ထုတ် ဂျာနယ်တွေ၊ နေ့စဉ်ထုတ်သတင်းစာတွေ ဒစ်ဂျစ်တယ်မီဒီယာပြောင်းလဲလာတဲ့ အနေအထားတွေကို ဦးသောင်းစုငြိမ်းက ဆွေးနွေးပေးပါဦး။

**ဦးသောင်းစုငြိမ်း။** ။ ၂၀၀၀ ပြည့်နှစ်ကစပြီး အပတ်စဉ်ထုတ် ဂျာနယ်လောကထဲကို ကျွန်တော် စတင်ပြီး ဝင်ရောက်လာတာပါ။ အဲဒီတုန်းကလည်း စိန်ခေါ်မှုတွေ၊ အခက်အခဲတွေက ပုံစံအမျိုးမျိုးနဲ့ ရှိခဲ့ပါတယ်။ စာပေစိစစ်ရေး အပါအဝင် တင်းကျပ်တဲ့ မူဝါဒတွေကို ဖြတ်သန်းခဲ့ရပါတယ်။ ၂၀၀၅ / ၂၀၀၆ လောက်ကစပြီး စာနယ်ဇင်းလောကမှာ စာပေလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်တွေကို စတင်ပြီး တဖြည်းဖြည်းနဲ့ ပေးလာတဲ့အခါမှာ သတင်းဖော်ပြမှုတွေက ပိုပြီးသွက်လက်လာပါတယ်။



ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် မြန်မာနိုင်ငံကြော်ငြာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ TODAY Ogilvy Myanmar မှ Chairman ဒေါက်တာသာထွန်းဦးနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းတို့က ပါဝင်ဖြေကြားဆွေးနွေးစဉ်။

ဒီအချိန်မှာ ပြည်သူလူထုက သတင်းဂျာနယ်တွေကို ပိုပြီးဖတ်ရှုလာကြပါတယ်။ ၂၀၀၉ / ၂၀၁၀ ဝန်းကျင်မှာ နိုင်ငံရေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့အချိန်၊ ဒီအချိန်မှာလည်း စာပေစိစစ်ရေးမူဝါဒတွေက ပိုပြီးဖြေလျှော့လာတဲ့အတွက် သတင်းဂျာနယ်တွေအနေနဲ့ ကောင်းမွန်တဲ့ ခေတ်တစ်ခေတ်အဖြစ် အားကောင်းခဲ့ပါတယ်။

### အင်တာနက်သုံးစွဲမှု မြင့်တက်

၂၀၁၀ / ၂၀၁၁ / ၂၀၁၂ ဝန်းကျင်မှာ အင်တာနက်က သန်းနဲ့ချီတဲ့ မြန်မာပြည်သူလူထုရဲ့ လက်ထဲကို ရောက်ရှိလာပါတယ်။ အိမ်တွေ၊ ရုံးတွေမှာ အင်တာနက်တွေ တပ်ဆင်လာတယ်။ ဆိုက်ဘာကဖေးနဲ့ အင်တာနက်ကဖေးတွေကို တော်တော် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပါတယ်။ အင်တာနက်သုံးစွဲမှုက အတော်မြင့်တက်လာပါတယ်။ ပထမအကြိမ် လွှတ်တော်အစည်းအဝေးခေါ်တဲ့ အချိန်တုန်းက ကျွန်တော် မှတ်မိတာက ဝက်ဘ်ဆိုက်တွေမှာ သတင်းပါသွားတယ်ဆိုရင် လွှတ်တော်ထဲအထိ ဂယက်ရိုက်သွားတယ်ဆိုတာကို မြင်တွေ့လာရပါတယ်။

ဒါပေမယ့် ပြည်သူလူထု သန်း ၅၀ နီးနီးကို တကယ်ထိရောက်မှုရှိတာက ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်တွေ ချပေးလိုက်တဲ့အချိန် ဆက်သွယ်ရေးအော်ပရေတာတွေ ပိုပြီးဝင်လာကြပါတယ်။ မိုလ်ဘိုင်းဖုန်းဈေးကွက်မှာ ယှဉ်ပြိုင်မှုတွေ ပိုပြီးအားကောင်းလာပါတယ်။ ဈေးတွေ အပြိုင်အဆိုင်လျှော့လာတယ်။ ဝန်ဆောင်မှုတွေကို ပိုပြီးကောင်းအောင် လုပ်လာကြတယ်။ အင်တာနက် အမြန်နှုန်းတွေက မြင့်တက်လာပြီး အမေရိကန်၊ ယူကေနဲ့ ကမ္ဘာ့ပထမဈေးကွက်ရဲ့ နိုင်ငံတွေနီးနီးကို အင်တာနက်တွေက မြန်ဆန်ပြီးစိတ်ချရလာပါတယ်။

လူတွေရဲ့ လက်ထဲမှာ ငါးလက်မအရွယ် စမတ်ဖုန်းတွေ ရောက်ရှိလာတယ်။ အရင်က အင်တာနက်ကောင်းတယ်ဆိုပေမယ့် လူတိုင်းရဲ့အိမ်မှာ ကွန်ပျူတာ၊ လက်ပ်တော့တို့က မရှိပါဘူး။ နောက်ပြီး ကိုယ်နဲ့မကွာ သယ်သွားလို့မရနိုင်ဘူးဆိုတော့ သတင်းအချက်အလက်ရယူတဲ့ ပုံစံက နိုင်ငံခြားနဲ့ သိပ်မတူသေးပါဘူး။ ၂၀၁၃ - ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ နည်းပညာပြောင်းလဲမှုတွေကြောင့် ပြည်သူလူထုရဲ့ မီဒီယာသုံးစွဲမှုတွေ ပြောင်းလဲလာပါတယ်။ ဖေ့စ်ဘွတ်ကွန်ရက်ရဲ့ ပျံ့နှံ့မှုနှုန်းနဲ့ ရင့်ကျက်မှုက ပိုပြီး မြင့်မားလာတဲ့အခါ မြန်မာနိုင်ငံအတွင်းမှာ လူမှုကွန်ရက်က အရှိန်အဝါကြီးမားလာပြီး ပုံနှိပ်မီဒီယာသမားတွေ အားလုံးလိုလို ဒီအပေါ်ကို အသွင်ကူးပြောင်း တင်ဆက်လာကြပါတယ်။

ပထမဆုံးက ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်မီဒီယာဆိုပြီး အင်တာနက်ကို သုံးစွဲတဲ့ပုံစံပြောင်းလဲလာတယ်။ အင်တာနက်ဝက်ဘ်ဆိုက်ကနေ နောက်ပိုင်းမှာ ဆိုရှယ်မီဒီယာဖြစ်တဲ့ လူမှုကွန်ရက်ကို ကူးပြောင်းလာတယ်။

အရင်က ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ သတင်းစာတွေက ဝယ်ယူဖတ်ရှုကြတဲ့ဝင်ငွေနဲ့ ကြော်ငြာဝင်ငွေတွေနဲ့ ရရှိပါတယ်။ ဒီလိုပုံစံမျိုးကနေ ဆိုရှယ်မီဒီယာခေတ်မှာ ဆိုရှယ်မီဒီယာ၊ လူမှုကွန်ရက်ပေါ်မှာ ကိုယ့်ရဲ့သတင်းနဲ့ ကိုယ်ပေးချင်တဲ့အချက်အလက်ကို သန်းနဲ့ချီတဲ့ ပရိသတ်တွေဆီ အခမဲ့ရောက်အောင်ပေးပို့ပြီး အပြိုင်အဆိုင်လုပ်လာကြတဲ့အတွက် သတင်းစာတွေ၊ ဂျာနယ်တွေကို ပိုက်ဆံပေးပြီး ဝယ်ဖတ်တာတွေက လျော့သွားပြီး စီးပွားရေးလုပ်ငန်းတွေကနေထည့်တဲ့ ကြော်ငြာဝင်ငွေတစ်ခုထဲကို မှီခိုရတဲ့ပုံစံအဖြစ် ပြောင်းလဲလာပါတယ်။ ထုတ်ဝေသူတွေအနေနဲ့ စီးပွားရေးပုံစံတွေပါ ပြောင်းလဲပြီး စဉ်းစားလာရတဲ့ အခြေအနေဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ နိုင်ငံတကာသာမက မြန်မာနိုင်ငံမှာ ပုံနှိပ်နဲ့ ရုပ်မြင်သံကြား စနစ်ဟောင်းတွေကနေ ဒစ်ဂျစ်တယ်၊ ဆိုရှယ်နဲ့ မိုလ်ဘိုင်းတွေအပေါ်မှာ ဈေးကွက်ရေစီးကြောင်းတွေက ဘယ်လိုတွေ ပြောင်းလဲလာသလဲဆိုတာ ဒေါက်တာသာထွန်းဦးက ဆွေးနွေးပေးပါဦး။

**ဒေါက်တာသာထွန်းဦး။** ။ ကျွန်တော်တို့ တိုင်းပြည်မှာ အပြောင်းအလဲက သိပ်အသိသာကြီး မဟုတ်ပါဘူး။ ဒစ်ဂျစ်တယ်ဈေးကွက် (Digital Marketing) အနေနဲ့ကြည့်မယ်ဆိုရင် လက်ရှိမှာ Traditional Media သမားရိုးကျမီဒီယာပါ။ အဲဒီမှာ တီဗွီ၊ Billboard ၊ ပုံနှိပ်မီဒီယာတွေ ပါမယ်။ ပုံနှိပ်မီဒီယာက ကျသွားတာသေချာပါတယ်။

ဒစ်ဂျစ်တယ်ဘက်မှာ အတော်တက်လာသလားဆိုတော့ လောလောဆယ် ဈေးကွက်ရဲ့ အဓိကရည်ရွယ်ချက်က Target Audience ဦးတည်ပရိသတ်တွေအပေါ်မူတည်ပြီး ဆိုရှယ်မီဒီယာရှိတယ်လို့ ပြောလို့ရပေမယ့်၊ မြန်မာနိုင်ငံရဲ့ အဓိက ဖေ့စ်ဘွတ်ပါ။ ဖေ့စ်ဘွတ်ကို ဘယ်သူတွေက ကြည့်နေသလဲဆိုတာ မှန်းဆရတာ သိပ်ခက်ပါတယ်။

အိမ်နီးချင်းနိုင်ငံတွေကို ကြည့်လိုက်ရင် ၂၀၁၅ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်မှာ နှစ်စဉ် ဒစ်ဂျစ်တယ်မီဒီယာဘက်ကို ရွှေ့သွားတဲ့ပမာဏက ၁၅ နဲ့ ၂၅ ရာခိုင်နှုန်းကြားမှာ ရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ အင်တာနက်တွေ၊ ပလက်ဖောင်းတွေ အလွန်တိုးတက်တဲ့ စင်ကာပူမှာ ၂၀၂၀ ပြည့်နှစ်က ဒစ်ဂျစ်တယ်ဘတ်ဂျက်အနေနဲ့ ၃၁ ရာခိုင်နှုန်းအထိ သုံးပုံတစ်ပုံလောက် တက်သွားပါတယ်။

အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို ကြည့်မယ်ဆိုရင် ၂၀၁၉ ခုနှစ်မှာ ဒေါ်လာသန်း ၃၅၀ လောက် ဒစ်ဂျစ်တယ်ဘက်ကို ရောက်သွားပါတယ်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်ကာလအတွင်းမှာ ဒေါ်လာသန်း ၄၅၀ လောက်အထိ ဖြစ်သွားပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ Mango မီဒီယာရဲ့ ပြောကြားချက်အရ ၂၀၁၉ ခုနှစ်မှာ ဒစ်ဂျစ်တယ်ဘတ်ဂျက်အနေနဲ့ ဒေါ်လာသန်း ၃၀ လောက်ရှိနိုင်တယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဒေါ်လာသန်း ၄၀ နဲ့ ၅၀ ကြားမှာ ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကြည့်ရင် မီဒီယာဘတ်ဂျက်တစ်ခုလုံးက ဒေါ်လာသန်း ၂၃၀ နဲ့ ၂၅၀ ကြားမှာရှိတဲ့အတွက် သိပ်အတက်ကြီး မဟုတ်သေးပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့မှာ ကန့်သတ်ချက်တွေက အများကြီးရှိပါတယ်။ Target Audience က ဘယ်သူလဲ၊ ဘယ်မီဒီယာနဲ့ ထိရောက်အောင်လုပ်နိုင်မလဲ။

## ထက်လျှံ

ဒစ်ဂျစ်တယ် ဈေးကွက်နယ်ပယ်က အကြီးကြီးကျန်ပါသေးတယ်။ လုပ်ပိုင်ခွင့်တွေ၊ အခြေအနေတွေလည်း အများကြီးရှိတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။

**အစီအစဉ်မှူး။** ။ ဦးသောင်းစုငြိမ်းက မီဒီယာထုတ်ဝေသူနဲ့ ကြော်ငြာထည့်သွင်းတဲ့ ဝန်ဆောင်မှုလုပ်ငန်းလည်း လုပ်ကိုင်နေသူဖြစ်တော့ ဈေးကွက်ပုံစံ ပြောင်းလဲလာတဲ့ အခြေအနေတွေကို ပြောကြားပေးပါဦး။

**ဦးသောင်းစုငြိမ်း။** ။ ဒီလုပ်ငန်းနယ်ပယ်ထဲကို စပြီးရောက်တဲ့အချိန်က မဖွံ့ဖြိုးသေးတဲ့အချိန်၊ ဂျာနယ်အနေနဲ့ စောင်ရေက နည်းပါတယ်။ တီဗွီကပိုပြီး ကြော်ငြာဝင်တာ များပါတယ်။ လမ်းဘေးမှာ Billboard တွေထောင်ပြီး ကြော်ငြာတာတွေ၊ တခြားနည်းလမ်းတွေက ပိုပြီးများတယ်။ အထူးသဖြင့် ကျွန်တော်တို့ စပြီးထုတ်ခဲ့တဲ့ နည်းပညာဂျာနယ်တို့၊ သတင်းဂျာနယ်တို့က စစချင်းမှာ ကြော်ငြာထည့်တဲ့သူလည်း နည်းပါသေးတယ်။

### ခေတ်ကောင်းတစ်ခုကို ဖြတ်သန်းခဲ့

သတင်းလွတ်လပ်ခွင့်တွေနဲ့အတူ စောင်ရေတွေတက်လာတဲ့အချိန်မှာ ပုံနှိပ်ဂျာနယ်မှာ ကြော်ငြာထည့်တာ အတော်များခဲ့ပါတယ်။ ဝင်ငွေက အဆမတန်ထိုးတက်လာပြီး ခေတ်ကောင်းတစ်ခုကို ဖြတ်သန်းခဲ့ပါတယ်။ ဒီနောက်ပိုင်း ဒစ်ဂျစ်တယ်မီဒီယာကို ကူးလာတဲ့အချိန်မှာ စောင်ရေတွေ ကျတာလည်းရှိသလို Digital Marketing ဒစ်ဂျစ်တယ်ဈေးကွက်ရဲ့ ဆွဲဆောင်အားက ကြော်ငြာရှင်တွေ၊ အေဂျင်စီတွေအနေနဲ့ ကိုယ်တိုင်ဈေးကွက်ထဲကနေ ကြော်ငြာတစ်ခု ထည့်လိုက်တယ်ဆိုရင် ဒီကြော်ငြာရဲ့ထိရောက်မှု၊ ပျံ့နှံ့မှုတွေက အရင်ပုံနှိပ်မီဒီယာမှာ ကြော်ငြာထည့်ရင် ကိုင်တွယ်လို့ မရခဲ့တဲ့ စွမ်းဆောင်မှု၊ ထိန်းချုပ်လို့ မရခဲ့တဲ့ အကြောင်းအရာတွေ ဒါတွေအားလုံးကို Digital Marketing မှာ လုပ်လို့ရလာပါတယ်။ ထုတ်ဝေသူတစ်ဦးအနေနဲ့ ကိုယ့်ရဲ့မီဒီယာမှာ ကြော်ငြာလာထည့်တာ နည်းသွားတယ်လို့ တွေ့မြင်ခံစားနေရပါတယ်။

တစ်ဖက်မှာ ကိုယ်တိုင်လည်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းအသစ်တွေ စတင်ရာမှာ၊ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုအသစ်တွေကို မိတ်ဆက်ချင်တဲ့အခါမှာ အားသာချက်တွေ ပြန်ပြီးတွေ့ရပါတယ်။ ဒီမှာ ဘယ်လိုမျိုးတွေ ပြန်လုပ်လို့ရလာသလဲဆိုတော့ ကိုယ်က ဘယ်မြို့နယ်မှာနေတဲ့ ဘယ်လိုလူမျိုးကို Target ထားမယ်ဆိုတာမျိုးအထိကို လုပ်လို့ရလာပါတယ်။

နိုင်ငံခြားမှာ ကြော်ငြာနဲ့ပတ်သက်တဲ့ ပညာရှင်တွေစမ်းသပ်ထားတာက သူတို့ Target ဦးတည်ထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးကို သူ့ရဲ့နာမည်နဲ့ ကြော်ငြာတိုက်ရိုက်ပေးပို့လို့မရပေမယ့်၊ သူလို အလားတူ လူ ၅၀ / ၁၀၀ လောက်အထိကို ထိထိမိမိရောက်ရှိသွားအောင် သူတို့ဦးတည်ပြီးလုပ်လို့ ရလာပါတယ်။ ဒီလိုမျိုး ဦးတည်ပြီးလုပ်လို့ရတဲ့အထိ Digital Marketing က စွမ်းဆောင်လို့နိုင်ပါတယ်။

ဒစ်ဂျစ်တယ်ပေါ်မှာ ကြော်ငြာတစ်ခုကို မြန်မာငွေကျပ်သိန်းနဲ့၊ သန်းနဲ့ချီပြီး သုံးမယ်ဆိုရင်လည်း သုံးလို့ရပါတယ်။ ဒါမှမဟုတ် ငွေကျပ် ငါးသောင်း၊ တစ်သိန်းစသည်ဖြင့် Campaign တစ်ခု ဖွင့်ပြီးသုံးမယ်။ ဥပမာ-ကမာရွတ်မြို့နယ်မှာရှိတဲ့ အသက် ၄၀ ကျော်အရွယ် အမျိုးသမီးတွေကို ရည်ရွယ်ဦးတည်မယ်ဆိုတာမျိုးလောက်အထိကို အသေးစိတ်သတ်မှတ်ပြီး လုပ်လို့ရပါတယ်။

ဒါကြောင့် Digital Marketing ကပေးတဲ့ အခွင့်အလမ်းတွေကြောင့် စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ပိုပြီးထိရောက်တဲ့ ရလဒ်တွေကို မျှော်လင့်လို့ရလာနိုင်တယ်။ အဲဒီမှာ ရှိလာမယ့်စိန်ခေါ်မှုက Digital Marketing ၊ Google နဲ့ ဆိုရှယ်မီဒီယာတို့ကပေးနေတဲ့ ကြော်ငြာပလက်ဖောင်းတွေက လေလံစနစ်နဲ့ သွားတာဖြစ်တဲ့အတွက် တဖြည်းဖြည်းနဲ့ ဈေးကပိုပြီး မြင့်တက်လာမှာ ဖြစ်ပါတယ်။

ပုံနှိပ်မီဒီယာခေတ်တုန်းကလို ဂျာနယ်တွေအနေနဲ့ စောင်ရေတွေ တက်လာတဲ့အချိန်မှာ ကြော်ငြာနှုန်းထားတွေ ပိုပြီးတက်လာပါတယ်။ **စာမျက်နှာ ၂၀ သို့** ☆

# ကိုဗစ်-၁၉ အမေး / အဖြေ

☆ စာမျက်နှာ ၁၉ မှ

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဘက်မှာ စောင်ရေများလာတဲ့အတိုင်း ကုန်ကျစရိတ်တွေက ပိုပြီးများလာတာဖြစ်တဲ့အတွက် ကြော်ငြာခနှုန်းထားတွေ ပိုပြီးတက်လာသလို အခုဆိုရှယ်မီဒီယာကနေ တစ်ဆင့်သွားနေတာလည်း ဒီနေ့ မြန်မာငွေကျပ် တစ်သောင်းသုံးပြီး ရလာတဲ့ရလဒ်ကို နောက်တစ်လကြာရင် ငွေကျပ်တစ်သောင်းခွဲသုံးမှ ရတော့မယ်။ နောက်တစ်နှစ်ကြာရင် ငွေကျပ် နှစ်သောင်းခွဲနဲ့ သုံးသောင်း အသုံးပြုမှ ဒီရလဒ်အတူတူကို ရရှိမယ်ဆိုတာမျိုး တဖြည်းဖြည်းနဲ့ နှုန်းထားတွေက တက်လာပါမယ်။

ဒီတော့ Digital Marketing ကို အခုသွားနေတဲ့သူတွေအနေနဲ့ ပိုပြီးဖန်တီးမှုအားကောင်းတဲ့ ပုံစံတွေကို ရှာဖွေရမယ်။ ပိုက်ဆံကို ပုံအောပြီး သွားလို့မရတော့ဘူး၊ ကိုယ်က ဖန်တီးမှုတွေလုပ်နိုင်ရင် ပိုပြီးအခွင့်အလမ်းတွေ ရလာမယ်၊ ပြိုင်ဆိုင်မှုတွေက ပိုပြီးပြင်းထန်လာမယ်လို့ ယူဆရပါတယ်။

**အစီအစဉ်မှူး။** ။ ၂၀၂၁ ခုနှစ်အလွန်မှာ နည်းပညာ တိုးတက်မှုနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့တွန်းအားကြောင့် လုပ်ငန်းလုပ်ကိုင်ပုံတွေ ပြောင်းလဲလာမယ်လို့ ပညာရှင်တွေက သုံးသပ်ပြောကြားထားတာ ရှိပါတယ်။ ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက်ကဏ္ဍတွေမှာ အပြောင်းအလဲအသစ်တွေနဲ့အတူ စိန်ခေါ်မှုတွေ၊ အခွင့်အလမ်းသစ်တွေက ဘယ်လိုမျိုးတွေ ရှိလာနိုင်မလဲဆိုတာ ဒေါက်တာသာထွန်းဦးက ဆွေးနွေးပေးပါဦး။

**ဒေါက်တာသာထွန်းဦး။** ။ ကိုဗစ်ကြောင့်လည်း မဟုတ်ပါဘူး။ Digital Transformation က World Economic Forum ဦးဆောင်တဲ့ Klaus Schwann ကနေ စတုတ္ထစက်မှုတော်လှန်ရေးဆိုတဲ့ စကားလုံး စတင်သုံးနှုန်းလိုက်တဲ့ အချိန်ကစပြီး ဘယ်လုပ်ငန်းတိုင်းမဆို Digital Transformation လုပ်ရမယ်ဆိုတဲ့ အတွေးအခေါ်နဲ့ အယူအဆကို စပြီးကြားသိလာရပါတယ်။

လက်ရှိ သူတို့ပြောပြောနေတဲ့ VUCA ဖြစ်ပါတယ်။ Volatile ဖြစ်တယ်။ Uncertain ဖြစ်တယ်။ Complex ဖြစ်တယ်။ Ambiguous မှန်းလို့လည်း မရဘူး။ ဥပမာ-ကိုဗစ်ကာလကို ကြည့်လိုက်ရင် လုပ်ငန်းအများစုက ရပ်တန့်သွားတယ်၊ နှောင့်နှေးသွားတယ်ဆိုပေမယ့် GRAB Food တို့လို၊ Food Panda တို့လို အလုပ်အကိုင်အခွင့်အရေးတွေ အများကြီးတက်လာတာရှိပါတယ်။

Digital Transformation ကြောင့် Marketing လည်းပါတယ်။ မီဒီယာလည်းပါတယ်။ အားလုံးမှာ ဘာစိန်ခေါ်မှုတွေ ဖြစ်လာသလဲဆိုတော့ Change လုပ်ရမယ်။ ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ အဓိက ခေါင်းဆောင်ပိုင်းက Leadership Style ကို ပြင်ဆင်ရမယ်။ ကျွန်တော်တို့သိထားတဲ့ နည်းပညာ၊ အတွေ့အကြုံ၊ ဗဟုသုတလောက်နဲ့ လုပ်လို့မရပါဘူး။ Learning ပြင်ဆင်ရတော့မယ်။ အထူးသဖြင့် ကျွန်တော်တို့က Late Comer ဖြစ်တဲ့အတွက် Leapfrog လုပ်သွားနိုင်တဲ့ အခွင့်အလမ်းတွေ၊ သူများတွေရဲ့သင်ခန်းစာကိုယူပြီး လုပ်နိုင်ဖို့ လိုပါတယ်။

စိန်ခေါ်မှုမှာ ဘာတွေ့နေရသလဲဆိုတော့ ဥပမာ - Digital Marketing မှာ နိုင်ငံခြားကနေ DICA ကို Register မလုပ်ဘဲ ကြော်ငြာတွေ လုပ်လာကြတယ်။ ဈေးကွက်တွေ လုပ်လာကြတယ်။ ဒီတော့ တိုင်းပြည်ရဲ့ အခွန်အကောက်ဆုံးရှုံးပါတယ်။ နောက်တစ်ခုက မြန်မာလူငယ်တွေ ပညာမရလိုက်ပါဘူး။ ပြဿနာက Digital Marketing ဖြစ်စေ၊ ဒစ်ဂျစ်တယ်မီဒီယာဖြစ်စေ အခွင့်အရေးတွေက အများကြီးပါ။

ဒီအတွက် ကျွန်တော်တို့က ဘယ်လိုပြင်ဆင်ရမလဲဆိုတော့ အဖွဲ့အစည်းတွေက ထိန်းကျောင်းပေးရမယ်။ ကြော်ငြာလုပ်ငန်းရှင်တွေဘက်ကလည်း သတိထားရမှာက ဘယ်လို ဒစ်ဂျစ်တယ်မီဒီယာတွေ၊ ဘယ်လိုအေဂျင်စီတွေနဲ့ အသုံးပြုရမလဲ ဖြစ်ပါတယ်။ နောက်စိန်ခေါ်မှုတစ်ခုက အခုဆိုရင် ဖေ့စ်ဘွတ်ကနေ Privacy Control လုပ်လာတယ်။ iphone ကနေ ဒေတာတွေ သုံးလို့မရအောင် လုပ်လာတယ်။

ဒီလို ကန့်သတ်လာတဲ့အတွက် Privacy Law ကို သတိထားဖို့ လိုပါတယ်။ ရေရှည်မှာ ဘယ်ကိစ္စမဆို ဒစ်ဂျစ်တယ်အနေနဲ့ လုပ်ကိုလုပ်ရမယ်။ Digital Transformation ဖြစ်တဲ့အတွက် မြန်မာလူငယ်တွေအတွက် အခွင့်အလမ်းတွေက အများကြီးရှိပါတယ်။ ကြိုးစားနိုင်ရင် အခွင့်အရေးတွေ ရလာမှာဖြစ်ပါတယ်။ နောက်ပြီး Digital Marketing က လူအများကြီးနဲ့ စတင်စရာ မလိုပါဘူး။ ကုန်ကျစရိတ်နည်းတဲ့အတွက် လူတိုင်းနီးပါး ဝင်ရောက်လုပ်ဆောင်နိုင်ပါတယ်။ ဒါပေမယ့် ပညာပြည့်ဝဖို့ လိုအပ်ပါတယ်။ အရာရာမှာ တူနေတော့ ဘာကို ယှဉ်ပြိုင်လာမလဲဆိုရင် Strategy တွေ ပြိုင်ဆိုင်လာမယ်။ ခုနလို Privacy Control လုပ်လာတဲ့အတွက် ကျွန်တော်တို့ရဲ့ Strategy တွေ၊ Creative Works တွေက Insightful၊ Practical ဖြစ်ဖို့ လိုလာတယ်။ Relevant ဖြစ်ဖို့ လိုလာတယ်။

ကြော်ငြာရှင်တွေဘက်က ဒါကို သတိထားရမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်မီဒီယာနဲ့ မြန်မာနိုင်ငံမှာ ကြုံရမယ့် စိန်ခေါ်မှုတစ်ခုက ပိုက်ဆံပေးဖတ်တဲ့ အလေ့အကျင့်ကို တော်တော်လုပ်ယူရဦးမှာ ဖြစ်ပါတယ်။ သတင်းတွေကို အလွယ်တကူ အများကြီးရတဲ့အတွက် ကောင်းတာလည်းရှိတယ်။ Fake News လို ပြဿနာတွေလည်း ရှိပါတယ်။

မီဒီယာတွေဘက်ကလည်း စာရေးဆရာတွေ၊ ထုတ်ဝေသူတွေကို သူတို့ရဲ့ စာပေနဲ့ အနုပညာဆိုင်ရာမူပိုင်ခွင့်ကို လေးစားတဲ့အနေနဲ့ Fees ငွေကြေးပမာဏတစ်ခုပေးပြီး သတင်းတွေကို ပိုက်ဆံပေးဖတ်တဲ့ အလေ့အကျင့်ရှိမှ ရေရှည်မှာ ဒစ်ဂျစ်တယ်မီဒီယာတွေ ရှင်သန်သွားနိုင်မှာဖြစ်ပါတယ်။ Digital Transformation ကကြုံကိုကြုံရမယ်။ Digital Transformation ကြောင့် တချို့လုပ်ငန်းတွေမှာ စိန်ခေါ်မှုအကြီးအကျယ်ဖြစ်နိုင်သလို တချို့လုပ်ငန်းတွေမှာ အခွင့်အရေးတွေ အများကြီး ရလာနိုင်ပါတယ်။ လူငယ်တွေအတွက် အခွင့်အရေးတွေ ရလာနိုင်တယ်။ ဒစ်ဂျစ်တယ်ကို ဦးစားပေးပြီး လေ့လာဖို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။

**အစီအစဉ်မှူး။** ။ ၂၀၂၁ ခုနှစ်အလွန်မှာ ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက်ကဏ္ဍတွေနဲ့ပတ်သက်ပြီး ဘယ်လိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေဖြစ်လာနိုင်သလဲဆိုတာ ဦးသောင်းစုငြိမ်းက သုံးသပ်ဆွေးနွေးပေးပါဦး။

**ဦးသောင်းစုငြိမ်း။** ။ ၂၀၂၁ ခုနှစ်အလွန်မှာ ဒစ်ဂျစ်တယ်နဲ့ကူးပြောင်းသွားတဲ့ ပုံစံအသစ်တွေကို အများကြီးဆက်ပြီး လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်က တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ကပ်ဘေးကြီးဆိုက်နေတဲ့အတွက် ကျွန်တော်တို့အားလုံး စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ ဒုက္ခတွေကို ဖြတ်သန်းလာခဲ့ရပါတယ်။

ဒုက္ခပေါင်းများစွာကနေ ကောင်းတဲ့အချက်တစ်ခုကို ဆွဲထုတ်ပြီးပြောရမယ်ဆိုရင် ကပ်ရောဂါဘေးရဲ့ တွန်းအားကြောင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို တွန်းပို့ခံလိုက်ရပါတယ်။ ၂၀၀၀ ပြည့်နှစ် ဝန်းကျင်လောက်ကတည်းက မြန်မာနိုင်ငံမှာ e-Governmet ကို လုပ်မယ်။ ဒစ်ဂျစ်တယ် အစိုးရ လုပ်မယ်စသဖြင့် ကျွန်တော်တို့တွေ ကြွေးကြော်လာခဲ့တာ အခုကိုဗစ်ရဲ့တွန်းအားလောက်ကို အကျိုးမသက်ရောက်ခဲ့ပါဘူး။

အခုလည်း မပြီးသွားပါဘူး။ နောက် တစ်နှစ်/ နှစ်နှစ် ဘယ်လောက်ကြာမလဲဆိုတာ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် အခုဆက်ပြီး အတူယှဉ်တွဲ နေထိုင်ရမယ်ဆိုတဲ့ အချိန်မှာ နည်းပညာသမားတွေအနေနဲ့ မျှော်လင့်ချက်တစ်ခုထားတာက အခုလူနေမှုပုံစံတွေ ဒစ်ဂျစ်တယ်ကို ဦးစားပေးတဲ့ ခေတ်တစ်ခုကို ပြောင်းလာတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ နည်းပညာကို အကျိုးရှိထိရောက်စွာ အသုံးချမှုအနေနဲ့ အရင်တုန်းက အညွှန်းကိန်းတွေကို ယှဉ်ကြည့်ရင် အများကြီးနိမ့်နေပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်မတန်းနိုင်ခဲ့ပါဘူး။

ဒီတွန်းအားတွေကြောင့် အဘိုး၊ အဘွားအရွယ်တွေကအစ အခုဆိုရင် Zoom Meeting ထဲကို ဝင်တတ်လာပါတယ်။ Messenger ဖွင့်ပြီး သားသမီးမြေးမြစ်တွေနဲ့ Video Call လုပ်တတ်လာတယ်။ ဒါမျိုးတွေက ပြီးခဲ့တဲ့နှစ်က ဘယ်လိုမှ မစဉ်းစားနိုင်ခဲ့တဲ့အရာတွေ ဖြစ်ပါတယ်။ အခုဆိုရင် ပြည်ထောင်စုဝန်ကြီးတစ်ဦးနဲ့ အစည်းအဝေးလုပ်ကြမယ်ဆိုတဲ့အခါ ဒီဘက်အသင်းအဖွဲ့ကလည်း အားလုံး Zoom ပေါ်ကို တက်လာပြီး ပြောဆိုဆွေးနွေးခွင့်တွေ ရလာတယ်ဆိုတော့ အစည်းအဝေးတွေ အများကြီး ပိုလုပ်ဖြစ်လာတယ်။

ဒစ်ဂျစ်တယ်ကူးပြောင်းမှုကြောင့် ကောင်းတဲ့ ရလဒ်တွေ အများကြီး ထွက်လာပါတယ်။ ဒါကို စဉ်းစားပြီး ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက်မှာ ဒီလိုမျိုး ထိရောက်တဲ့ ပုံစံပြောင်းလဲမှုတွေကို အများကြီး မြင်တွေ့နိုင်ပါတယ်။ New Paradigm တစ်ခုလို့ သတ်မှတ်လို့ရပါတယ်။ နိုင်ငံခြားမှာ ရေစီးကြောင်းအနေနဲ့ ဖြစ်နေတာ ဆယ်စုနှစ်လောက်ရှိနေပြီ ဖြစ်ပါတယ်။

ဆိုရှယ်မီဒီယာပေါ်ကနေ စီးပွားရေးလုပ်ငန်းတွေ၊ ဈေးကွက်တွေ ကူးပြောင်းသွားတာကို မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ်တွေကစပြီး မြင်တွေ့လာရတယ်။ နိုင်ငံခြားမှာ တကယ့်နာမည်ကြီးတဲ့ Social Influencer တွေဆိုရင် သူတို့ရဲ့ Instagram အကောင့်တစ်ခုမှာ ပုံရိုက်ပြီး တင်တယ်။ အဲဒီပုံမှာ Caption စာတစ်ခုတွဲပြီး ရေးမယ်။ သက်ဆိုင်ရာလုပ်ငန်းကို တွဲတင်လိုက်မယ်။ ဒါမျိုးအတွက်ကို ဒေါ်လာခုနစ်သောင်းခွဲ၊ တစ်သိန်းစသဖြင့် ဒီလိုမျိုးတွေအထိကို တောင်းလို့ရတဲ့အထိ အင်အားရှိပါတယ်။

ဒီလိုအင်အားရှိဖို့အတွက် သူတို့ဆီမှာ Follower ပေါင်းက သန်း ၂၀၊ ၃၀ လောက်ရှိပါတယ်။ သူတို့ တစ်ကြိမ်တင်လိုက်ရင် ဒီဘက်မှာလည်း သူတို့ကြော်ငြာတာကို ရရှိတဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ တကယ့်ကိုရောင်းအား၊ မောင်းနှင်အားတစ်ခု လက်တွေ့ရရှိတော့ သူတို့ရဲ့ ဈေးနှုန်းတွေက အတော်ကောင်းပါတယ်။

မီဒီယာလုပ်ငန်းတွေအနေနဲ့ ပုံနှိပ်မီဒီယာကနေ ဒစ်ဂျစ်တယ်မီဒီယာကို ကူးပြောင်းတဲ့အခါ သူတို့ရဲ့ ပလက်ဖောင်းတွေပေါ်ကနေ စီးပွားရေးလုပ်ငန်းတွေရဲ့ ဈေးကွက်ရှာဖွေရေးမှာ တစ်ချက်၊ တစ်ချက်တွန်းလိုက်တယ်ဆိုရင် ထိရောက်တဲ့ အကျိုးသက်ရောက်မှုတွေ ရှိပါတယ်။ ဒါတွေက နိုင်ငံခြားမှာ ဆောင်ရွက်နေတာ နှစ်ပေါင်းများစွာ ကြာနေပါပြီ။

### သိသာထင်ရှားလာ

မြန်မာနိုင်ငံအနေနဲ့ ဒီနှစ်တွေထဲမှာ သိသာထင်ရှားလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က ဘယ်လောက်ပဲ အွန်လိုင်းကနေ လော်စပီကာကြီးနဲ့ အော်ပေမယ့် နောက်ဆုံးကျတော့ အွန်လိုင်းကနေ ဘာမှ ဝယ်လို့မရဘူး။ အွန်လိုင်းကနေ ထိထိရောက်ရောက် ဘာမှ ပြီးမြောက်အောင် လုပ်လို့မရတဲ့အတွက် ဈေးမှာ၊ ပလာဇာမှာ၊ Shopping Mall မှာ၊ ဆိုင်ရှိတဲ့နေရာကို သွားမယ်ဆိုတာ ဖြစ်လာရပြီး ကြော်ငြာကိုတွေ့ရှိတာနဲ့ ဝယ်မယ်ဆိုတာအကြားမှာ ပွတ်တိုက်မှုတွေက ရှိနေပါတယ်။

ဒီလိုပွတ်တိုက်မှုတွေ ရှိနေတဲ့အတွက် ချက်ချင်းဆိုသလို ကြော်ငြာတစ်ခုကို မြင်လိုက်တဲ့အခါ နှိပ်ပြီး ဝယ်လိုက်မယ်ဆိုတာကို မရောက်ရှိသွားပါဘူး။ ဒါပေမယ့် ကိုဗစ်ရောဂါကြောင့် မြန်မာနိုင်ငံမှာ လုပ်ငန်းတော်တော်များများက အွန်လိုင်းပေါ်တက်လာပြီး Live Sale တွေ၊ ဗီဒီယိုတွေနဲ့ ရောင်းချနေပါတယ်။ Comment Section တွေထဲမှာ၊ Chat Box တွေထဲမှာ ပစ္စည်းတွေမှာတယ်၊ အရောင်းအဝယ် ဖြစ်ကြတယ်။

ဒီလိုမျိုးတွေ ဖြစ်လာတဲ့အတွက် အွန်လိုင်းပေါ်မှာ ကြော်ငြာတဲ့လုပ်ငန်းက ပိုပြီးအကျိုးသက်ရောက်မှုရှိတာတွေကို မြင်လာရပါတယ်။ ဒါကြောင့် နောက်ပိုင်း မြင်တွေ့လာနိုင်တာက Influencer တွေကနေ ကြော်ငြာပေးမယ်၊ ပစ္စည်းကို ရောင်းပေးမယ်ဆိုတာတွေ ပိုများလာနိုင်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာဆိုရင် နာမည်ကျော် ရုပ်ရှင်မင်းသမီးတွေ၊ အဆိုတော်တွေ၊ အခြား နာမည်ကျော်ကြားသူတွေက ဦးဆောင်လုပ်ကိုင်နေတာကို မြင်တွေ့ရပါတယ်။ ဒီလိုကြော်ငြာတဲ့ပုံစံက ရေစီးကြောင်းတစ်ခုအနေနဲ့ ဆက်ပြီးသွားနိုင်ပါတယ်။

နောက်တစ်ခုက နိုင်ငံခြားမှာ အားလုံးလိုလို ဖန်တီးနိုင်စွမ်းရှိတယ်။ မည်သူမဆို သူသိတဲ့ အချက်အလက်တစ်ခုကို ကောင်းကောင်းပြန်ပြီး ဝေမျှပေးနိုင်တယ်ဆိုရင် ဒါကိုသိချင်တဲ့သူ ဆယ်ယောက်၊ အယောက်တစ်ရာ၊ အယောက်တစ်သိန်းရှိလား ဒါက သူ့ရဲ့အမာခံပရိသတ်ဖြစ်လာနိုင်ပြီး သူ့နောက်ကို Follow လုပ်တာဖြစ်လာနိုင်တယ်။

အရင်ခေတ်ကဆို မီဒီယာလုပ်ငန်းတစ်ခု ထူထောင်ဖို့အတွက် ဝန်ထမ်းတွေ အများကြီးခန့်ရမယ်၊ အယ်ဒီတာအဖွဲ့ ဖွဲ့ရမယ်၊ ထုတ်ဝေခွင့်လိုင်စင် လျှောက်ဖို့အတွက် အခြေခံလိုအပ်ချက်တွေ ပြည့်မီအောင် တော်တော်လုပ်ရမယ်၊ ပုံနှိပ်တိုက်တွေ ထူထောင်ရမယ် သို့မဟုတ် ပုံနှိပ်တိုက်တွေနဲ့ စာချုပ်ချုပ်ဆိုရမယ်၊ ဖြန့်ချိရေးတွေ ပြင်ဆင်ရမယ် စသဖြင့် အများကြီးလုပ်ရမှာကနေ ဒစ်ဂျစ်တယ်မီဒီယာမှာ တစ်ဦးတစ်ယောက်ထဲကနေ မီဒီယာလုပ်ငန်းကို စပြီးလုပ်လို့ရလာပါတယ်။

မည်သူမဆို ဥပမာ-ကိုယ်က စန္ဒယားတီးတတ်တယ်၊ ဂစ်တာတီးတတ်တယ်၊ ပန်းချီဆွဲတတ်တယ်ဆိုရင် ဒါကို ပြန်ပြီးသင်ပြမယ်၊ ပြန်ပြီးဝေမျှမယ်ဆိုတာကနေ တဖြည်းဖြည်းနဲ့ သူ့ရဲ့ Follower အမာခံပရိသတ်ရလာမယ်။ ပရိသတ်တွေများလာမယ်ဆိုရင် သူ့အနေနဲ့ ဒါကို စီးပွားဖြစ်အနေနဲ့ စပြီးစဉ်းစားလို့ ရလာနိုင်တယ်။ ဥပမာ-အနည်းဆုံးအခြေခံက စီးပွားရေးလုပ်ငန်းတစ်ခုနဲ့ ပူးပေါင်းပြီး သူ့ရဲ့ပရိသတ်ဆီကို ဒီစီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ကြော်ငြာကို တင်ပြပေးတာမျိုး လုပ်လို့ရပါတယ်။ သို့မဟုတ် သူကိုယ်တိုင်ကပဲ ကုန်ပစ္စည်းတစ်ခုခု၊ ဝန်ဆောင်မှုတစ်ခုခုကို ထုတ်လုပ်ပြီး သူကိုယ်တိုင် ရောင်းချသူ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်အနေနဲ့ ပြောင်းလဲလာနိုင်ပါတယ်။

### အခွင့်အလမ်းတွေအများကြီးရှိ

နိုင်ငံခြားမှာ Influencer တွေ၊ Celebrity တွေ၊ မင်းသားမင်းသမီးတွေရဲ့ Trend ကို ဒီလိုမျိုး မြင်ရပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်တွန်းအားပေးချင်တာက ဒစ်ဂျစ်တယ်မီဒီယာကနေ အခွင့်အလမ်းတွေအနေနဲ့ အများကြီးရှိပါတယ်။ ဒီအခွင့်အလမ်းတွေကို လူတိုင်းလက်ဆုပ်လက်ကိုင်ရယူပြီး ဆောင်ရွက်နိုင်ပါတယ်။ ဒီအတွက် ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်။ အခွင့်အလမ်းတွေရှိသလို စိန်ခေါ်မှုတွေ၊ အခက်အခဲတွေလည်း ရှိပါတယ်။ ဒါတွေကို ဌာနဆိုင်ရာတွေကစပြီး ဥပဒေပြုအဖွဲ့အစည်းတွေ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းတွေအားလုံးမှာ တာဝန်တွေ၊ ဝတ္တရားတွေ ပိုပြီးများလာပါတယ်။

အထူးသဖြင့် ဆိုက်ဘာနဲ့ပတ်သက်တဲ့ ကျွမ်းကျင်မှုတွေ၊ ဒစ်ဂျစ်တယ် သိနားလည်မှုတွေ လိုအပ်လာမယ်။ ပြည်သူတစ်ဦး တစ်ယောက်ချင်းစီက ငွေတွေအလိမ်မခံရအောင် သတိထားတတ်လာမယ်။ ကိုယ်က တစ်ခါမှ တစ်ခြားနိုင်ငံက ထီမထိုးဖူးဘဲနဲ့ တစ်ခြားနိုင်ငံက ထီပေါက်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး ဆိုတာမျိုးတွေကို သိရမယ်။ ပြည်တွင်းမှာ ထီမထိုးတဲ့သူတစ်ယောက်က ထီပေါက်တယ်ဆိုတာ မဟုတ်ဘူးဆိုတာကို သိရမယ်။

ပစ္စည်းတွေ တစ်ခုခုကြော်ငြာထားတာတွေ့လို့ ဝယ်မယ်ဆိုရင် ကိုယ်ဝယ်ထားတဲ့ ဝက်ဘ်ဆိုက် သို့မဟုတ် ဖေ့စ်ဘွတ်စာမျက်နှာက ဘယ်လောက်ခိုင်မာမှုရှိသလဲ သူ့ရဲ့ နောက်ကြောင်းကို လိုက်နိုင်ရမယ်။ အရင်ရက်တွေ၊ လတွေက တင်ထားတဲ့ သူ့ရဲ့ Post မှာ၊ Comment တွေမှာ ဝင်ပြီးဖတ်ကြည့်ဖို့ လိုအပ်ပါတယ်။ ဒီမှာ စားသုံးသူတွေက Complaint လုပ်ထားသလား၊ ထောက်ခံထားသလားဆိုတာ နည်းနည်းစစ်ဆေးတတ်တဲ့ အကျင့်မျိုးရှိရပါမယ်။ ဒါက ပြည်သူတစ်ဦးချင်းအနေနဲ့ ဒီလိုအသိတွေ ရှိဖို့ လိုပါတယ်။

တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းတွေမှာလည်း အင်အားနဲ့ အလုပ်မမျှဘူးဆိုတာ မြင်တွေ့ရတယ်။ နည်းပညာနဲ့ပတ်သက်တဲ့ အမှုအခင်းတွေ ဖြစ်ပေါ်လာတဲ့အတွက် လိုအပ်တဲ့လေ့ကျင့် သင်ကြားမှုတွေ၊ လေ့လာသင်ယူမှုတွေလုပ်ပြီး ပြင်ဆင်ဖို့စည်းသင့်ပါတယ်။ ဆိုက်ဘာအမှုအခင်းတွေနဲ့ ပတ်သက်တာတွေကို အထူးပြင်ဆင်ထားသင့်ပါတယ်။

အထူးသဖြင့် e-Commerce တို့၊ Digital Marketing တို့ လုပ်လာပြီး ဆိုက်ဘာအမှုအခင်းတွေ ဖြစ်ခဲ့တယ်ဆိုရင် ဘယ်လိုထိရောက်လျင်မြန်စွာ အရေးယူမလဲ။ ဒီလိုအရေးယူတဲ့ အဖွဲ့အစည်းတွေ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေ၊ တရားရုံးတွေမှာ ဒါတွေကို တရားစီရင်နိုင်ပြီလား၊ ဒါတွေအားလုံးကို လူ့အသိုက်အဝန်းတစ်ခုလုံးက ပြင်ဆင်ဖို့လိုပါတယ်။

အမုန်းစကားလိုကိစ္စတွေကို လွတ်လွတ်လပ်လပ် ဖန်တီးပြီး တင်ဆက်လို့ရလာတဲ့အချိန်မှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းမှာ တာဝန်ယူမှု၊ တာဝန်သိမှု စိတ်ဓာတ်တွေနဲ့ ကျင့်ဝတ်တွေလည်း လိုက်နာဖို့ လိုတယ်ဆိုတဲ့ အသိပညာပေးလုပ်ငန်းတွေ များများလုပ်ဖို့ လိုပါတယ်။

မီဒီယာရဲ့ အကျိုးသက်ရောက်မှုက များသလို သူ့ရဲ့ အန္တရာယ်ဖြစ်စေနိုင်မှုကလည်း ပိုပြီး မြင့်လာတဲ့အတွက် ပြည်သူလူထုအနေနဲ့ ဒါကိုထိုင်တွေးပြီး ကြောက်နေဖို့ မလိုပါဘူး။ ဒါမျိုးတွေ ဖြစ်လာနိုင်တယ်ဆိုတာကို သိထားပြီး ကိုယ့်အနေနဲ့ ဒီအခွင့်အလမ်းတွေအပေါ်မှာ ကောင်းကောင်း ဘယ်လိုအသုံးချမလဲ၊ ဘယ်လိုလုပ်ဆောင်မယ်ဆိုတာကို ပြင်ဆင်ထားနိုင်ရင် ဒစ်ဂျစ်တယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ဈေးကွက်ရဲ့ စွမ်းအားတွေကြောင့် ကျွန်တော်တို့အနေနဲ့ ၂၀၂၁ ခုနှစ်မှာ ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

## လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ရက် (၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ **ဦးညွန့်ဋ္ဌေး(ကြာငါးခိုင်သက်န်းတိုက်)**အား **"မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်"**အပ်နှင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာသာသနာတော်အကျိုးများကို မိသားစုနှင့်အတူ ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဇနီး-ဒေါ်နီလာရွှေ (သီဟသုဓမ္မသီရီ၊ သီရိသုဓမ္မသီရီ၊ အဂ္ဂမဟာသီရိသုဓမ္မသီရီ)**
**ချစ်သား-ဒေါက်တာမြတ်စိုးအောင်+ဒေါက်တာသင်းသင်းလှိုင်**
**ချစ်မြေးများ-မဇူလိုင်မြတ်နိုး၊ မောင်ကောင်းပြည့်ထူးစံ**



## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏အမိန့် ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် **သုဓမ္မမဏိဇောတဓရဘွဲ့** ထိုက်တန်စွာ ချီးမြှင့် ပေးအပ်ခြင်းခံရသော အမှတ် (၂၀/၄၂၈)၊ ပုဂံလမ်းမ၊ ရွှေပေါက်ကံမြို့သစ်နေ ဖခင်ကြီး **ဦးထွန်းဦး(ရွှေကမ္ဘာမိသားစု)**အား အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ လှူနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ ဇနီး ဒေါ်လှမြိုင်
၂။ ဦးမင်းဇော် + ဒေါ်မြင့်မြင့်ခိုင်
၃။ ဦးသန်းစိုး + ဒေါ်မိုးမိုး

မြေး ဒေါက်တာကျော်သူရလင်း+မမြတ်သီတာထွန်း
မယူလင်းလက်၊ မောင်အောင်ကောင်းဦး
(ရွှေကမ္ဘာမိသားစု) ရွှေပေါက်ကံမြို့သစ်




မြန်မာနိုင်ငံ၏ လူသုံးအများဆုံး ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်

Galaxy Software

iStock®

ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

- အရောင်း၊အဝယ်စာရင်း
- ကုန်လက်ကျန် စာရင်း
- အကြွေးစာရင်း
- အသုံးစရိတ် စာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ် စာရင်း
- Report ပေါင်း(၃၀၀)ကျော်




မြန်မာတစ်နိုင်ငံလုံးရှိမြို့ပေါင်း (၁၁၀)ကျော် စီးပွားရေး လုပ်ငန်းပေါင်း (၆၀၀၀)ကျော်တို့တွင် အသုံးပြုလျက်ရှိပြီး ကျွမ်းကျင်ဝန်ထမ်းပေါင်း(၁၆၀)ကျော်ဖြင့် အကောင်းဆုံး ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရန်ကုန် | 09- 254151516 | နေပြည်တော် | 09- 257333214 | တောင်ကြီး | 09- 444200771 | မုံရွာ | 09- 404404345 | ပြည် | 09- 404060994 |
| မန္တလေး | 09- 440067577 | ပုသိမ် | 09- 455042500 | မြိတ် | 09- 424008080 | မော်လမြိုင် | 09- 440518518 | ပုဂံ | 09- 404404308 |

NISSAN

NEW YEAR NEW RIDE
With Irresistible 2021 New Year Offers



**TERRA** 2.5L 4WD

SELLING PRICE USD 62,800
RTAD TAX SAVING USD 8,810*
NEW YEAR OFFER USD 5,000*

NETT PRICE FROM USD **48,990***

**NAVARA** 2.5L 4WD

SELLING PRICE USD 43,800
NEW YEAR OFFER USD 5,800*

NETT PRICE FROM USD **38,000***

**SUNNY** SL 1.5L(4AT)

SELLING PRICE MMK 28,800,000

NEW YEAR OFFER: Free 6.95" Android Navigation System & Cash Rebate*

EXCLUSIVE NISSAN WELCOME PACK WITH EVERY NEW CAR PURCHASE*
* Terms and Conditions apply. Applicable on SELECTED MODEL YEAR. While stocks last.

NISSAN INTELLIGENT MOBILITY

Distributor :
TAN CHONG MOTOR (MYANMAR) CO., LTD.
NissanMyanmar nissan.com.mm

Authorised Nissan Dealers:
YANGON MANDALAY SAGAING NAY PYI TAW

## ကန့်ကွက်နိုင်ပါသည်။

[illegible]

ညွှန်ကြားချက်အရ

ဒေါ်ခင်ကြည်ဖြိုး LL.B., LL.M.

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၂၊ မြေကွက်အမှတ်-၅၀၁၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်(၄၀'x၆၀')၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေပေါ်ရှိ အမှတ်-(၅၀၁)၊ အင်းဝလမ်း၊ ၁၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးမိုးချိန် [၉/မရတ(နိုင်)၁၀၅၉၄၉]အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်ဆက်စပ်စာချုပ်နှင့် (၁၂-၁-၂၀၂၁)ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးသန်းဝင်း[၈/ခမန(နိုင်)၀၉၅၄၁၅]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးကျော်မင်းနိုင် | ဦးကောင်းမြတ်ဇော် |
| အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၂) |

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်(၇၆)၊ မြေအကျယ်အဝန်း (၃၀'x၅၀')အနက်မှ (၁၀'x၅၀')ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ နေအိမ်တို့ကို နှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ရှင် ဦးစိုးဝင်းထံမှ ဆက်စပ်မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမိုးအောင်[၁၁/ရဗန(နိုင်)၀၆၂၇၂၆]ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်နေအိမ်တို့၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ထွန်း B.A(LAW),LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၅၃)**

**အမှတ်(၂၄)၊ (၃)လွှာ၊ ပုသိမ်ညွှန့်(၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၁၀၂၃၈၂၂**

## သူကောင်းဦးစိန်ရိုး

**တိုင်းဦးစီးမှူး (လဝက-ငြိမ်း)**

**စာရေးဆရာအနောက်တံခါးမှူး (မောင်မှူး)**

### အသက် (၉၀)

စလင်းမြို့၊ ရိက္ခာတော်ရဝန်ထောက်မင်း သူကောင်း(ဦးကြာစို)-သူကောင်းမ(ဒေါ်ဂိုင်)တို့၏သား၊ စကုမြို့၊ မြို့အုပ်မင်း သူကောင်း(ဦးဘိုးသိုက်)-သူကောင်းမ(ဒေါ်ရိုး)တို့၏သားသမက်၊ အိုင်စီအက်စ် (ဦးချစ်ဖေ)-သူကောင်းမ (ဒေါ်ခင်စိန်ဒိုင်)တို့၏ တစ်ဦးတည်းသောမောင်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၁၄)နေ သူကောင်းမ(ဒေါ်လေးလေး)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးသန်းအေး(ပါမောက္ခ-ငြိမ်း)-သူကောင်းမ ဒေါက်တာဒေါ်ခင်အုန်းချစ်(ပါမောက္ခ-ငြိမ်း)၊ သူကောင်းဗိုလ်မှူးချုပ် [ဦးကြာညိုချစ်ဖေ (သံအမတ်ကြီး-ငြိမ်း)]-ဒေါ်နွယ်နွယ်ထွန်း၊ သူကောင်းဗိုလ်မှူးချုပ်ဦးရဲချစ်ဖေ(လေ-ငြိမ်း)-ဒေါက်တာဒေါ်ခင်မာဦး၊ သူကောင်းဦးလှဖြူချစ်-ဒေါ်ပွင့်ဦးအောင်တို့၏ချစ်လှစွာသောဦးလေး သူကောင်းဦးစိန်ရိုးသည် ၅-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက်တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သူကောင်းဦးစိန်ရိုး

**တိုင်းဦးစီးမှူး (လဝက-ငြိမ်း)**

**စာရေးဆရာအနောက်တံခါးမှူး (မောင်မှူး)**

### အသက် (၉၀)

စလင်းမြို့၊ ရိက္ခာတော်ရဝန်ထောက်မင်း သူကောင်း(ဦးကြာစို)-သူကောင်းမ(ဒေါ်ဂိုင်)တို့၏သား၊ စကုမြို့၊ မြို့အုပ်မင်း သူကောင်း(ဦးဘိုးသိုက်)-သူကောင်းမ(ဒေါ်ရိုး)တို့၏သားသမက်၊ အိုင်စီအက်စ် (ဦးချစ်ဖေ)-သူကောင်းမ(ဒေါ်ခင်စိန်ဒိုင်)တို့၏ တစ်ဦးတည်းသောမောင်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၁၄)နေ သူကောင်းမ(ဒေါ်လေးလေး)၏ချစ်လှစွာသောခင်ပွန်း၊ [သူကောင်းမ ဒေါ်စံရွှေမွန်(ကထိက-ငြိမ်း)]၊ သူကောင်းဦးလှဘုန်း(လ/ထညွှန်မှူး၊လဝက)၊ သူကောင်းမ ဒေါ်ကြော့မှူးအောင်(ပါမောက္ခ၊ ဌာနမှူး-ရှေးသု၊ ဒဂုံတက္ကသိုလ်)၊ ဦးမျိုးနိုင်-သူကောင်းမ ဒေါ်မိုးသီတာ(Japan)၊ သူကောင်း ဦးတိုးလျှံ(USA)၊ သူကောင်း ဦးဝင်းဟန်-ဒေါ်ဝတ်ရည်အေး(USA)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ကျော်စိုးလင်း(Tokyo)၊ မအိန္ဒြေဝင်းဟန်၊ မမြမှူးရွှေစင်ဟန်၊ မမြတ်မှူးကြည်စင်ဟန်(USA)တို့၏ချစ်လှစွာသောဘိုးဘိုးကြီး သူကောင်း ဦးစိန်ရိုးသည် ၅-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက်တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးရည်လွင် (ခ) မောင်မောင်

**B.Sc (Geology)**

**ရွှေစင်ဆီစက်နှင့်ပဲမျိုးစုံရောင်းဝယ်ရေး**

### အသက် (၅၀)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့နေ ဦးလှကြည်-(ဒေါ်ခင်မြင့်ရီ)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်နေ (ဦးတောဘော်)-ဒေါ်ခင်အေးကြူတို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၄-A)၊ စကားဝါ(၁)လမ်းနေ (ဒေါ်သွယ်သွယ်ဟန်)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်ထားရွှေစင်၊ မောင်ရှိုင်းဝဏ္ဏတို့၏ချစ်လှစွာသောဖခင် ဦးရည်လွင်(ခ)မောင်မောင်သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် မဒေါက်မြို့၊ တံခွန်တိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၂၂ (တနင်္လာနေ့)တွင် မဒေါက်မြို့နေ ဦးလှကြည်-(ဒေါ်ခင်မြင့်ရီ)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးမြတ်သင်းအောင်

### အသက် (၈၆) နှစ်

ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်(Win & Win Group of Companies)တို့၏ဖခင် ဦးမြတ်သင်းအောင်(နာယက-AA Group of Companies)သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Win Ply Factory ဝန်ထမ်းမိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြတ်သင်းအောင်

### အသက် (၈၆) နှစ်

ရမည်းသင်းမြို့နယ်နေ (ဦးစိန်မောင်-ဒေါ်တွမ်တီ)တို့၏ သား၊ ဒိုက်ဦးမြို့နယ်နေ (ဦးထွန်းအောင်ကျော်-ဒေါ်ကြည်)တို့၏သားသမက်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်-ပထမဆင့်) (ဒေါ်ခင်မြင့်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒိုက်ဦးမြို့နယ် အသင်း(ရန်ကုန်)ဂုဏ်ထူးဆောင်နာယကကြီးနှင့် ကန်တော့ခံပုဂ္ဂိုလ် ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး**

## မယ်တော်ကြီး ဒေါ်ကင်လိုင်း

### အသက် (၉၄) နှစ်

မော်လမြိုင်မြို့၊ ဈေးကြို၊ ဆန်တန်းရပ်၊ ကျိုက္ခမီလမ်း၊ အမှတ်(၁၀၇)နေ (ဦးရှင်ခဲ-ဒေါ်မာလေး)တို့၏သမီး၊ (ဦးစိုင်ရာ-ဒေါ်ကြူဝှေး)တို့၏သမီးချွေးမ၊ (ဦးလေးတီ)၏ဇနီး၊ ဒေါ်ချိုချိုလေး(ကထိက၊ ဘားအံပညာရေးကောလိပ်-ငြိမ်း)၊ ဒေါ်ရင်ရင်လေး(အထပြ-ငြိမ်း၊ အထက-၉၊ မော်လမြိုင်)၊ ဗိုလ်မှူးကြီးကျော်ဦး(ကပစ-၆၊ စက်ရုံမှူး)-ဒေါ်မူမူစိုး၊ ဆန်တန်းကျောင်းသစ်သာမည-မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်နှင့် သာမညစကြာတောင်တို့၏ပဓာနနာယကဆရာတော် တစ်ဘဝသာသနာ ဘဒ္ဒန္တသောဘနမထေရ်မြတ်၊ ဒေါ်စမ်းစမ်းလေး(ခ) ဒေါ်စမ်းစမ်းမြင့်၊ ဦးကျင်စိန်-ဒေါ်နွဲ့နွဲ့စန်းတို့၏ကျေးဇူးရှင် မိခင်ကြီး၊ ကိုသန်းထိုက်ဇော်-မခိုင်ဇင်သက်(B.A-စာ/သု)၊ မောင်ကျော်ဇင်သီဟ(ဆေး-၁၊ Final Part II)၊ မောင်ပြည့်ဖြိုးမင်း(BA, Business & Management-UK)၊ မအိကိုစံ(B.Sc, University of Melbourne, Australia)တို့၏အဘွား ဒေါ်ကင်လိုင်းသည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ မုယောင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဆရာတော် သံဃာတော်အရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၁၈-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးမြတ်သင်းအောင် (ရန်ကုန်မြို့)

### အသက် (၈၆) နှစ်

ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်(Win & Win Group of Companies)တို့၏ဖခင် ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Green Links Pte.,Ltd**
**(India)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးမြတ်သင်းအောင် (ရန်ကုန်မြို့)

### အသက် (၈၆) နှစ်

ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့် (Win & Win Group of Companies)တို့၏ဖခင် ဦးမြတ်သင်းအောင်(နာယက-AA Group of Companies)သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**Kunnathan Group Ltd**
**(India)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြတ်သင်းအောင်

**နာယက-AA Group of Companies**

### အသက် (၈၆) နှစ်

ဦးဝင်းဆွေ-Dr.မြတ်သီတာမြင့်တို့၏ ဖခင်ဖြစ်သူ C.M.A ဘိုးဘွားရိပ်သာအာဟာရ (၂)နှစ်အလှူရှင် ဦးမြတ်သင်းအောင် အသက်(၈၆)နှစ်သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**C.M.A ပုညကုသလဗဟုကရအသင်း**
**ဘိုးဘွားရိပ်သာ**




**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးထန်ဇာခေါင်း

**(Thang Za Khawm-Tunglut beh)**

**တပ်မတော်(ရေ)၊ ငြိမ်း**

**Chief Mate (FG)**

### အသက် (၇၁) နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တွီးထန်ရွာနေ (Pu Cin Do Thang-Pi Nian Ngaih Ning) တို့၏သား၊ တီးတိန်မြို့နေ (Pu Tun Za Sawm-Pi Dim Sial Zam)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ်(၉၃)၊ ခြောက်လွှာနေ Nu Niang Hen Cing (သူနာပြု-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ Nu Ning San Lun (B.A, Eco, M.Div. MIT, Tedim Christian Colleage-Lecturer and Student Dean)-U Yan Lin Myint, Dr.Thang Mun Khai (M.B.B.S-UM 1, Team Leader, Occupational and Environmental Health, ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဟားခါးမြို့၊ ချင်းပြည်နယ်)၊ (Tg Sawm Lam Thang)တို့၏ချစ်လှစွာသောဖခင်၊ Dr.Ning Lian Zam (TL Zamnu) (M.B.B.S, Ygn၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ)၊ Lia Cing Ngaih Lian (M.A, Cand, Tokyo University of Foregin Studies) တို့၏ဘကြီး၊ Lia Cing Lun Dim, Lia Khawm Sian Hoih Cing, Lia Khai It Zuun တို့၏ ချစ်လှစွာသောအဘိုးသည် ၁၀-၁-၂၀၂၂ ရက် နံနက် ၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၁-၂၀၂၂ ရက်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်၌ ဂူသွင်းမြှုပ်နှံပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
## ဦးမြတ်သင်းအောင်
### အသက် (၈၆) နှစ်
### နာယက-AA Group of Companies

AA Group of Companies ၏ နာယကကြီး ဦးမြတ်သင်းအောင်သည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကျော်ဆန်း(ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်းမိသားစု**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ပြန်ကြားရေးဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြတ်သင်းအောင်
### အသက်(၈၆)နှစ်
### နာယက- AA Group of Companies

ရမည်းသင်းမြို့နေ (ဦးစိန်မောင်-ဒေါ်တွမ်တီ)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးထွန်းအောင်ကျော်-ဒေါ်ကြည်)တို့၏ သားသမက်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်-ပထမဆင့်) (ဒေါ်ခင်မြင့်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးယုကြည်-(ဒေါ်ယဉ်ယဉ်မြင့်)၊ (ဦးတင်ဝ)-ဒေါ်ခင်သင်းရီ၊ ဒေါက်တာထွန်းတင်- ဒေါ်သန်းသန်းလွင်(ခေတ္တ-HK)၊ ဦးသိန်းကျော်-ဒေါ်သန်းသန်းအေး (ရှုတိုင်းယဉ်အထည်ဆိုင်)၊ ဦးရဲဝင်း - ဒေါ်ခင်မြင့်ငွေ၊ ဒေါက်တာထွန်းဦး-ဒေါ်ခင်မြင့်ဦး(USA)၊ (ဦးသန်းနိုင်)-ဒေါက်တာသင်းသင်း (USA)တို့၏ ချစ်လှစွာသောအစ်ကို ဦးမြတ်သင်းအောင်သည် ၁၂.၁.၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြတ်သင်းအောင်
### အသက်(၈၆)နှစ်
### နာယက- AA Group of Companies

ရမည်းသင်းမြို့နေ (ဦးစိန်မောင်-ဒေါ်တွမ်တီ)တို့၏ သား၊ ဒိုက်ဦးမြို့နယ်နေ (ဦးထွန်းအောင်ကျော်-ဒေါ်ကြည်)တို့၏ သားသမက်၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်-ပထမဆင့်) (ဒေါ်ခင်မြင့်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦဝင်းဆွေ- Dr. မြတ်သီတာမြင့် (Win & Win Group of Companies)၊ Dr. အောင်နိုင်ဦး (Grand Pharmaceuticals Co., Ltd)-Dr. အေးစုမော်(Shwe La Min Hospitals Group)၊ ဦးသန်းဝင်းအောင်-Dr. ဆွေဆွေဝင်း(AA Electronics Ltd)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဦးဇော်မိုးခိုင်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ Dr. စောနေနွယ် (Pacific-AA Group of Companies)၊ ဦးပြည့်စုံအောင်-ဒေါ်ဇင်မာလွင် (AA Group Ltd.)၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နှင်းနွယ်ဝင့် (Welcome General Trading Co., Ltd)တို့၏ ချစ်လှစွာသောဖခင်၊ မမြတ်သက်ထက်ဝင်း @ MayLi Yang (Harvard University-USA)၊ မောင်ဟိန်းထက်ဝင်း @ Henry Yang (Emory University-USA)၊ မောင်ထူးမြတ်ကျော် (Moorpark Collage Chicago,USA)၊ Stephanie Su Aung Naing (Columbia Collage-USA)၊ မောင်ကျော်မင်းခန့်(Wharton School-USA)၊ မောင်လင်းထက်အောင်(ISM)၊ မမီးမီးမိုး @ Cindy (ISY)၊ မောင်ဇော်လူထက် @ Herrick (ISY)၊ မောင်သန့်သီဟ @ Julian (ISY)၊ မောင်အောင်ဘုန်းပြည့် @ Jonathan (ISY)၊ မခင်ဝတီနှင်း(ISY)၊ မဝင့်ဝတီဖြိုး(ISY)၊ မောင်အောင်ဝင့်သူဖြိုး(ISY)တို့၏ ချစ်လှစွာသောအဘိုး ဦးမြတ်သင်းအောင်သည် ၁၂.၁.၂၀၂၂ (အင်္ဂါနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး
## ဦးထွန်းလှိုင်
### ကုန်သွယ်ရေး-ငြိမ်း၊ (စား/ထွေ)
### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမ၊ အမှတ် (၈)နေ (ဦးမောင်မြ-ဒေါ်ကြည်ကြည်သန်း)တို့၏သား၊ (ဦးရွှေခင်-ဒေါ်အိုဇာ)တို့၏ သားသမက်၊ (ဒေါ်တင်လှ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မျိုးထွန်း-ဒေါ်ယုဇနလှိုင်၊ ဒေါ်နီနီလှိုင်၊ ဦးခင်မောင်ထွေး-ဒေါ်ခင်ချမ်းမြေ့လှိုင်၊ ဦးသန့်ဇင်မင်း-ဒေါ်အိဖြူလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မထားအိလှိုင်၊ မောင်မင်းစစ်ပိုင်မှူး၊ မောင်သော်ဘုန်းမြတ်သူ၊ မောင်မင်းဒီပါသန့်တို့၏ ချစ်လှစွာသောအဘိုး ဦးထွန်းလှိုင်သည် ၁၂-၁-၂၀၂၂ ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## သင့်
## သွေးဖြင့်
## အသက်ကယ်ပါ

---

## ဦးမောင်မောင်လတ် (ဒိုက်ဦး)
### လက်ထောက်အထွေထွေမန်နေဂျာ (ငြိမ်း)
### အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
### စက်မှုဝန်ကြီးဌာန
### အသက် (၇၄) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ မေခဝီကျောင်းလမ်းနေ (ဦးကျောက်-ဒေါ်ခင်မြင့်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်ရိပ်မွန်နေ (ဦးစောစံရွှေ)-ဒေါ်မြမြတင်တို့၏သားသမက်၊ ပါမောက္ခ ဒေါက်တာနီလာရွှေ၏ ခင်ပွန်း၊ ဒေါက်တာဖြိုးဝင်းလတ်၏ ဖခင်၊ ဦးမောင်မောင်သန်း-(ဒေါ်သန်းမြင့်)၊ (ဒေါ်မူမူခင်)တို့၏ ညီ/မောင်၊ [ဗိုလ်မှူးချုပ်မင်းနိုင်(ငြိမ်း)]-ဒေါ်ကြူကြူခင်၊ ဦးမောင်မောင်မြင့်-ဒေါ်ကျင်နု၊ ဦးသန့်စင်-ဒေါ်စုစုခင်၊ ဒေါ်နွဲ့နွဲ့ကြည်၊ ဒေါ်စန်းစန်းခင်၊ ဦးဇော်မင်းအုန်း-ဒေါ်အုန်းအုန်းခင်၊ ဒေါ်ညွှန့်မော်ဦးတို့၏ အစ်ကို၊ ဒေါက်တာစိုးသိန်း-ပါမောက္ခဒေါက်တာသန်းနုရွှေတို့၏ မောင်၊ ပါမောက္ခဒေါက်တာပိုင်စိုး(ဒုတိယဝန်ကြီး-ငြိမ်း)-ဒေါ်ခင်မာဆွေ၊ (ဦးလှိုင်မျိုး)-ဒေါ်ကြည်ကြည်သန်း၊ (ဒေါ်ဥမ္မာရွှေ)တို့၏အစ်ကို ဦးမောင်မောင်လတ်သည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅ နာရီတွင် (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး
## ဒေါ်ရင်ရွှေ
### အသက် (၈၆) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ပုဏ္ဏရိပ်ရွာနေ (ဦးအေးမောင်-ဒေါ်အုံးမယ်)တို့၏ သမီးငယ်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၃၈)နေ ဦးလှနွယ်၏ဇနီး၊ (ဦးကျော်စိုး-ဒေါ်ကြူကြူဝင်း)၊ Capt.သန်းနိုင်-ဒေါ်သန်းသန်းအေး၊ ဦးအောင်ကျော်ဇော၊ ဒေါ်မြတ်သီတာ၊ ဦးယဉ်ထွေး၊ ဒေါ်စန္ဒာရွှေ၊ ဒေါ်သီနွယ်ထွေးတို့၏မိခင်၊ မောင်ဖြိုးနောင်ဝင်း၊ မောင်ထွန်းနောင်ဝင်း-မမေမြတ်နိုး၊ မောင်သုထက်အောင်၊ မရွှေယမင်း၊ မထက်သီရိနိုင်၊ မဆုယဉ်မွန်ထွေးတို့၏ ဘွားဘွားကြီး ဒေါ်ရင်ရွှေသည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁:၅၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၂(ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## M.ကာစင် (ခ) ဦးမြတ်ကျော် (ခ) ပီတာ
### ထွေ/အုပ် ဦးစီးအရာရှိ-ငြိမ်း
### အထက(၁) မြစ်ကြီးနားကျောင်းသားဟောင်း
### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၁၄)၊ အခန်း(၆)၊ ရန်ရှင်းလမ်း၊ (၃)ရပ်ကွက်နေ [ဦးအောင်ကြီး (လ/ထ ညွှန်ကြားရေးမှူး)-ဒေါ်ခင်မြင့်]တို့၏သား၊ [ဦးစိုးမြင့်-ဒေါ်ညိုညိုခင်(ထွေ/အုပ်)]၊ ဒေါ်ခင်ခင်စု၊ ဦးမြတ်ဇော်၊ ဒေါ်စန်းစန်းအောင်၊ ဦးထွန်းလင်းအောင်-မသိင်္ဂီတို့၏အစ်ကိုကြီး၊ ဦးသာထွန်းအောင်(ထွေ/အုပ်၊ ဒုဦးစီး)၊ ဒေါ်မိုးမိုးစိုး(ဌာနခွဲမှူး-စက်မှုကြီးကြပ်ရေး)၊ ဦးမျိုးမြင့်အောင်၊ ဦးမျိုးကျော်အောင်(English Tour Guide)-ဒေါ်ယုယုသွင် (Time Travel)၊ ကိုအောင်နိုင်သူ၊ ကိုအေးမင်းဝင်း-မနှင်းအေးလင်း၊ မောင်လွင်မိုးအောင်(ပထမနှစ်၊ ဂုဏ်ထူးတန်း၊ ခတ္တ)တို့၏ဦးလေး၊ မမေမျိုးမြတ်(ES4E)၊ မဇွန်မိုးမြတ်တို့၏အဘိုး ဦးမြတ်ကျော်သည် ၁၂-၁-၂၀၂၂ ရက် နံနက် ၇:၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးမွတ်ဆလင်ကဘရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါက်တာတိုးတိုးလွင် (ခ) ဒေါ်တင်တင်ဝင်း
### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၀)၊ လေးလွှာ(ခေါင်းရင်းခန်း)နေ (ဦးလှမောင်-ဒေါ်မြ)တို့၏သမီး၊ (ဦးအဲစမော-ဒေါ်ထူး)တို့၏ သမီးချွေးမ၊ [ဒေါက်တာဦးမိုးကျော်ဆန်း(ခ) ဦးအောင်ထွန်းလင်း]၏ဇနီး၊ ဒေါ်အေးမြင့်၊ ဦးအောင်ကျော်လင်း-ဒေါ်ခင်မျိုးကြူ၊ Mr.Lee Wai Keong-ဒေါ်သန္တာလင်း၊ ဦးနေလင်းအောင်-ဒေါ်သီတာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်သုတလင်းထက်၊ မပေရယ်လင်းခေတ်၊ ကြယ်စင်သန့်တို့၏ အဘွားသည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၀၅ နာရီတွင် နေအိမ်၌ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးမွတ်စလင်မ်ကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စုစုထွန်း
### အသက် (၄၆) နှစ်

ရန်ကုန်မြို့၊ ဝိဇ္ဇာညီနောင်လမ်း၊ အမှတ် (၆)နေ [ဦးသာထွန်း(ခ)Terence Thaw]-ဒေါ်တင်တင်ငွေးတို့၏သမီး၊ ရန်ကုန်မြို့၊ ရတနာပုံလမ်း၊ အမှတ် (၇)နေ (ဦးကျော်ဒင်-ဒေါ်ဆွေဆွေဝင်း)တို့၏ သမီးချွေးမ၊ ဦးကျော်ညွှန့်ဦး (ကျူးဘားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ ယာယီတာဝန်ခံ)-ဒေါ်မေကျော်တို့၏ ညီမ၊ ဦးကျော်မြတ်သူ-ဒေါ်ယုဇနလွင်မာတို့၏အစ်မ၊ ဦးကျော်ဖေဝင်း၏ ချစ်လှစွာသောဇနီးသည် ၁၃-၁-၂၀၂၂ ရက် နံနက် ၅:၄၀ နာရီတွင် အာယုဆေးရုံ၌ (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စုစုထွန်း
### အသက် (၄၆) နှစ်

ရန်ကုန်မြို့၊ ဝိဇ္ဇာညီနောင်လမ်း၊ အမှတ်(၆)နေ [ဦးသာထွန်း (ခ) Terence Thaw]-ဒေါ်တင်တင်ငွေးတို့၏ သမီး၊ ရန်ကုန်မြို့၊ ရတနာပုံလမ်း၊ အမှတ် (၇)နေ (ဦးကျော်ဒင်-ဒေါ်ဆွေဆွေဝင်း)တို့၏ သမီးချွေးမ၊ဦးကျော်သန်းဦး-ဒေါ်အိအိလတ်၊ ဦးကျော်သန်းထူး-ဒေါ်ဝင်းဝင်းတို့၏ ညီမ၊ ဦးကျော်ဖေဝင်း၏ ချစ်လှစွာသောဇနီး၊ မောင်သော်ဇင်ဦး၊ မောင်အောင်ခန့်မင်း၊ မောင်ခန့်ထက်ကျော်တို့၏ ချစ်လှစွာသောအဒေါ်သည် ၁၃-၁-၂၀၂၂ ရက် နံနက် ၅:၄၀ နာရီတွင် အာယုဆေးရုံ၌ (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ
### (မုံရွာ-ဇောတိကတိုက်/ကျောင်းသားဟောင်း)
### သိက္ခာတော် (၅၇) ဝါ၊ သက်တော် (၇၇) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ မောင်းထောင်ကျောင်း၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသည် (၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်)၊ ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်သွားပါသဖြင့် ကြွင်းရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်)၊ ၁၇-၁-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မြလှိုင် (မြင့်ကျော်လှိုင်-စစ်တွေ) (၇၁)နှစ်
### (ဦးစီးအရာရှိ၊ သ/မ-ငြိမ်း)

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဂေါက်ရှီလမ်း၊ အမှတ်(၁၅၈)နေ (ဦးဘလှိုင်-ဒေါ်စံမြဖြူ)တို့၏သား၊ စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ လမ်းမကြီး၊ အမှတ်(၂၂၀)နေ (ဦးစံသာအောင်-ဒေါ်တင်လှ)တို့၏သားသမက်၊ ဒေါ်မြမြင့်ဦး (အလပြ-ငြိမ်း၊ မောလိပ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစောလှကျော်-ဒေါ်ခင်စောလှိုင်တို့၏အစ်ကို၊ ဒေါက်တာထွန်းနောင်(ဒု-ညွှန်မှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်လှနုဖြူ(ဒုညွှန်မှူး၊ သင်တန်းရေးရာ၊ မွေး/ဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်)တို့၏ဖခင် ဦးကျော်မြလှိုင်သည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၂ (သောကြာနေ့) ညနေ ၃ နာရီတွင် နေအိမ်မှ အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်မြင့်(၂) (ရန်ကုန်)
### အကြီးတန်း အကောက်ခွန်မှူး (ငြိမ်း)
### အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၉)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးကိန်းကျွန်-ဒေါ်နှင်းရိမ်)တို့၏သားကြီး၊ (ဦးလှရောင်-ဒေါ်အုန်းတင်)တို့၏သားသမက်၊ ဒေါ်သန်းရှင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ချိုချိုမြင့်၊ ဦးစန်းကို-ဒေါ်ခင်သင်းငွေ၊ ဦးကျော်ကျော်နိုင်-ဒေါ်ဝိုင်း၊ ဦးမင်းမင်းစိုး-ဒေါ်ခိုင်ကြူသင်း၊ ဦးထွန်းမြင့်အောင်-ဒေါ်သန္တာထွေးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၇ နာရီတွင် (ဇ၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်မြင့်(၂) (မော်လမြိုင်)
### အကြီးတန်း အကောက်ခွန်မှူး (ငြိမ်း)
### အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၉)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးကိန်းကျွန်-ဒေါ်နှင်းရိမ်)တို့၏သားကြီး၊ (ဦးလှရောင်-ဒေါ်အုန်းတင်)တို့၏ သားသမက်၊ ဒေါ်သန်းရှင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းကျင်-ဒေါ်တင်ညွှန့်)၊ (ဒေါ်ညွှန့်ရီ)တို့၏ မောင်၊ (ဦးအေးသီ)-ဒေါ်မြင့်၊ ဒေါ်ကြည်ကြည်လွင်၊ ဦးဝင်းအောင်-ဒေါ်ဝင်းဝင်းရီ၊ (ဦးသိန်းလွင်-ဒေါ်အုန်းကြည်)၊ ဦးနိမ်တို့၏အစ်ကိုသည် ၁၂-၁-၂၀၂၂ (အင်္ဂါနေ့) ည ၇ နာရီတွင် (ဇ၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြသန်း
### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ ခြံအမှတ်(၂၃၆/က)နေ [ရာဇဝတ်ဝန်ထောက်ဦးသန်း(၃)-ဒေါ်အေးကြည်]တို့၏ သမီး၊ ဗိုလ်ကြီးရဲချစ်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးတင်သိန်း(မြန်မာ့မီးရထား-ငြိမ်း)-ဒေါ်ခင်သန့်ဇင်၊ ဒေါ်ခင်သန့်လွင်၊ ဒေါ်ခင်သန့်တင်၊ (ဦးခင်မောင်ဇင်)-ဒေါ်ခင်ခင်နိုင်၊ ဦးသန်းဆွေ-ဒေါ်နီနီလွင်(YCDC-ငြိမ်း)၊ ဦးဇော်ငွေမြင့်(BPI)-ဒေါ်ဝါဝါလွင်၊ ဦးခင်မောင်လတ်-ဒေါ်ဝေမာလှိုင်၊ ဒေါ်ခင်ဖြူဖြူလွင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်၊ ညွှန်ကြားရေးမှူး ဦးခင်မောင်သွင်-ဒေါ်ခင်နှင်းလွင်၊ ဒုတိယရဲမှူးကြီး ခင်မောင်ထွေး-ဒေါ်ငြိမ်းငြိမ်းဆွေတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၇ ယောက်တို့၏ဘွားဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ (ဇ၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဒေါ်လီကိုကို
### (B.Ed) (80.Batch)
### အထက်တန်းပြ-ငြိမ်း၊ အောင်ဆန်းသူရိယလှသောင်းကျောင်း၊ မင်္ဂလာဒုံ
### အသက် (၆၂) နှစ်

(ဦးကိုကို-ဒေါ်ယဉ်မေ)တို့၏ သမီး၊ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)-(ဒေါ်လှမြိုင်)တို့၏သမီးချွေးမ၊ ဗိုလ်မှူး သော်တာငြိမ်း(ငြိမ်း) (ညွှန်ကြားရေးမှူး-ငြိမ်း၊ ထွေ/အုပ်ဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ မဇွန်လေးနွယ်(FDA ပဲခူးတိုင်းဒေသကြီး)၊ ဗိုလ်ကြီးကောင်းစည်သူ(ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်)၏ ချစ်လှစွာသောမိခင် ဒေါ်ဒေါ်လီကိုကိုသည် ၁၃-၁-၂၀၂၂ ရက် နံနက် ၂:၁၀နာရီတွင် တပ်မတော်အသည်းဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြေးမုံ ယနေ့ ဖတ်စရာ


**အာရှ- ပစိဖိတ်ဒေသတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် အာရှဖွံ့ဖြိုးရေးဘဏ် ထောက်ပံ့မည်**

စာမျက်နှာ » ၁၂

- - - - - - - - - - - - -

**ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃ ဒသမ ၄ သန်းကျော်ရှိလာ**

စာမျက်နှာ » ၁၃

- - - - - - - - - - - - -

**ရန်ကုန်တက္ကသိုလ်နှင့် ခဲရင့်ရောင် ပန်းချီကားတစ်ချပ်**

ဆောင်းပါး စာမျက်နှာ » ၁၄

- - - - - - - - - - - - -

**ဇန်နဝါရီ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၂၃ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၆

- - - - - - - - - - - - -

**ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်**

စာမျက်နှာ » ၁၉





# ကွမ်းခြံကုန်းမြို့နယ် ဖျားနာကုဆေးခန်း၌ ကိုဗစ်သံသယလက္ခဏာအပြင် အထွေထွေရောဂါများလည်း အခမဲ့ပြသနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကိုဗစ်-၁၉ ကပ်ရောဂါ ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော လူထုအခြေပြုဖျားနာကု အခမဲ့ဆေးခန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကွမ်းခြံကုန်းမြို့နယ် ဖျားနာကုဆေးခန်း၌ ကိုဗစ်သံသယလက္ခဏာအပြင် အထွေထွေရောဂါများလည်း အခမဲ့ပြသနိုင်မည်ဖြစ်ကြောင်း ယင်းဆေးခန်းမှ သိရသည်။

ယခင်က အဆိုပါဆေးခန်း၌ ကိုဗစ်သံသယလက္ခဏာများဖြစ်သည့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း၊ အသက်ရှူကျပ်ခြင်း၊ အနံ့ပျောက်ခြင်း စသည်တို့ကို အဓိကထား ကြည့်ရှုပေးခဲ့ပြီး ယခုအခါတွင် ကိုဗစ်သံသယလက္ခဏာမဟုတ်သည့် အခြားရောဂါများဖြစ်သော ဆီးချို၊ သွေးတိုး၊ ခေါင်းမူး၊ ဗိုက်အောင့် စသည့် အထွေထွေရောဂါများကိုပါ လက်ခံကြည့်ရှုကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကာလမှာ တချို့ဆေးခန်းတွေကလည်း ပိတ်ထားတာတွေရှိတော့ အထွေထွေပြဖို့အတွက် အခက်အခဲလေးတွေရှိတယ်။ အဲဒါကို အဓိကရည်ရွယ်ပြီး ကျွန်တော်တို့ ဆရာဝန်တွေနဲ့ We Love Kungyangon အဖွဲ့တို့ တိုင်ပင်ပြီးတော့ အထွေထွေကုအခမဲ့ဆေးခန်းလေး လုပ်ဖြစ်တာပါ။ ကိုဗစ်သံသယလက္ခဏာမရှိဘူး။ အခြားလက္ခဏာတွေဆိုရင် လိုအပ်ရင် ဆေးထိုးတာတို့လုပ်မယ်။ ခုတင်တွေလည်း ပြင်ဆင်ရတယ်"ဟု ကွမ်းခြံကုန်းမြို့နယ် ဖျားနာကုဆေးခန်းတာဝန်ခံ ဒေါက်တာဇမောင်မောင်သော်က ပြောသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂



# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၄၄ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ် ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက နေရပ်ပြန်ပြည်သူ ၄၄ ဦး ထပ်မံဝင်ရောက်လာခဲ့သည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၄ ဦးတို့မှာ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၁၅ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်မှ တစ်ဦး၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ်မှ နှစ်ဦး၊ နမ့်ဆန်မြို့နယ်မှ ၁၁ ဦး၊ နမ္မတူမြို့နယ်မှ ၁၀ ဦး၊ လားရှိုးမြို့နယ်မှ လေးဦး၊ ဟိုပန်မြို့နယ်မှ ကိုးဦးနှင့် ပန်လုံမြို့နယ်မှ လေးဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော် နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၄ ဦးမှ ချင်းရွှေဟော်မြို့နှင့် နီးကပ်လျက်ရှိသည့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်နှင့် ပန်လုံမြို့နယ်တို့မှ နေရပ်ပြန်ပြည်သူ ၁၃ ဦးတို့အား ဟိုပန်မြို့နယ်မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး ဟိုပန်မြို့နယ်သို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကာ ကျန်ရှိသည့် အခြားမြို့နယ်များမှ နေရပ်ပြန်ပြည်သူ ၃၁ ဦးတို့အား ချင်းရွှေဟော်မြို့ အမှတ်(၂) ရပ်ကွက် မြို့တော်ခန်းမတွင် ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ Rapid Test Kit ဖြင့် စစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာများ ရယူပြီး စစ်ဆေးနိုင်ရန် မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ဆက်လက်ပို့ဆောင်စစ်ဆေးသွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# ပေါ့ဘာရဲ့တစ်လုံးတည်းသော သွင်းဂိုးနဲ့ ဘန်လေအသင်းကို အနိုင်ရပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် မန်ယူအသင်း ဦးဆောင်နိုင်ခဲ့

ဘန်လေအသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၇)မှာ မန်ယူအသင်းက ကွင်းလယ်ကစားသမားပေါ့ဘာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ဘန်လေအသင်းကို အနိုင်ရရှိပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပါတယ်။

**ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့**

ဘန်လေအသင်းနဲ့ မန်ယူအသင်းတို့ဟာ ပထမပိုင်း ပွဲကစားချိန်အတွင်းမှာ ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ဒုတိယပိုင်း ပွဲကစားချိန် ၇၁ မိနစ်ရောက်မှသာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ရဲ့ ဖန်တီးပေးတဲ့ဘောလုံးကို ကွင်းလယ်ကစားသမား ပေါ့ဘာက ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တာကြောင့် မန်ယူအသင်း နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ အခုပွဲစဉ်မှာ ဂိုးဖန်တီးပေးမှု တစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့တာကြောင့် မန်ယူအသင်းရရှိခဲ့တဲ့ သွင်းဂိုးတွေထဲမှာ ၁၁ ဂိုးအထိ တိုက်ရိုက်ပတ်သက်မှု ရှိနေပြီး ခြောက်ဂိုးသွင်းယူပေးထားကာ ငါးဂိုးဖန်တီးပေးထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ နည်းပြ ဖာဂူဆန်လက်ထက် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီ ပရီမီယာလိဂ်ရရှိခဲ့ပြီးနောက် ပွဲစဉ်(၁၇)ပွဲ ကစားပြီးချိန်အတွင်း အမှတ်ပေးဇယားထိပ်ဆုံးကို ပထမဆုံးအကြိမ် ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပြီး ဘန်လေအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဇန်နဝါရီ ၁၇ ရက်မှာ လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ပရီမီယာလိဂ်ပွဲစဉ်(၁၈)အတွက်လည်း ယုံကြည်မှုအပြည့်အဝရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ လက်ရှိမှာ ရမှတ် ၃၆ မှတ်ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတဲ့ လက်ရှိ ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းကို သုံးမှတ်ဖြတ်ထားနိုင်ခဲ့ကာ ပရီမီယာလိဂ်ဖလားရရှိရေးအတွက် လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ကို ကျော်ဖြတ်နိုင်မယ်လို့လည်း ကွင်းလယ်ကစားသမား မာတစ်က လူသိရှင်ကြားပြောကြားခဲ့ပါတယ်။

ငွေကြယ်



ရွှေဝတီ
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ်(တောင်ပိုင်း၊ဆိပ်ကမ်း၊ မြောက်ပိုင်း၊အရှေ့ပိုင်း)
မြေကွက်များဝယ်လိုသည်။
၀၉-၄၃၁၅၉၉၁၄၉

အိုကွန်းအဟောင်းအပျက်များကို ဈေးကောင်းပေးဝယ်ခြင်းနှင့် အသစ်အဟောင်းလဲလှယ်တပ်ဆင်ပေးခြင်းများကို အထူး ဝန်ဆောင်မှုပေးနေပါသည်။
09445063969,09445036969

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်
## နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့်
## (၂၀၂၁–၂၀၂၂)အတွက် ဗဟိုကော်မတီဝင်ရွေးချယ်တင်မြှောက်ပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ(Virtual Zoom Conference)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားတိုင်း တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်–

ကျင်းပမည့်ရက် – ၃၀–၁–၂၀၂၁ရက်(စနေနေ့)
ကျင်းပမည့်အချိန် – နံနက်(၉:၀၀)နာရီ

Conference ID and Passcode ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ Website:www.mes.org.mmတွင် ၂၇–၁–၂၀၂၁ရက်တွင် ကြေညာပေးမည်ဖြစ်ပါသည်။

**မှတ်ချက်**
- မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ(Virtual Zoom Conference)တွင် ဗဟိုကော်မတီအသစ်ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် Fellow(အကြီးတန်း)၊ Member(အသင်းသား)၊ Associate (တွဲဖက်အသင်းသား) အသင်းဝင်အဆင့်ရှိပြီး ၂၀၂၁ ခုနှစ်ထိ နှစ်စဉ်ကြေးပေးသွင်းပြီး အသင်းသားများသည် ဗဟိုကော်မတီဝင်အသစ်များ ရွေးချယ်ရာတွင် Onlineမှ ဆန္ဒမဲပေးရမည်ဖြစ်ပါ၍ ထိုသို့ဆန္ဒမဲပေးရန်အတွက် ကြိုတင်ပြီး online registration ပြုလုပ်ရန်နှင့် အသင်းဝင် သက်တမ်းတိုးရန်တို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ Website:www.mes.org.mm တွင် ကြည့်ရှုဆောင်ရွက်နိုင်ပါသည်။
- ဗဟိုကော်မတီဝင်အဖြစ် အဆိုပြုထားသူများသည် ၃၀–၁–၂၀၂၁ရက်၊ နံနက်(၉:၀၀)နာရီမှစပြီး ဗဟိုကော်မတီဝင်များ ရွေးချယ်ပြီးသည်အထိ Onlineတွင် ရှိနေရမည်ဖြစ်ပါသည်။
- ဗဟိုကော်မတီဝင်အဆိုပြုလျှောက်လွှာတင်သွင်းရန် နောက်ဆုံးရက်အား ၂၃–၁–၂၀၂၁ရက်၊ ညနေ(၅:၀၀)နာရီ အထိ တိုးမြှင့်ထားပါသည်။
- ဗဟိုကော်မတီဝင်အဆိုပြုလျှောက်လွှာကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် Website:www.mes.org.mm တွင် download ရယူနိုင်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**
**ဖုန်း–၀၁–၅၁၉၆၇၃~၇၆**

## Online မှ အလှူငွေများ
## တိုက်ရိုက်လှူဒါန်းနိုင်ကြောင်းကြော်ငြာခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူမှုကရုဏာလုပ်ငန်းများကို ကြက်ခြေနီအခြေခံမူ (၇)ချက်နှင့်အညီ ဘေးအန္တရာယ်ခံစားနေရသော အကျိုးခံစားခွင့်ရှိသူများထံသို့ အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ယခုအခါ 2C2P Pte Ltd ၏ Payment Gateway ဝန်ဆောင်မှုပံ့ပိုးကူညီမှုဖြင့် Online မှ အလွယ်တကူ လှူဒါန်းနိုင်ပြီဖြစ်ပြီး လှူဒါန်းမှုပြီးမြောက်သည်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား download ရယူ၍ ပြန်လည်လက်ခံရရှိမည်ဖြစ်ပါသည်။

လူမှုကရုဏာပံ့ပိုးကူညီမှုများအတွက် လှူဒါန်းလိုပါက https://redcross.2c2p.com/ သို့ ဝင်၍ မိမိလှူဒါန်းလိုသည့်ခေါင်းစဉ်နှင့် ငွေပမာဏတို့အား ရွေးချယ်၍ လှူဒါန်းနိုင်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအကြောင်း ပိုမိုသိရှိလိုပါက အသင်း Website ဖြစ်သည့် www.redcross.org.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**အသင်းရုံးချုပ်– ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**
**အသင်းရုံးခွဲ – အမှတ် (၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

LIGHTHOUSE
ဒဂုံမြို့သစ်(ဆိပ်ကမ်း)
(တောင်ပိုင်း)၊ (မြောက်ပိုင်း)၊
(အရှေ့ပိုင်း)
မြေကွက်များဝယ်ယူလိုပါသည်။
"ပွဲခ(လုံးဝ)ပေးရန်မလိုပါ။"
09-424206633
09-424206644

**စမ်းချောင်းမြို့နယ်၊ ကျွန်းတော/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၅၇)ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက် အဆောက်အဦ၏ (၃–လွှာ)၊ (ခေါင်းရင်းခန်း)(၁၂ ½ x ၅၀)ပေ တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား တရားဝင်စာချုပ်စာတမ်းအဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ချိုချိုသင်း [၁၂/စခန(နိုင်)၀၂၆၀၉၇]မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းအပေါင်အနှံ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B, (ADVOCATE)**
**တရားလွှတ်တော်ရှေ့နေ စဉ်–၃၁၄၈/၁၃–၅–၁၉၈၅**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09 7999 339 39, 09 789877799, 09 777797911**




ကမ္ဘာနှင့်အဝှမ်း ဖြစ်ပွားလျက်ရှိသော ရောဂါတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း တစ်နေ့ထက်တစ်နေ့ အဖြစ်များလာသည့်အတွက် အဆိုပါရောဂါကို ကာကွယ်ရန်နှင့် ကုသနိုင်သည့် နည်းလမ်းများကို ရေးသားဖော်ပြထားပါသည်။

ဆီးကျောက်တည်ရောဂါ
(စတုတ္ထအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)

ကျန်းမာသုတစာအုပ်များ အားလုံးကို ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ။
09-75 272 1908, 09-75 273 1908, 09-95 426 1908, 09-95 427 1908

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ဦးတင်အောင်အမည်ပေါက် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၂၅၄/ခ)၊ မြေအကျယ်(အလျားပေ၂၀xအနံပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ (၆)အရှေ့ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ်(၁၂၅၄–ခ)ဟုခေါ်တွင်သော နေအိမ်တို့ကို ၎င်းတို့ကသာအမွေဆက်ခံပိုင်ဆိုင်ပြီး အခြားအမွေစားအမွေခံအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးလှခင်[၁၂/သကတ(နိုင်)၀၈၁၃၀၅]၊ ဒေါ်တင်တင်ဝင်း[၁၂/သကတ(နိုင်)၀၁၇၄၁၇]၊ ဒေါ်တင်စန်း[၁၂/သကတ(နိုင်)၀၁၁၀၄၉]၊ ဦးတင်ရွှေ[၁၂/သကတ(နိုင်)၁၀၃၆၅၈]၊ ဒေါ်အေးသိန်း[၁၂/သကတ(နိုင်)၀၀၈၅၆၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းနိုင် B.Sc, H.G.P, P.G.D.L(Online)**
**အထက်တန်းရှေ့နေ(စဉ်–၁၇၆၀၅/၈၉)**
**အမှတ်(၁၃၂)၊ ပ–ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၄၀၁၆၈၄၊ ၀၉–၇၈၅၄၀၁၆၈၄**




ကျောက်ကပ် နှင့် ဆီးလမ်းကြောင်းတွင် ကျောက်တည်ခြင်း အတွက်

ဆီးကျောက်ပျော်ဆေး FAME

ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ။
09-75 272 1908, 09-75 273 1908
09-95 426 1908, 09-95 427 1908

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် –
TMR 006245 (0720)

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
## ၂၀၂၀–ပြည့်နှစ်၊ တရားမကြီးမှုအမှတ်–၂၀၃ နှင့် ဆက်နွှယ်သည့် ၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်–၂၇၁

| | | |
|---|---|---|
| ဒေါ်ဇာဇာဝင်း | နှင့် | ၁။ ဦးလှထွန်း |
| | | ၂။ ဒေါ်တင်လှိုင် |
| | | ၃။ ဒေါ်ရိုစီလာ(ခ) ဒေါ်အေးအေးမြင့် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် ၄၈၉၊ (ပထမထပ်)(ခြေရင်းခန်း)နေ (၁) တရားရှုံး ဦးလှထွန်း၊ (၂) တရားရှုံး ဒေါ်တင်လှိုင်နှင့် (၃) တရားရှုံး ဒေါ်ရိုစီလာ(ခ) ဒေါ်အေးအေးမြင့် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၂၀၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်[၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်] မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ(၁၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စန်းဝင်း)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**Myo Naing Nine Group of Companies**

**Naing-Nine သံချောင်း နှင့် ဘိလပ်မြေ ဖြန့်ချိရေး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၄-၁-၂၀၂၁) ရက်၊ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် -၁/ ၂၀၂၁ ဖြင့်မြန်မာနိုင်ငံတော်အစိုးရမှ ဘာသာ သာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ပြီး မြတ်ဗုဒ္ဓ၏ သာသနာအတွင်း၌ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ အဖြစ် စဉ်ဆက်မပြတ် လှူဒါန်းသည့် လှူဒါန်းသူများ ကို ချီးမြှင့်ပေးသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဖြစ်သည့် -

"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" — မိခင်ကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်

"သီရိသုဓမ္မဇောတိကဓဇဘွဲ့" — ဦးမျိုးမြင့် (ဥက္ကဋ္ဌ)
(Myo Naing-Nine Group of Companies)

"သီရိသုဓမ္မသိင်္ဂီဘွဲ့" — ဒေါ်သန္တာဝင်း (ဒုဥက္ကဋ္ဌ)
(Myo Naing-Nine Group of Companies)

တို့အား အသီးသီးချီးမြှင့်ခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်မိပါကြောင်း နှင့် နိုင်ငံ အကျိုး သာသနာအကျိုးတို့ကိုကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင် သော မိသားစုများဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Myo Naing-Nine Group of Companies**

**မန်နေဂျာ နှင့် ဝန်ထမ်းမိသားစုများ**

